# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )

[သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၄၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
# ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ အစည်းအဝေး တက်ရောက်နိုင်ခြင်း မရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်များကို ဖတ်ကြားပြပါ့မယ်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခင်မောင်လေး၊ ပဲခူး(၈)၊ ကျန်းမာရေး၊ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး၊ ဦးတင်ဝင်း၊ မကွေး(၈)၊ ကျန်းမာရေး၊ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ပြည်ပခရီး၊ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမည့်သူများအား ကိုယ်တိုင်ရှင်းလင်းရန်၊ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းမောင်၊ မန္တလေး(၄)၊ နာရေးကိစ္စကူညီဆောင်ရွက်ရန်၊ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး၊ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ လူမှုရေးကိစ္စ၊ ဦးဖေသောင်း၊ ကချင်(၆)၊ ကျန်းမာရေး၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး၊ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး၊ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ သားရှင်ပြုရန်၊ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး၊ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး၊ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ ဖခင်နာရေး၊ နေ့လယ်ပိုင်း ခွင့်ပန်ကြားသူများ၊ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ နာရေးကိစ္စ၊ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ နာရေးကိစ္စ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ဖြစ်၍ လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၀)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကြယ်ပွင့်ပြထားသော မေးခွန်းကိုမေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**သမိုင်းသုတေသန မှန်ကန်လုံလောက်စွာ မပြုလုပ်ရသေးဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော တို့အရေး(၃)ပါးကို ထိပါးနိုင်သည့် လုပ်ဆောင်ချက်များကို တားဆီး သင့်/မသင့် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး က သမိုင်းသုတေသန မှန်ကန်လုံလောက်စွာ မပြုလုပ်ရသေးဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော တို့အရေး(၃)ပါးကို ထိပါးနိုင်သည့် လုပ်ဆောင်ချက်များကို တားဆီး သင့်/မသင့် နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် အမှတ်(၇) မဲဆန္ဒနယ်မြေ၊ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ သမိုင်းသုတေသန မှန်ကန်လုံလောက်စွာ မလုပ်ရသေးဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော တို့အရေး(၃)ပါးကို ထိပါးနိုင်သည့် လုပ်ဆောင်ချက်များကို တားဆီး သင့်/မသင့် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွင့်ရလို့ အထူးပဲ ဝမ်းသာပါတယ်။ အထူးပဲ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထွန်းဖောင်ဒေးရှင်းရဲ့ ကူညီပံ့ပိုးမှုဖြင့် ပျူလူမျိုးနဲ့ ပျူနိုင်ငံတော် သုတေသန စာတမ်းဖတ်ပွဲကို ဒီနိုဝင်ဘာလကုန်ပိုင်းလောက်မှာ လုပ်မယ်လို့ ကျွန်တော်တို့ မီဒီယာကတစ်ဆင့် သတင်းအချက်အလက်အရ သိရပါတယ်။ စာတမ်းဖတ်ပွဲ နောက်ဆုံးနေ့မှာ စာတမ်းဖတ်သူတို့ သဘောတူညီချက်ကို ထုတ်ပြန်ကြေညာမယ်လို့ ကြားထားရပါတယ်။ ပျူလူမျိုးတို့ တိုင်းရင်းသားနယ်မြေတို့တွင် ပျံ့နှံ့နေထိုင်ပြီး ယခင်သမိုင်းပညာရှင်များ၊ မြန်မာပညာရှင်များ အပါအဝင် ရေးသားထားတဲ့သမိုင်း တိုင်းရင်းသားတို့ရဲ့ ရှေးယခင်က ယုံကြည်လက်ခံထားတဲ့ သမိုင်းတို့ကို ပြောင်းပြန်လှန်ပြီး အားလုံး ပျူနိုင်ငံထဲမှာ ပါဝင်ပြီး

ပျူသမိုင်းအဖြစ် ပြောင်းလဲတဲ့ အယူအဆကို အတင်းဆွဲသွင်းမည်လို့ ကြိုတင်သိရှိထားပါတယ်။ အရှေ့တောင်အာရှမှာ ဘီစီ ၁၄၀၀၀၊ ၁၂၀၀၀ ခရစ်တော် မပေါ်ခင် နှစ် ၁၄၀၀၀၊ ၁၂၀၀၀ မှာ အရှေ့တောင်အာရှမှာ ဂူ၊ ကျောက်အရိပ်တို့မှာ လူတွေက နေထိုင်ကြတယ်။ တောလိုက်တဲ့ ပစ္စည်းကိရိယာ၊ ငါးဖမ်းတဲ့ ပစ္စည်းကိရိယာတွေကိုလည်း တွေ့ခဲ့ရပါတယ်။ အဲဒီခေတ်က၊ ဘီစီ ၉၀၀၀ လောက်မှာ လူသုံးပစ္စည်းကိရိယာ တိုးတက်လာတယ်။ စပါး၊ ပိန်းတို့ကို စိုက်ပျိုးလာကြတယ်။ ဝက်မွေးမြူလာကြတယ်။ ဘီစီ ၇၀၀၀ နဲ့ ၆၅၀၀ မှာ ကျွဲ၊ နွား မွေးမြူပြီး စပါးစိုက်ပျိုးမှု ပိုမိုတိုးတက်လာတယ်။ ဘီစီ ၃၅၀၀၊ ၃၀၀၀ မှာ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းမှာ ကြေးနီ အသုံးအဆောင်ပစ္စည်းတွေ တွေ့ခဲ့ရပြီးတော့ မွန်ခမာယဥ်ကျေးမှု ဖြစ်တယ်လို့ ပညာရှင်တွေက သတ်မှတ်ခဲ့ကြတယ်။

ဘီစီ ၁၀၀၀ မှာ ကြေးနီစည်ပုံး (Bronze Drum) ကို ထိုင်းနိုင်ငံမှာ တွေ့ရတယ်။ ပညာရှင်တွေက အဲဒီအချိန်ကစပြီးတော့ အရှေ့တောင်အာရှဟာ သမိုင်းအကြိုကာလ (Protohistory)ကို ရောက်လာတယ်လို့ သတ်မှတ်ကြတယ်။ ထိုအချိန်မှာ မွန်တို့စာပေမှာ တွေ့ရတဲ့ သမိုင်းအရေးအသားကတော့ သုဓမ္မဝတီ ပထမသထုံမြို့ကို တည်ပြီး မင်းဆက် ထူထောင်တဲ့ အချိန်ကာလ ဖြစ်ပါတယ်။ ပျူနဲ့ ဗမာ အတူတူဖြစ်ကြောင်းကို လိုရာဆွဲပြီး မဟာလူမျိုး အယူအဆဖြစ်လာရန် တွန်းပို့ပေးသလို ဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနကို မြန်မာနိုင်ငံ အလယ်ပိုင်းမှာသာ အဓိကထားပြီး တူးဖော်နေကြပါတယ်။ ရှေးကျတဲ့ သထုံသမိုင်း၊ ဟံသာဝတီ သမိုင်းသုတေသန အေဒီ ၁၃ ရာစုမှ မုတ္တမ၊ ပဲခူးသမိုင်း အောက်မြန်မာပြည် နေရာအနှံ့အပြား မှာရှိတဲ့ မြို့ဟောင်းကိုလည်း သုတေသန မလုပ်ရသေးပါ။ ပျူနဲ့ပတ်သက်၍ ဗိဿနိုး မြို့ဟောင်းဟာ ရှေးဟောင်းသုတေသနအရ အေဒီ ၅ ရာစုအထိ တည်တံ့ခဲ့တယ်။

အေဒီ ၂၁၀-၂၁၅ လောက်မှာ မွန်ခမာအင်ပါယာမှ ခမာဘုရင်သီရိမာမင်းလက်ထက်မှာ ခမာအင်အား ကောင်းချိန်ဖြစ်တဲ့အတွက်ကြောင့် လာသိမ်းတယ်။ ပျူအုပ်ချုပ်သူ တချို့ ဟန်လင်းကို ပြောင်းရွှေ့သွားရတယ်။ အချို့က တောင်ဘက်သရေခေတ္တရာဘက်ကို ရွှေ့ပြောင်း သွားကြတယ်။ ဘုရင်သီရိမာနဲ့ သားတော်သုဝဏ္ဏဇီဝ နတ်ရွာစံပြီးတဲ့အချိန် ခမာတပ်များ ဆုတ်ခွာခဲ့တယ်။ စစ်တောင်းမြစ်အကြေမှ မွန် မဲနမ်မြစ်ဝှမ်း ဒွါရဝတီမှ မွန်တို့ အစားဝင် လာတယ်။ အဲဒီခေတ်က တရုတ်သံတမန် ဖူနန် (မွန်၊ ခမာ အင်ပါယာ)ကိုရောက်တော့ ဗိဿနိုးကို ခမာတို့က ရာမညပူရ ရာမညနာဂရလို့ခေါ်တဲ့အတွက်ကြောင့် တရုတ်တို့က တရုတ်အသံနဲ့

လင်းယန်လို့ပဲ မှတ်ကြတယ်။ အိန္ဒိယကလည်း ဒီလိုပဲ ခေါ်ကြတယ်။ ပျူနဲ့ မွန် ပြေလည်လို့ ဖြစ်မယ်။ နောက်ပိုင်းမှာ ဗိဿနိုးကနေပြီးတော့ သရေခေတ္တရာမြို့ကို ပြောင်းပြီး ပျူနိုင်ငံ ဆက်လက်ရပ်တည်ခဲ့ပါတယ်။

မွန်သမိုင်းမှတ်တမ်းမှာ ဒွတ်တဘောင်မင်းက ကျိုက်လဂုန်ခေါ် ရွှေတိဂုံဘုရားရဲ့ ဓာတ်တော် ရယူရန်ကြိုးစားခဲ့ဖူးပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ ပျူသမိုင်းကို ဂဃနဏ သေသေချာချာ သုတေသနလုပ်ရန် လိုသေးတယ်။ ရှေးမွန်နိုင်ငံနဲ့ ပျူနိုင်ငံဟာ နယ်နိမိတ်ချင်း ထိစပ်နီးကပ်နေတယ်။ စာပေကလွဲလို့ စီးပွားရေး၊ လူမှုရေး ဆက်ဆံမှုများ များပြီး ယဉ်ကျေးမှုရော ရောနှောနိုင်ပါတယ်။ နယ်စပ်တစ်ဝိုက်မှာ သဘာဝအတားအဆီးမရှိတဲ့အတွက်ကြောင့် ရောရောနှောနှောလည်း နေထိုင်နိုင်ပါတယ်။ အေဒီ ၂၀၁၁၊ ဒီ ၂၀၁၁ ခုနှစ် ကျွန်တော်တို့ လွှတ်တော် စဖွင့်အချိန်မှာ ကြေးမုံသတင်းစာမှာ နေပြည်တော်တစ်ဝိုက် သမိုင်းသုတေသန ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခဲ့ရပါတယ်။ တွေ့ရတဲ့ ရှေးဟောင်းအထောက်အထားအရ နေပြည်တော်နယ်မြေမှာ ပျူယဉ်ကျေးမှုနဲ့ မွန်ယဉ်ကျေးမှုတို့ ထွန်းကားခဲ့တယ်လို့ ရေးထား ပါတယ်။ ဒီနေ့မှာတော့ ကျွန်တော် လက်တွေ့ငါးသုံးမျိုးဟာ မွန်နာမည်ဖြစ်နေတာကို တွေ့ရ ပါတယ်။ ဘာလဲဆိုတော့ ကကတစ်၊ ကသပိုး၊ ငါးဂဠုန်တို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းဟာ ပျူနှင့်ဗမာ ယဉ်ကျေးမှုကိုသာ သုတေသန လုပ်နေပြီး အခြားတိုင်းရင်းသားတို့ရဲ့ သမိုင်းယဉ်ကျေးမှုကို လုံးဝမတူးဖော် သုတေသန မလုပ်ရသေးသလောက် ဖြစ်နေပါတယ်။ ပျူနှင့်ဗမာတူလျှင် ပုဂံမှာ ပျူစာကို ဘာကြောင့် မသုံးသလဲ။ ပျူစာမှ ဗမာစာအဖြစ်ကို တိုးတက်ပြောင်းလဲမှု (Evolution) မဖြစ်ပေါ်လာခဲ့ပါ။ မွန်စာမှ ဗမာစာအဖြစ်ကို Evolution ဖြစ်လာတယ်။ ဒီအချက်ဟာ ပျူနဲ့ဗမာ ဘာသာစကား မတူကြောင်းကို ပြတယ်။ မွန်သမိုင်းဟာ ဗုဒ္ဓဘာသာသမိုင်း၊ ဓာတ်တော်စေတီတော် ဘုရားသမိုင်းတို့နဲ့ ဒွန်တွဲနေပါတယ်။ မွန်သမိုင်းကို ထိပါးပါက ဘာသာကိုးကွယ်မှုပါ ထိခိုက်မှု ရှိတဲ့အတွက် မွန်လူမျိုးသာမက ဗုဒ္ဓဘာသာကိုးကွယ်သူတို့မှာ နက်ရှိုင်းတဲ့ ထိခိုက်မှု ဖြစ်လာမယ်။ ဘုရားသမိုင်း၊ ဗုဒ္ဓသမိုင်းတို့ကို မွန်ဘာသာဖြင့် အများအပြား ရေးသားထားတယ်။ အဲဒီအတိုင်းပဲ ဗမာဘာသာနဲ့ ရေးထားကြတယ်။ အတူတူပဲ ဖြစ်နေပါတယ်။

ရှေးက အလျှုအတမ်းမှတ်တမ်းအဖြစ် အုတ်ခွက်စာ၊ ကျောက်စာ၊ ခေါင်းလောင်းစာ၊ ကြေးပြားစာများတို့ကို မွန်ဘာသာဖြင့် အများအပြားရေးထားပါတယ်။ အနော်ရထာမင်း

လက်ထက်က မွန်ဘာသာနဲ့ အုတ်ခွက်စာ ရေးထားတာ နိုင်ငံအနှံ့မှာ တွေ့ကြပါတယ်။ တွေ့ခဲ့ရပါတယ်။ ဟံသာဝတီခေတ် မွန်ဘုရင်မကြီးရှင်စောပုနဲ့ ဓမ္မစေတီမင်းတို့ကတော့ ကျောက်စာကို မွန်ဘာသာနဲ့ မြန်မာဘာသာ နှစ်ဘာသာစလုံးကို ရေးထိုးထားတယ်။ ဥပမာ ရွှေတိဂုံကျောက်စာ၊ ကလျာဏီကျောက်စာ၊ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး မြတ်စွာဘုရား သထုံ သုဝဏ္ဏဘူမိကို ရောက်သည့်အကြောင်း ဟင်္သာဖို၊ ဟင်္သာမကို အစွဲပြုပြီး ဟံသာဝတီကို သာသနာထွန်းကားရာမြို့တော်ဖြစ်လာမယ်လို့ ဗျာဒိတ်ပေးခဲ့တဲ့အကြောင်းတို့ ရှိခဲ့ပါတယ်။

ယနေ့အထိ မွန်၊ ဗမာဘာသာဗုဒ္ဓယဉ်ကျေးမှုမှာ စေတီအနားရှိ တံခွန်တိုင်မှာ ဟင်္သာရုပ်ကို ထားရှိတယ်။ ထူးထူးခြားခြားပဲ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် သာယာကုန်း ရွာသစ်မှာရှိတဲ့ အဲဒီကျွန်တော်တို့အဆောင်နဲ့ကပ်လျက် ဖိတ်ဖိတ်ရောင်စေတီမှာ၊ အရံစေတီမှာ ကပ်ထားတဲ့ ရွှေဟင်္သာရုပ် လေးဖက်လေးတန် ရှိတယ်။ စေတီတော်ရဲ့ ထီးတော်မှာ၊ ငှက်မြတ်နားအောက်မှာ ဟင်္သာရုပ် ခံထားတာ ရှိတယ်။ နာဂစ်မုန်တိုင်းကြောင့် စိန်ဖူးတော် ကြွေခဲ့လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ယခု ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူးကနေ ယခု ဒုတိယဥက္ကဋ္ဌ ဖြစ်သွားတယ်လို့ ကြားသိပါတယ်။ ဦးဌေးဦး စိန်ဖူးတော်တင်တဲ့ လပွတ္တာမှာ ရှင်စောမြတ်စေတီမှာ၊ ငှက်မြတ်နားအောက်မှာ ရွှေဟင်္သာရုပ်ပါ။ စိန်ဖူးတော်တင်ပြီး မိနစ်(၂၀)မှာ ရောင်ခြည်တော် (၆)ရောင်ဖြင့် ရောင်ခြည်တော် လွှတ်တယ်။ ဒါကတော့ ကျွန်တော် CD မှာ တွေ့ရတယ်။ အဲဒီစေတီတော်ကို ဘုရင်မကြီးရှင်စောပု တည်ထားကိုးကွယ်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ အများအားဖြင့် ဘုရင်မကြီးရှင်စောပုဟာ စေတီဟောင်း၊ ဘုရားဟောင်းကို ပြင်တာများတယ်။ သထုံတွင် ဗုဒ္ဓနိမိတ်ဆင်းတုတော်ကို မြတ်စွာဘုရားက ဖန်ဆင်းခဲ့တယ်။ လက်ရှိ မွန်ပြည်နယ် ကျိုက်မရော ဗုဒ္ဓရုပ်ပွားတော်သည် ဗုဒ္ဓနိမိတ်ဆင်းတုတော်နဲ့ အလားတူတယ်။ ထိုင်းနိုင်ငံမှာလည်း ထူးခြားတဲ့ ရှေးဟောင်းမွန်ဗုဒ္ဓရုပ်ပွားတော်ကို မွန်လက်ရာဖြင့် လုပ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူရှိတယ်။ ထူးခြားတဲ့အနေအထားဟာ ဗုဒ္ဓနိမိတ်မြတ်စွာဘုရား ဖန်ဆင်းတဲ့ ဗုဒ္ဓနိမိတ်နဲ့ ဆင်ပါတယ်။ တတိယသင်္ဂါယနာတင်ပြီး သောဏထေရ်၊ ဥတ္တရထေရ် သထုံသို့ ရောက်ရှိပြီး မနုဿီဟ ဖန်ဆင်းတဲ့အကြောင်းကို ယနေ့အထိ ဘုရားစေတီတွေမှာ မနုဿီဟကို တွေ့ရပါတယ်။ ပုဂံဘုရားမှာတောင်မှ ကျွန်တော် ရောက်သွားတုန်း သွားတွေ့ရတယ်။ ရွှေတိဂုံ ဘုရားမှာ မနုဿီဟတွေ့ရတဲ့အပြင် ရွှေတိဂုံဘုရား မီးသတ်တပ်ဖွဲ့ရဲ့ အမှတ်တံဆိပ်ဟာ

မနုဿီဟရုပ် ဖြစ်ပါတယ်။ ရှင်သောဏထေရ်နှင့် ဥတ္တရထေရ် သာသနာ ပြုရာဌာန သုဓမ္မပူရ သထုံကို သုဝဏ္ဏဘူမိအဖြစ် ဖော်ပြကြပါတယ်။ အိန္ဒိယယဉ်ကျေးမှု ရောက်ရှိရာ အရှေ့တောင်အာရှ မြေပုံတွင်လည်း သုဝဏ္ဏဘူမိကို သထုံဟု ဖော်ပြထားပါတယ်။ အိန္ဒိယနဲ့တရုတ်ခေတ်ဦး ဆက်သွယ်မှုမြေပုံတွင်လည်း သုဝဏ္ဏဘူမိကို သထုံပင် ဖော်ပြထား ပါတယ်။ သီရိလင်္ကာ ကျောက်စာမှာ သောဏထေရ်နှင့် ဥတ္တရထေရ် သုဝဏ္ဏဘူမိ ရောက်တဲ့ အကြောင်းကိုလည်း ဘီးလင်းမြို့နားမှာ ကျိုက်ထီးဆောင်းစေတီ ရှိတယ်။ ရဟန္တာတွေရဲ့ ခြေရာရှိတယ်။

နောက်ပြီးတော့ ရဟန္တာ ရေချိုးတဲ့နေရာ၊ သိတင်းသုံးတဲ့ကျောင်း ဒါကအစ ရှိပါတယ်။ ဒီကနေ့အထိ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေက ယုံကြည်ကိုးကွယ်နေပါတယ်။ သထုံသုဝဏ္ဏဘူမိသို့ သောဏထေရ်နှင့် ဥတ္တရာထေရ်တို့ ကြွရောက်သာသနာပြုတဲ့ အကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက ဒါ ဗမာဆရာတော်၊ ကျွန်တော်တို့ မွန်ဆရာတော် မဟုတ်ဘူး။ တတိယတစ်ချက်၊ ဆင်းတက်လာမှ အထက်ခြားပိုင်း၊ ကိုးတိုင်းဌာန ဝေပုံကျတွင်၊ တစ်ပါးဝင်၍ အရှင်သောဏ၊ ဥတ္တရတို့ စတုတ္တတရပ် ထပ်၍ တစ်ဖန်ပြုပြန်ကြရာ သုဓမ္မာပူရ သုဝဏ္ဏဘုံ သထုံမည်သီး မွန်ပြည်ကြီးလျှင်၊ နန်းထီးမယုတ် တိုင်းသီးထုတ်၍၊ ပုရုတ္တမ ဗုဒ္ဓသာသနာ၊ တည်ရာ အစစ်အမှန်သည် တက်သစ်နေမင်း၊ သရေတည်းဟု ကဗျာ စပ်ဆိုခဲ့တယ်။

အရှင်သောဏထေရ် ဥတ္တရထေရ်မှ ဆင်းသက်လာတဲ့ဆရာစဉ် (၁၀)ဆက်ကို မှတ်တမ်းမှာ တွေ့ရပါတယ်။ (၇)ဆက်မြောက် အရှင်အနောမဒဿီလက်ထက်တွင် အရှင်မဟာ ဗုဒ္ဓဃောသ သီဟိုဠ်ကျွန်းကို ပိဋကတ်သုံးပုံကို မဂဓဘာသာ၊ ပါဠိဘာသာနဲ့ ပြန်ဆိုခဲ့တယ်။ ကျမ်းစာပေအသစ်ကိုလည်း ရေးခဲ့တယ်။ သီဟိုဠ်နိုင်ငံမှာ အရှင်မဟာဗုဒ္ဓဃောသ ပိဋကတ်သုံးပုံ ရေးတဲ့အခါမှာ ထွက်လာတဲ့ ပေအစတွေကို ပေရွက်ရဲ့အစကို စုဆောင်းပြီးတော့ စေတီတည်ထားတာ ရှိတယ်။ ကျမ်းများကို သီဟိုဠ်နိုင်ငံမှာတစ်စုံပေးပြီး တစ်စုံကို သထုံပြည်သို့ အရောက်ယူလာတယ်။ အရှင်မဟာဗုဒ္ဓဃောသ သင်္ဘောခန့်မှန်းရက်အတွင်းမှာ မရောက် လာတဲ့အတွက်ကြောင့် တော်သလင်းလပြည့်နေ့မှာ သထုံဘုရင်နဲ့ မြို့သူ၊ မြို့သားတို့ သင်္ဘောငယ် လုပ်ပြီးတော့ အဲဒီသင်္ဘောပေါ်မှာ ဆွမ်းအမျိုး(၁၀၈)ပါးနဲ့ ဆွမ်းကပ်ကြပါတယ်။ ပိဋကတ်သုံးပုံ တင်ဆောင်လာသော အရှင်မဟာဗုဒ္ဓဃောသနဲ့ သင်္ဘောသားတို့ကို မေတ္တာပို့ကြတယ်။ ယတြာချေကြတယ်။ ယနေ့အထိ မွန်ပရိယတ္တိ စာသင်တိုက်တွေမှာ

လုပ်နေကြပါတယ်။ ပိဋကတ်သုံးပုံ သထုံကိုရောက်တဲ့ အထိမ်းအမှတ်အဖြစ် လုပ်နေကြပါတယ်။ အရှင်မဟာဗုဒ္ဓဃောသ သင်္ဘောဆိုက်ကပ်တဲ့နေရာမှာ ဖောင်တော်ဦးစေတီ တည်ထားတာ ယနေ့အထိ ရှိပါတယ်။ အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်ကျွန်းကို သုံးရာစု အကုန်မှာသွားပြီး လေးရာစု အကူးမှာ ရောက်လာတယ်။ ပလ္လဝအက္ခရာကို သုံးနေတဲ့မွန်စာမှာ သက္ကဋဘာသာ ကနေ မဂဓဘာသာကို ပြောင်းလာတာ။ ယေဓမ္မာဂါထာကို ထိုင်းနိုင်ငံ နခုံပဓုံမှာ တွေ့ရတယ်။ အဲဒီအချိန်၊ နောက်ပြီးတော့ ရန်ကုန် ဗိုလ်တစ်ထောင်မှာ တွေ့ရပါတယ်။ သမိုင်းပညာရှင်တို့က လေးရာစု၊ ငါးရာစုက ရေးသားခဲ့တယ်လို့ သတ်မှတ်ကြတယ်။ အရှင်မဟာဗုဒ္ဓဃောသ ပိဋကတ်သုံးပုံ ယူဆောင်လာသည့် ခေတ်ကာလနှင့် ကိုက်ညီပါတယ်။ ခေတ်ပြိုင်အနေနဲ့ ပျူနိုင်ငံ၊ ရခိုင်နိုင်ငံတို့မှာလည်း ကိုယ်ပိုင်စာဖြင့် ယေဓမ္မာဂါထာကို ရေးထားကြပါတယ်။

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့ အရှေ့တောင်အာရှနဲ့ သီရိလင်္ကာနိုင်ငံတို့မှာ အရှင်မဟာဗုဒ္ဓဃောသရဲ့ ပိဋကတ်သုံးပုံ မူကိုသာ လက်ခံပြီးတော့ သင်ကြားပို့ချ ရပါတယ်။ အရှင်မဟာဗုဒ္ဓဃောသရဲ့ ဝိနည်းအဋ္ဌကထာမှနေပြီးတော့ ဗုဒ္ဓဘာသာ၊ ထိုင်းဥပဒေ ထွက်လာ တယ်လို့ ကမ္ဘာ့သမိုင်း၊ ဥပဒေသမိုင်း လေ့လာတဲ့ ပညာရှင် Andrew Hensley က ကောက်ချက်ချပါတယ်။ သူက အရှင်မဟာဗုဒ္ဓဃောသ ထေရဝါဒဗုဒ္ဓသာသနာမှာ နာမည်ကြီးထင်ရှားတာဟာ ရိုမန်ကက်သလစ်ခရစ်ယာန်ဂိုဏ်းမှာ St.Thomas Aquinas ထင်ရှားကျော်ကြားတာထက် ပိုတယ်လို့ ရေးသားခဲ့ပါတယ်။ အရှင်မဟာဗုဒ္ဓဃောသလက်ထက်မှ စပြီး မွန်ဘာသာဖြင့် ရေးထိုးတဲ့ အုတ်ခွက်စာများ၊ ကျောက်စာများ၊ ရုပ်ပွားတော်မှာ ရေးတဲ့ စာများကို ပိုမိုတွေ့ရှိရတယ်။ နောက်ပြီးတော့ အဆက်ဆက် Evolution ဖြစ်လာတာဟာ ပုဂံခေတ် အထိ ဖြစ်ပါတယ်။ ယနေ့အထိလည်း အဆက်မပြတ် Evolution ရှိခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄၊ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရ။ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း တစ်မျိုးမျိုးပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်လို့ ဖွင့်ဆိုထားပါတယ်။ ပျူလူမျိုးနှင့် ပျူနိုင်ငံတော် သုတေသနစာတမ်းဖတ်ပွဲဟာ ဒီပုဒ်မကို ငြိစွန်းမည်လို့ ကြိုတင်

C:\Users\user\Desktop\meeting\ပထမအ□ကိမ□အမ်ိဳးသားလ□တ□တော□ပဥ□မပုံမှန□အစည□းအေဝး မှတ္တမ□းမ်ား\5th Meeting Record\Nov Records\23-11-2012(15)Meeting\23-11-2012 (15)Meetting.docx

သိရှိပါတယ်။ ဒီသုတေသနစာတမ်းဖတ်ပွဲဟာ အခြားတိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုများကို ထိပါးတဲ့အတွက် အခြေခံဥပဒေပုဒ်မ ၃၆၅ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိ၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ၊ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများအချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့် ရှိသည်လို့ ဖွင့်ဆိုထားပါတယ်။ ဒီပုဒ်မနှင့်လည်း ဆန့်ကျင်မယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုပါ ထိခိုက်မယ်။

ယနေ့ ရခိုင်ပြည်နယ်မှာ ကြီးမားတဲ့ပဋိပက္ခ ဖြစ်နေတဲ့အချိန် ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းရင်းသား၊ နိုင်ငံသားများ၊ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံးရှိဖို့ အတွက် အလွန်အရေးကြီးတဲ့အချိန် ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကိုတောင်မှ အလျင်အမြန် တည်ဆောက်ရမယ့်အချိန် ဖြစ်တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ကျဆင်းနေတဲ့အချိန် (၁၉)ရာစုနှစ်တုန်းက ကျွန်တော်တို့နိုင်ငံဟာ လွယ်လွယ်နဲ့ စစ်ရှုံးပြီးတော့ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့တာ ဒါ သမိုင်းမှာ ရှိခဲ့ပါတယ်။

နောင်မှာ တစ်နိုင်ငံလုံးမှာ နှံ့စပ်စွာ တူးဖော်ပြီးတော့ တိုင်းရင်းသားတို့ရဲ့ ယုံကြည်မှု ရှိတဲ့ သမိုင်းအချက်လက်များတို့ကိုလည်း နှံ့နှံ့စပ်စပ် လေ့လာပါ။ မွန်သမိုင်း အချက်အလက် များဟာ ဗုဒ္ဓဘာသာသာသနာ သုဝဏ္ဏဘူမိ ရောက်တဲ့အကြောင်းကို သီရိလင်္ကာနိုင်ငံမှာ ကျောက်စာတွေမှာလည်း တွေ့ရပါတယ်။ မွန်ရဲ့ ရှေးဟောင်းများကို ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ တို့မှာလည်း တွေ့ရပါတယ်။ တရုတ်ပြည်၊ အိန္ဒိယပြည်မှတ်တမ်းတို့မှာလည်းပဲ မွန်သမိုင်း အကြောင်း ရေးထားတာရှိပါတယ်။ မွန်သမိုင်းကို မွန်လူမျိုးကသာ ရေးတာ မဟုတ်ပါ။

ပျူလူမျိုးနှင့် ပျူနိုင်ငံတော်ကို သမိုင်းနဲ့ပတ်သက်ရင် ခေတ်ပြိုင်အနီးအနား ပတ်ဝန်းကျင်မွန်ယဉ်ကျေးမှုများကို၊ သမိုင်းအချက်အလက်များတို့ကို စုံစုံလင်လင် သေသေချာချာ လေ့လာပြီးမှ သိပ္ပံနည်းကျကျ ကောက်ချက်ချကာ အစိုးရအဖွဲ့မှ အတည်ပြုချက်ယူပြီးမှ သာလျှင်၊ ပြုရန်၊ အတည်ပြုပြီးမှသာလျှင် သင့်တယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ မွန်ဒေသလုံး ဆိုင်ရာ ဒီမိုကရေစီပါတီအနေဖြင့် နိုင်ငံတော်သမ္မတရုံးကို စာတင်ထားရာမှာ အဆိုပါသုတေသန

စာတမ်းဖတ်ပွဲကို မြန်မာတစ်နိုင်ငံလုံးတွင် အပြည့်အဝတူးဖော်သုတေသနပြုခြင်း၊ တိုင်းရင်းသား ဘာသာဖြင့် ထုတ်ဝေသော သမိုင်းမှတ်တမ်းများကို စနစ်တကျ လေ့လာရှာဖွေခြင်း၊ ခေတ်ပြိုင် အနီးပတ်ဝန်းကျင်ဒေသတစ်ဝိုက် ယဉ်ကျေးမှုများကို အပြည့်အဝ သုတေသနပြု၍ သိပ္ပံနည်းကျ စစ်ဆေးဖော်ထုတ်ပြီးမှ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ရန် အလေးအနက် တင်ပြပါသည်ဟု ပါရှိပါတယ်။

နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ ကျွန်တော့်အနေနဲ့ မြင်တာက မည်သူမှ မရှိဘူးဆိုလို့ ကျွန်တော်တို့ မြင်ပါတယ်။ ဒီမိုကရေစီနိုင်ငံမှာဆိုရင်လည်း ပိုအရေးကြီးပါတယ်။ ယခုကိစ္စမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖောက်မယ့်ကိစ္စ ဖြစ်ပါတယ်။ မတားဆီးနိုင်လျှင် ကနေ့ လှုပ်ရှားနေတဲ့အဖွဲ့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်အောင် လှုပ်ရှားနေတဲ့ အဖွဲ့ဟာ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အထက်မှာ ရှိနေမလားဆိုတာ သံသယ ဖြစ်စရာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို ကျွန်တော် မေးမြန်းပါမယ်။ (၁) ပျူနှင့် ဗမာ လူမျိုးတစ်မျိုးတည်းဖြစ်လျှင် ပုဂံခေတ်မှစ၍ ဘာကြောင့် ပျူစာကို နန်းသုံး အဖြစ် ဗမာဘုရင်များက မသုံးဘဲ မွန်စာကို သုံးပါသလဲ။ (၂) မွန်နဲ့ အခြားတိုင်းရင်းသားတို့ သမိုင်းသုတေသန ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် လေ့လာမှု ရှိပြီဟု ယူဆပြီလား။ (၃) မပြည့်စုံသော သမိုင်းသုတေသနဖြင့် နိုင်ငံရေး၊ လူမျိုးရေးအမြင်ဖြင့် လိုရာဆွဲပြီး ကောက်ချက်ချ ပြောဆိုရေးသားခြင်းကြောင့် အခြေခံဥပဒေပုဒ်မ ၃၆၅နှင့် ငြိစွန်း ခြင်း၊ ယုံကြည်ကိုးကွယ်မှုကို ထိပါးခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ထိပါးခြင်း တို့မှ မည်သို့ တားဆီးကာကွယ်မည်နည်း။ (၄) ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၆၄ ကို ဆန့်ကျင်လျှင် မည်သို့အပြစ်ဒဏ်ပေးနိုင်သည်ကို သိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စပ်လျဉ်းတဲ့ မေးခွန်းအချက်အလက်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၉။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ရဲ့ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာဗညားအောင်မိုး ရဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီး ပထမမြင်ရတာကတော့ ယခု ရန်ကုန်မြို့မှာ ကျင်းပမယ့် ပျူစာတမ်းဖတ်ပွဲဟာ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ပျူစာတမ်းဖတ်ပွဲနဲ့ ပတ်သက် ပြီးတော့ ဒေါက်တာဗညားအောင်မိုး က စိတ်ပူနေပုံရပါတယ်။ ဒီစာတမ်းဖတ်ပွဲက ယဉ်ကျေးမှု ဝန်ကြီးဌာနနဲ့ မည်သို့မှ သက်ဆိုင်ခြင်းမရှိဘဲ နိုင်ငံတော်အဆင့် စာတမ်းဖတ်ပွဲလည်း မမည်ပါဘူး။ သုတေသီအချို့က ဦးဆောင်ကျင်းပတဲ့ စာတမ်းဖတ်ပွဲသာဖြစ်ပြီးတော့ ထိုစာတမ်းဖတ်ပွဲမှာ ကြေညာချက်သည် ထိုစာတမ်းဖတ်ပွဲကို ဦးစီးကျင်းပသော အဖွဲ့အစည်းရဲ့ သဘောထားယူဆချက်များသာ ဖြစ်ပါတယ်လို့ ကျွန်တော် ဖြေဆိုလိုပါတယ်။

ဒေါက်တာဗညားအောင်မိုး ရဲ့ ပထမမေးခွန်းနဲ့ပတ်သက်ပြီး ဖြေဆိုဖို့က အချိန်ယူရမှာ ဖြစ်ပါတယ်။ တိုတောင်းလှတဲ့ ယခုအချိန်မျှနဲ့ မလုံလောက်တာကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ သမိုင်းသုတေသနဌာနမှ သုတေသီများနဲ့ သုတေသနပြုပြီးမှ ဖြေဆိုပါမယ်လို့ ပြောချင်ပါတယ် ခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ မွန်နဲ့ အခြားတိုင်းရင်းသားတို့၏ သမိုင်း သုတေသန ပြည့်စုံလုံလောက်စွာ လေ့လာမှုရှိပြီးဟု ယူဆပါသလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ မွန်နဲ့ အခြားတိုင်းရင်းသားတို့ရဲ့ သမိုင်းသုတေသန ပြည့်စုံလုံလောက်စွာ လေ့လာမှုရှိပြီလို့ မယူဆပါဘူးခင်ဗျား။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတို့ရဲ့ ဓလေ့ထုံးစံများနဲ့ သက်ဆိုင်သော စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသန

ဦးစီးဌာနကလည်း ကချင်ရက်စဥ်သမိုင်း၊ ကရင်ရက်စဥ်သမိုင်း၊ ချင်းရက်စဥ်သမိုင်း၊ ရှမ်းရက်စဥ်သမိုင်း၊ မွန်ရက်စဥ်သမိုင်းများကို ပြုစုခဲ့ပါတယ်။

ယဥ်ကျေးမှုဝန်ကြီး ဌာနရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ၁၉၇၉ ခုနှစ်မှာ ရခိုင်ပြည်နယ်ရှိ ဝေသာလီမြို့ဟောင်းကို ကွင်းဆင်းသုတေသန ပြုခဲ့ပြီးတော့ ၁၉၈၀ ပြည့်နှစ်မှာ ကုန်းပေါင်း(၅)ကုန်း၊ ၂၀၀၄-၀၅ ခုနှစ်မှာ ကုန်းပေါင်း (၃)ကုန်းတို့ကို တူးဖော်သုတေသန ပြုခဲ့ကြပါတယ်။ မြောက်ဦးမြို့ဟောင်း နန်းတော်ရာကိုလည်း ၁၉၉၇ ခုနှစ်မှာ တူးဖော်သုတေသနပြုခဲ့ပြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ်တွင်လည်း လွတ်လပ်ရေးရပြီး ၁၉၅၉ ခုနှစ်မှ စတင်ပြီးတော့ ကော့ဂွန်းဂူအတွင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကာ ကျောက်ချပ်ဗုဒ္ဓရုပ်ပွားတော်များနဲ့ ဟိန္ဒူဘာသာကျောက်ရုပ်များကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

၁၉၇၄ ခုနှစ်မှစတင်ပြီးတော့ မွန်ပြည်နယ်အတွင်းရှိ အရက်သမ၊ ဝင်းက နေရာများကို တူးဖော်သုတေသန ပြုလုပ်ခဲ့ရာ ရှေးဟောင်းအုတ်ခွက်ဘုရားများ၊ အဆောက်အဦးများကိုလည်း တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အဲဒီနောက် ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးဆောင်သောအဖွဲ့က ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျိုက်ကသာမြို့ဟောင်း ကွင်းဆင်းတူးဖော် သုတေသန ပြုလုပ်ခဲ့ရာ ရှေးခေတ် မွန်တို့ရဲ့ ရှေးဟောင်းအဆောက်အဦများ၊ သင်္ကေတ အမှတ်အသားများပါတဲ့ ဒင်္ဂါးများ၊ အုတ်ခွက်ဘုရားများနဲ့ ဗုဒ္ဓဆင်းတုတော်များကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ရုံမျှမက မွန်ပြည်နယ် ရှေးဟောင်းနေရာများ သုတေသနစာတမ်းများကို ပြုစု ထုတ်ဝေလျက် ရှိပါတယ်။ ထို့အတူ ရှမ်းပြည်နယ်ရှိ နေရာအချို့တို့ကိုလည်း ကွင်းဆင်း သုတေသန တူးဖော်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် တိုင်းရင်းသားတို့ရဲ့သမိုင်းနဲ့ ယဥ်ကျေးမှုဆိုင်ရာ သုတေသနလုပ်ငန်းကို ယဥ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ပြည်နယ်ယဥ်ကျေးမှုပြတိုက်များ၊ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များမှာ မနုဿဗေဒဌာနများက သုတေသန ပြုလုပ်လျက် ရှိပါတယ်။ ဒါကြောင့် အဆိုရှင်တို့ကိုယ်တိုင်လည်း ဒီကိစ္စမှာ ဝိုင်းဝန်းကူညီကြပါလို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။ ဖော်ပြပါ တိုင်းရင်းသားသုတေသနလုပ်ငန်းဟာ ရေရှည်ဆောင်ရွက်မယ့် လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဌာနအနေနဲ့ လွှတ်တော်ကနေပြီးတော့ ချပေးတဲ့ ဘတ်ဂျက်အပေါ်မှာ မူတည်ပြီးတော့ အမြဲပဲ တူးဖော်၊ ဖော်ထုတ်ရမှာဖြစ်တဲ့အတွက် ဒီကိစ္စဟာ

သမိုင်းသုတေသန ပြည့်စုံလုံလောက်စွာ လေ့လာရှိပြီလို့ ယူဆပါသလား မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြည့်စုံလုံလောက်စွာ လေ့လာမှုရှိပြီလို့ မယူဆဘူးလို့ပဲ ကျွန်တော် ဖြေလိုပါတယ်။ ကျန်တဲ့အပိုင်းကတော့ ကျွန်တော်တို့ဌာနနဲ့ မပတ်သက်တဲ့အတွက် အခြားဌာနက ဖြေဆိုပါလိမ့်မယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ရဲချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ရဲ့ မပြည့်စုံသော သမိုင်းသုတေသနဖြင့် နိုင်ငံရေး၊ လူမျိုးရေးအမြင်ဖြင့် လိုရာစွဲပြီး ကောက်ချက်ချ ပြောဆိုရေးသားခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၅ နဲ့ ငြိစွန်းခြင်း၊ ယုံကြည်ကိုးကွယ်မှုကို ထိပါးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို မည်သို့တားဆီးကာကွယ်မည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြ မေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ပိုင်းခြားသုံးသပ်ဆန်းစစ်ခဲ့ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ မှာ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစား မပြုရ၊ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်း ရှိသော

အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ ပြဋ္ဌာန်းချက်နဲ့အညီ ဥပဒေတစ်ရပ်ကို ဦးစွာ ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၅ နဲ့ စပ်လျဉ်းလို့ ငြိစွန်းသူ တစ်ဦးဦးကို တားဆီးကာကွယ်ရန်နည်းလမ်းမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ကိစ္စရပ် များနှင့် စပ်လျဉ်းလို့ ကျူးလွန်သူသည် အသင်းအဖွဲ့တစ်ခုခုမှ ဖြစ်ပါက အသင်းအဖွဲ့စည်းမျဉ်း စည်းကမ်းဥပဒေအရလည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခုမှ ဖြစ်ပါက ရွေးကောက်ပွဲကော်မရှင် ဥပဒေအရလည်းကောင်း၊ ပြည်သူတစ်ဦး တစ်ယောက်ဖြစ်ပါက ပြစ်မှုဆိုင်ရာဥပဒေအရ လည်းကောင်း၊ ၎င်းကျူးလွန်တဲ့ အကြောင်းအချက်ပေါ် မူတည်ပြီး ဆိုင်ရာက အဲဒီကျူးလွန်သူအပေါ် တရားစွဲဆိုနိုင်ပါတယ်။ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်မှာပါတဲ့ ပြစ်ဒဏ်ချမှတ်ခြင်း ခံရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၅ မှာ ပြဋ္ဌာန်းချက် အပိုင်း(၃)ပိုင်း ပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ပထမပိုင်းမှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုး ထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနဲ့ ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်လို့ ဖော်ပြထားပြီး နိုင်ငံသားများအတွက် အခွင့်အရေး ပေးအပ်ထားခြင်း ဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်ဆိုပြီး နိုင်ငံသားများရဲ့ တာဝန်ကို သတ်မှတ်ပေးထားကြောင်း တွေ့ရှိရပါတယ်။ တတိယပိုင်းမှာတော့ မိမိတို့ အမြတ်တနိုး ထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပျိုးထောင်ဆောင်ရွက်ရာမှာ ယင်းဆောင်ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုး တစ်မျိုးမျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများအချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်ဆိုပြီး နိုင်ငံသားများ လိုက်နာဆောင်ရွက်ရမယ့် အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် အဲဒီပြဋ္ဌာန်းချက်မှာ အခွင့်အရေး ပါဝင်သလိုပဲ လိုက်နာဆောင်ရွက်ရမယ့်တာဝန်များလည်း ပူးတွဲပါဝင်လျက် ရှိပါတယ်။

မေးခွန်းအပိုဒ်(၃)မှာပါတဲ့ ယုံကြည်ကိုးကွယ်မှုကို ထိပါးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ထိပါးခြင်းတို့မှ တားဆီးကာကွယ်နိုင်ရန်အတွက် ပုဒ်မ ၃၆၅ တတိယအပိုဒ်မှာပါတဲ့ အခြားတိုင်းရင်းသားလူမျိုး တစ်မျိုးကို ဖြစ်စေ၊ လူမျိုးများကို ဖြစ်စေ ထိခိုက်နစ်နာစေနိုင်လို့ရှိရင် သက်ဆိုင်သူများအချင်းချင်း ညှိနှိုင်းပြီး ပြေလည်မှုရရှိရန် ဆောင်ရွက်ခြင်းနဲ့ စာတမ်းမှာ လူမျိုး၊ ဘာသာ၊ သာသနာနဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့ကို ထိခိုက်စေနိုင်တဲ့ အချက်များ ပါဝင်ခြင်း ရှိ/မရှိ၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ကြိုတင်စိစစ်ပြီး လိုအပ်သလို ဆောင်ရွက်ခြင်းအားဖြင့် တားဆီးကာကွယ်နိုင်မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ယခု မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ရဲ့ မေးခွန်းအပိုင်း(၄)နဲ့စပ်လျဉ်းပြီးတော့ ကျွန်တော် ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး အနေနဲ့ ဖြေကြားမှာ ဖြစ်ပါတယ်။

ဒီဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ အရ ဒီပုဒ်မပါ ပြဋ္ဌာန်းချက်တွေကို ဆန့်ကျင်တဲ့ အပြုအမူအတွက် ပြစ်ဒဏ်ပေးနိုင်တဲ့ဥပဒေ ကျွန်တော်တို့ ပြဋ္ဌာန်းရခြင်း မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ပြဋ္ဌာန်းရခြင်း မရှိသေးပေမယ့်လည်း စာတမ်းဖတ်ပွဲမှာ စာတမ်းရှင်ဖတ်ကြားတဲ့ စာတမ်းဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေတဲ့ အရေးအသား၊ လူမျိုး၊ ဘာသာ၊ သာသနာကို စိတ်ဝမ်းကွဲစေတဲ့အချက်တွေ ပါ/မပါ၊ အသေအချာ ချိန်ဆပြီးတော့ ဒီအချက်တွေ ပါဝင်မယ်ဆိုလို့ရှိရင်တော့ စာတမ်းနဲ့ သက်ဆိုင်သူတွေဟာ ပြစ်မှုဆိုင်ရာဥပဒေတွေနဲ့ ငြိစွန်းနိုင်ဖွယ်ရာ ရှိကြောင်း ဖြေကြားအပ်ပါတယ်။

နောက်တစ်ပိုင်းကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ တာဝန်တွေကို ပြဋ္ဌာန်းထားတာနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ မှာ တာဝန်ကို ပြဋ္ဌာန်းထားသလိုပဲ တစ်ဖက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ ပြည်သူတို့ရဲ့ ကိုယ့်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မဆန့်ကျင်ဘူးဆိုလို့ရှိရင် မိမိရဲ့ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်တွေကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် ရှိတယ်ဆိုပြီးတော့ ပုဒ်မခွဲ(က)မှာလည်းကောင်း၊ ပုဒ်မခွဲ(ဃ)မှာ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ၊ သာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးတဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်တဲ့ ဘာသာ၊ သာသနာနဲ့ ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိတယ်လို့လည်းကောင်း နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတွေကိုလည်း ပြဋ္ဌာန်းထားတာများလည်း ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ လေးစားပါတယ်။

**အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ ပေးပို့ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့တဲ့ မေးခွန်းများ၊ တင်သွင်းခဲ့တဲ့ အဆိုများ၊ ပေးပို့ခဲ့တဲ့ ကြယ်ပွင့်မပြ မေးခွန်းများနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ ခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်

မရှိတဲ့အတွက် အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးခင်မောင်ဋွေး (အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဋွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများ တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ယနေ့ ကြွရောက်လာတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စု အဆင့်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အကြိမ်ထိအောင် အစိုးရ၏ ကတိကဝတ်များ၊ အာမခံချက်များကော်မတီရဲ့ စိစစ်ထားတဲ့ အဆို စုစုပေါင်း (၂၈)ခု ရှိတဲ့အနက် အဲဒီ(၄)ကြိမ်မှာ ကျွန်တော်တင်သွင်းခဲ့တဲ့ အဆို(၆)ခုအပေါ်မှာ အဓိကထားပြီးတော့ ဆွေးနွေးသွား လိုပါတယ်။ (၂)ခုကတော့ ဒီဘက် ပဉ္စမအကြိမ် ပုံမှန် အစည်းအဝေး ဖြစ်ပါတယ်။

ပထမ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဆုံးကတော့ ကျွန်တော်တို့ ဒါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနဲ့ International Commission on Large Dams (ICOLD) အသင်းဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် အဆိုဖြစ်ပါတယ်။ ဒီကိစ္စကိုလည်း ၁၅-၁၁-၂၀၁၂ ရက်နေ့က ကတိကဝတ် ကော်မတီကနေ ဖိတ်ကြားလို့မို့ ကျွန်တော် သက်ဆိုင်တဲ့ ဝန်ကြီးဌာနများနဲ့ တွေ့တဲ့ပွဲမှာလည်း

ကျွန်တော် အကျဉ်းချုပ် ရှင်းပြခဲ့ပါတယ်။ ဒီနေ့လည်းပဲ ကျွန်တော်တို့ သိသင့်သိထိုက်တာလေး တွေကို ကျွန်တော် တင်ပြသင့်တယ်လို့၊ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြသင့်တယ်လို့ ယူဆလို့ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ဒီ ICOLD ဟာ ကျွန်တော်တို့ နိုင်ငံရေး အဖွဲ့အစည်း မဟုတ်ပါဘူးခင်ဗျ။ ဒီနေ့ International Commission on Large Dams ဆိုတာဟာ နှစ်ပေါင်း(၈၀) ပြီးခဲ့ပါပြီခင်ဗျ။ နှစ်ပေါင်း(၈၀)မြောက်၊ (၈၀)ကြိမ်မြောက်ကို ဂျပန်နိုင်ငံ၊ ကျိုတိုမှာ ကျင်းပပြီးစီးခဲ့ပါတယ်။

လာမယ့် ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်းမှာဆိုလို့ရှိရင် အမေရိကန် နိုင်ငံ၊ ကျွန်တော်တို့ ဆီးတဲလ်မှာ ကျွန်တော်တို့ (၈၁)ကြိမ်မြောက် ကျင်းပမယ့်အဖွဲ့ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ဟာ ICOLD ကို ကျွန်တော်တို့ လုပ်ဖို့အတွက်ကို Focal Point အဖြစ်၊ ကျွန်တော်တို့ Focal Ministry အဖြစ်ကို ကျွန်တော်တို့က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တာဝန်ပေးအပ်ထားပါတယ်။ ကျွန်တော့်အဆို တင်ပြခဲ့တာ (၁)နှစ်နဲ့ (၃)လကျော် ကြာခဲ့သည့်တိုင်အောင် မည်သို့မျှ ထူးခြားမှုမရှိတဲ့အတွက် ကျွန်တော် ကြယ်ပွင့် မပြမေးခွန်းကိုလည်း ဒီ ပဉ္စမအကြိမ်မြောက်မှာ ကျွန်တော် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ အဖွဲ့ဝင်ပေါင်း၊ စုစုပေါင်း ဒီနေ့ ကျွန်တော်တင်တဲ့အချိန်မှာဆိုရင် (၈၈)နိုင်ငံသာ ရှိပြီးတော့ ယနေ့ ကျွန်တော်တို့ (၈၀)ကြိမ်မြောက်ပြီးတဲ့အချိန်မှာဆိုရင် (၉၅)နိုင်ငံတောင် ဖြစ်နေပါပြီ။ ဒီအထဲမှာဆိုလို့ရှိရင် ကျွန်တော် ဥပမာနဲ့ ထုတ်ပြောရလို့ရှိရင် ကျွန်တော်တို့ အာရှတိုက် နိုင်ငံထဲကဆိုရင် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာ စတဲ့ နိုင်ငံတွေတောင်မှ ကျွန်တော်တို့ ဒါ အဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ပါတယ်ခင်ဗျ။

အဲဒီတော့ ကျွန်တော်တို့ဟာ ဒီဟာကို အောင်မြင်ဖို့အတွက်ကို လျှပ်စစ်(၁) ဝန်ကြီးဌာနခေတ်ကတည်းက နေပြီးတော့ ဆောင်ရွက်ရမယ့် အချက်အလက်တွေကို အကုန်လုံး တင်ပြပြီးဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ Constitution စည်းမျဉ်းကို တင်ပြခဲ့ပြီးပါပြီ။ ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာအခွန်၊ လယ်ဆည်၊ ဆည်မြောင်း၊ FERD စီမံစီးပွားတို့ကနေပြီးတော့လည်း သဘောထားမှတ်ချက်တွေ အပေါင်းလက္ခဏာနဲ့ ပေးခဲ့ပြီးဖြစ်လို့မို့လို့ ဒါဟာ ကျွန်တော်တို့ တင်ပြရုံပဲဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါ ICOLD ဆိုတာဟာကို နည်းနည်းလေး အထင်အမြင် နိုင်ငံတော်အနေနဲ့ကိုတော့ မဆိုလိုပါဘူးလေ။ ပြည်သူတချို့အနေနဲ့ သဘောပေါက် နည်းနည်းလေး လွဲချော်နေတယ်လို့ ကျွန်တော် ယူဆပါတယ်။

ကျွန်တော့်အဆိုမှာထဲက ကျွန်တော် တင်ပြထားတာက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့ အမျိုးသားကော်မတီ၊ ICOLD ကျတော့ Commission ခေါ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီကကျတော့ အမျိုးသားကော်မတီ (National Committee) ဖွဲ့ဖို့ကျွန်တော်တင်တာပါခင်ဗျ။ အခြားနိုင်ငံများကဲ့သို့ တရုတ်ဆိုလို့ရှိရင် သူက သူရဲ့ Logo က CHICOLD, China ကို အတိုကောက်ပါ။ ဂျပန်ဆိုရင် JNCOLD, နောက်တစ်ခါ ထိုင်း ဆိုလို့ရှိရင် TNCOLD, Thai National Committee, ကျွန်တော်တို့ ဒါကြောင့်မို့လို့ ကျွန်တော် မြန်မာကိုလည်း MNCOLD ဆိုပြီးတော့ ကျွန်တော်တို့ ဒါ ဖွဲ့စည်းခွင့် တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ခွင့်ပြုပြီးလို့ရှိရင် ကျွန်တော်တို့က ဒါ ICOLD ဌာနချုပ်နဲ့ ဆက်သွယ်ပြီးတော့ အဖွဲ့ဝင်နိုင်ငံအဖြစ် ကျွန်တော်တို့ ဒါ လျှောက်ထားခြင်းဖြစ်ပါတယ်ခင်ဗျ။ အဓိက ICOLD အကြောင်း ပြောရလို့ရှိရင် ICOLD ဟာ အခြားနိုင်ငံတစ်ခုအတွင်းမှာ တမံကြီးများကို ဘယ်နေရာမှာ ဆောက်သင့်တယ်၊ ဘယ်လို ဆောက်ရမယ်၊ ဘယ်လို တမံအမျိုးအစားကို ဆောက်ပါ၊ အရွယ်အစား ဘယ်လောက်လုပ်ပါ၊ ဘယ်အဖွဲ့အစည်းနဲ့ ဆောင်ရွက်ရမယ်၊ သက်ဆိုင်ရာနိုင်ငံက ရွေးချယ်ထားတဲ့နေရာမှားတယ်၊ မှန်တယ်။ ဒါ ဝင်ရောက်စွက်ဖက်တဲ့ အဖွဲ့အစည်း မဟုတ်ပါဘူးခင်ဗျ။

အဲဒီတော့ ဒါဟာ ကျွန်တော်ကြုံလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုတာကတော့ နည်းနည်းလေး ကျွန်တော်တို့က ဒီကိစ္စဟာ (၃)နှစ်လောက်ရှိပြီ ကျွန်တော်တို့ ကြာခဲ့တာဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်နဲ့ ကျွန်တော်တို့ မြစ်ဆုံကိစ္စတွေ ပေါ်တဲ့အချိန်တုန်းမှာ ဒါဟာဖြစ်ပေါ်လာတာပါခင်ဗျ။ Internet မှာလည်း ပြီးခဲ့တဲ့ တစ်လ၊ နှစ်လလောက် ကျွန်တော်တို့ ကြုံခဲ့ဖူးပါတယ်ခင်ဗျ။ ဒီ ICOLD သည် ဒါ ကျွန်တော်တို့ရဲ့ ပြည်တွင်းရေးတွေကလုပ်တဲ့ တရုတ်ဘက်ကဆောက်မယ့်၊ CPI က လုပ်မယ့် မြစ်ဆုံကိစ္စမှာ ဝင်စွက်မယ်ဆိုတဲ့ အဖွဲ့အစည်း၊ ဒီအဖွဲ့အစည်းဟာ ဒီလိုဟာမျိုးဝင်ပါမယ့် အဖွဲ့အစည်း မဟုတ်ပါဘူးခင်ဗျ။ မဟုတ်ပါဘူး။

အဲဒီတော့ ကျွန်တော် နည်းနည်း ဒီမှာ တင်ပြလိုတာက ကျွန်တော်တို့ ဩဂုတ်လ ၂၀၁၂ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်လို့ Myanmar Times က အထူးအချပ်ပိုမှာ အဲဒီတော့ သဘာဝပတ်ဝန်းကျင် ဧရာဝတီ လေ့လာသူများ၊ နောက် ECODED တို့၊ နောက်တစ်ခါ သစ်တောသယံဇာတနဲ့ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး (အိုင်ကာ)အသင်းတို့ ဆိုတဲ့ နောက်တစ်ခုက ရေသယံဇာတနဲ့ လေ့ကျင့်ရေးစင်တာတို့၊ ဘာတို့က ပုဂ္ဂိုလ်တွေက ICOLD သည် ကျွန်တော်တို့နိုင်ငံရဲ့ ဒီလို ပြည်တွင်းရေးကို ဝင်လာရှုပ်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက်

လက်မခံနိုင်ဘူး ဆိုတဲ့ ပုံစံမျိုးနဲ့ ဖြစ်နေတာ။ ICOLD ဟာ နိုင်ငံရေး အရောင်အသွေး လုံးဝမရှိတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်ခင်ဗျ။ NGO စစ်စစ်ပါ။ ကျွန်တော် တင်ပြနေတာ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှည်ရှည်ဝေးဝေး တင်ပြနေတာဟာ ဒီနေ့ ICOLD ကို ဖွဲ့ဖို့အတွက်ကို နိုင်ငံတော်ကနေပြီးတော့မှ ဘဏ္ဍာငွေကြေး ကျွန်တော်တို့ ကျခံစရာ မလိုပါဘူးခင်ဗျ။ ပါဝင်ခွင့် ဖွဲ့စည်းခွင့်ပြုလို့ရှိရင် နိုင်ငံခြားငွေ၊ ပြည်တွင်းငွေကို အဖွဲ့ဝင်နိုင်ငံများ၊ ပါဝင်တဲ့ အသင်းများကနေပြီးတော့ ဒါ ထူထောင်ပြီးတော့ လုပ်ရမယ့် အနေအထား ဖြစ်ပါတယ်ခင်ဗျ။ ဒါတွေ အကုန်လုံး စီစဥ်သား ဖြစ်ပါတယ်ခင်ဗျ။ အဲဒီတော့ ဒီနေ့ ကျွန်တော်တို့ဟာ အင်မတန် ကြန့်ကြာနေတဲ့အခါ ကျွန်တော်တို့က တော်တော်နောက်ကျနေပါတယ်ခင်ဗျ။ ကျွန်တော်တို့နိုင်ငံဟာ ရာချီဆောက်နေပြီ၊ တမံကြီးတွေ ပေဘယ်နေရာ မြင့်တယ်၊ ဘာရယ် ပြောနေတာတွေဟာ တကယ်တမ်းကတော့ ကျွန်တော်တို့ဟာ Intrenational Access ကို မရသေးတဲ့အတွက် အင်မတန် နောက်ကျနေလို့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ICOLD, MNCOLD ဖွဲ့တယ်ဆိုတာ ဒီထဲက ကျွန်တော်တို့ ခုနပြောတဲ့ သဘာဝပတ်ဝန်းကျင်တဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းတွေလည်း ပါပါမယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပါ ပါမယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးတွေပါ ပါမယ်။ အစိုးရပတ်သက်တဲ့ ဝန်ကြီးဌာနတွေ အကုန်ပါ ပါမယ်။ ဒီလိုတွေ ပါဝင်တဲ့ အဖွဲ့အစည်းသာလျှင် MNCOLD ဖြစ်ပါတယ်ခင်ဗျ။ နည်းပညာဖလှယ်တဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ICOLD က ဝင်ရောက် စွက်ဖက်တာမျိုး၊ ဒါမျိုးလည်း ကျွန်တော်တို့ လုပ်လို့မရပါဘူးခင်ဗျ။ ကျွန်တော်ကတော့ အဲဒါကြောင့် ကြန့်ကြာနေတယ်လို့ ကျွန်တော် ယူဆပါတယ်။

ဒါကြောင့် ကျွန်တော် ဒီကနေပြီးတော့ အသေးစိတ် ရှင်းပြရခြင်း ဖြစ်ပါတယ်။ တရုတ်ကုမ္ပဏီက လှုံ့ဆော်တယ်လို့ပဲ ကျွန်တော် ထင်ပါတယ်ခင်ဗျ။ မြစ်ဆုံကို တာဝန်ယူတဲ့ CPI Company က အဲဒီအချိန်တုန်းက ကျွန်တော်တို့ သူတို့ တရုတ်နိုင်ငံက ကျွန်တော်တို့ နာမည်နဲ့ ကျွန်တော် တင်ပြရလို့ရှိရင် ဒေါက်တာဒိုင်ယာဂျင်စင်း ဆိုတာ ICOLD ဥက္ကဋ္ဌကို သူဟာ ဆွစ်ဇာလန်မှာ ကျင်းပတဲ့ (၇၉)ကြိမ်မြောက်မှာ ဥက္ကဋ္ဌဖြစ်ပါတယ်။ ဂျပန်မှာ ကျင်းပတဲ့ (၈၀)မှာ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ အခု သူ ဥက္ကဋ္ဌလည်း မဟုတ်တော့ပါဘူး။ သူတို့နိုင်ငံက ပုဂ္ဂိုလ်ကို ဥက္ကဋ္ဌ ဖြစ်လို့ ကျွန်တော်တော့ ဒါတော့ နည်းနည်းလေးလုပ်တယ်လို့ ထင်တယ်။ ဒါတော့ ကျွန်တော် မှားချင်လည်း မှားသွားပါမယ်ခင်ဗျား။ အဲဒါကြောင့် လာပြီးတော့ ဇာတ်လမ်းရှုပ်တာပါခင်ဗျ။ ကျွန်တော်တို့က ဒါ ICOLD ကို ဝင်ခိုင်းဖို့ လုပ်တာ မဟုတ်ဘူး။ National Committee, ကိုယ့်ရဲ့

အမျိုးသားကော်မတီ၊ မြန်မာကော်မတီကို ကျွန်တော်တို့ ဒါ ဖွဲ့ဖို့ လုပ်ခြင်းဖြစ်ပါတယ်။ အဲဒါလေးကို ကျွန်တော် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအဆိုနဲ့ ပတ်သက်လို့ ကျွန်တော် တင်ပြပါမယ်။ ဒုတိယအဆိုနဲ့ကတော့ ကျွန်တော် ဒါဟာ ပထမအကြိမ် ဒုတိယပုံမှန်အစည်းအဝေးမှာ တင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့က Unit System တွေ သုံးတာတွေကို ပေ၊ ပေါင်၊ စက္ကန့် ကနေပြီးတော့ စင်တီမီတာ၊ ဂရမ်၊ စက္ကန့်၊ Imperial ကနေပြီးတော့ ကျွန်တော်တို့ ဒါ Metric System ကို ပြောင်းဖို့ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ တက္ကသိုလ်များ၊ တကယ့် သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာနအောက်မှာရှိတဲ့ ကျွန်တော်တို့ ရန်ကုန်စက်မှုတက္ကသိုလ်တို့၊ ရန်ကုန်တက္ကသိုလ်တို့ စသည့်ဖြင့် Centre of Excellent ကို ကျွန်တော်တို့ ဟုတ်လား Drive နဲ့ ကျွန်တော်တို့ သွားဖို့လုပ်နေတဲ့ အချိန်တုန်းမှာ၊ နောက်တစ်ခုက မူလတန်းပညာ မသင်မနေရ ဟုတ်လား ဖြစ်တဲ့ ကျွန်တော်တို့ ဥပဒေတွေ ပြုစုနေဆဲ အချိန်အခါမျိုးမှာ ကျွန်တော်တို့ဟာ ဒါတွေဟာ လုပ်သင့်လုပ်ထိုက်တဲ့ ဥစ္စာဟာ ဆိုတာမျိုးအနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော် ချက်ချင်း လွယ်လွယ်ကူကူ မဖြစ်နိုင်ဘူးဆိုတာကိုတော့ သဘောပေါက်ပါတယ်။ သို့သော်လည်းပဲ အတိုင်းအတာ တစ်ခုတော့ လုပ်ဖို့လိုတယ်ဆိုတဲ့အကြောင်း ဒီမှာ ဆွေးနွေးပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒါ ပြည်ထောင်စုလွှတ်တော်မှာ ဥက္ကဋ္ဌကြီးကို တင်ပြပြီးတော့ ရှင်းလင်းတင်ပြပြီးတော့မှာ ကျွန်တော် တင်တာပါခင်ဗျ။ ကျွန်တော်တော့ ပြည်သူ့လုပ်ငန်းဌာန ကိုဒ့ဥပဒေထက် ပြည်သူ့လုပ်ငန်း ငွေစာရင်း ကိုဒ့ဥပဒေကို ဒါကို ပြင်ဖို့ဆိုပြီးတော့ ကျွန်တော် ဒါတင်ခဲ့ပါတယ် အဲဒီအဆိုကို။ ဒီအဆိုကို ကျွန်တော်တို့က ၂၄-၂-၂၀၁၂ မှာ ပြည်ထောင်စုလွှတ်တော်မှာ တင်ခဲ့ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဘတ်ဂျက်ကိစ္စတွေနဲ့ စကားများနေတာတွေ၊ ဌာနဆိုင်ရာတွေက စာရင်းစစ်ချုပ်ရုံးနဲ့ ပြဿနာတွေ ဖြစ်နေတယ်ကိစ္စမျိုးတွေဟာ တချို့ ကျွန်တော်တို့ ဒီမှာ ထုတ်နုတ်တင်ပြရရင် D-code Volume One ရဲ့ ကျွန်တော်တို့ အပိုဒ်(၂၀၄)နဲ့ (၂၂၅-အေ) (က) အဲဒီဟာတွေကို တိတိကျကျ လိုက်နာမကျင့်သုံးလို့ တချို့ဟာတွေ ဟာကွက်တွေ ဖြစ်တယ်ဆိုတာကို ဒါ ဆွေးနွေးလိုပါတယ်။ အရှည်ဖြစ်နေမှာကြောက်လို့ ကျွန်တော် မဆွေးနွေးလိုတော့ပါဘူး။ အဲဒီအချိန်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူရ ပါတယ်။ ဒါ ထောက်ခံတယ်ဆိုတဲ့အတွက်ကြောင့် ၎င်းကိုယ်တိုင်ကလည်း ဒီ Code Rules တွေကို ကျင့်သုံးနေတာဖြစ်တဲ့အတွက် ကျွန်တော် ပြင်ခိုင်းတာပါခင်ဗျ။ Code Rules တွေဟာ တစ်ခုက

A-Code ဟာဆိုလို့ရှိရင်၊ Account Code ဟာ ဆိုလို့ရှိရင် ၁၉၂၇ ခုနှစ်ကပါ။ Department Code က ၁၉၃၃ ခုနှစ်က ---------

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဟုတ်ကဲ့၊ ဥက္ကဋ္ဌကြီး ခွင့်ပြုပါခင်ဗျ။ ကျွန်တော် အရေးကြီးတာလေးတွေပဲ ပြောပါမယ်။ အဲဒီတော့ ကျွန်တော်တို့ ဒါလေးတွေဟာ လိုက်နာဖို့လိုပါတယ်။ ဒါဟာ ကျွန်တော်တို့ ဘဏ္ဍာငွေ အခြေအနေ လုံးဝမပါတဲ့ လုပ်ငန်းတွေ ဖြစ်တဲ့အကြောင်း ကျွန်တော် တင်ပြလိုပါတယ်။

နောက်တစ်ပိုင်းက ကျွန်တော်တို့ မနေ့ကလည်း ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ ဂွမဲဆန္ဒနယ်က ကိုယ်စားလှယ် ဆွေးနွေးသွားပါတယ်။ ပြည်တော်သာစီမံကိန်းက KTA Report လို ဥစ္စာမျိုးမှာ အဲဒီတော့ အဲဒါတွေကလည်း ကျွန်တော်တို့ဟာ လုပ်သင့် လုပ်ထိုက်တဲ့ ဥစ္စာတွေပါခင်ဗျ။ ဒီဟာနဲ့ပတ်သက်လို့ လာပြီးတော့ ဖြေတာက စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဆိုတာ လာဖြေပါတယ်။ ကျွန်တော် ယူဆတာ ကတော့ အဓိက ဥစ္စာက စီမံနဲ့ စီးပွားဝန်ကြီးဌာနက လုပ်ရမယ့်ဥစ္စာလို့ ယူဆပါတယ်။ ကျွန်တော် ၁၅-၁၁-၂၀၁၂ ရက်နေ့မှာ ကတိကဝတ်ကော်မတီရှေ့မှာ သွားရှင်းတဲ့အခါမယ် စက်မှုဝန်ကြီးဌာန အဲဒီနေ့ ပါလည်း မပါဘူးခင်ဗျ။

အဲဒီတော့ ကျွန်တော်တို့က ဒါဟာ ဝန်ကြီးဌာန (၁၀)ခု၊ (၁၅)ခုလောက်နဲ့ သက်ဆိုင်တဲ့ Subject ဖြစ်နေပါတယ်ခင်ဗျ။ ကျွန်တော် ဆိုလိုတာက မူဝါဒအပေါ်ကနေ ထိန်းကျောင်း ပေးနေတဲ့ ကော်မတီကြီးကို ကျွန်တော် မဆိုလိုပါဘူး။ Working Level မှာ တကယ် ကွင်းဆင်း ပြီးတော့ ကျွန်တော်တို့ ခူးခပ်စားရတဲ့ အနေအထားမျိုးဖြစ်အောင် ကွင်းဆင်းလေ့လာ တော့မှ ဒါကို သူ့အစီအစဉ်အလိုက် လုပ်ဖို့ဆိုတဲ့ဥစ္စာမျိုးကို ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်အတွက် နိုင်ငံတော်အတွက် အင်မတန် လိုအပ်ပါတယ်။ အခုဟာက ကျွန်တော်တို့ Plan ကို ကျွန်တော်တို့က ချမရဘဲနဲ့ ဘတ်ဂျက်ကိုလည်း တွေ့သလို တောင်းခံ ပြီးတော့ လုပ်ကိုင် နေတဲ့အတွက်ကြောင့် ပြဿနာလေးတွေ ဖြစ်နေတဲ့အကြောင်း ကျွန်တော် တင်ပြပါတယ်ခင်ဗျား။ ကျန်တာကတော့ ကျွန်တော်တို့ Consultant ကိစ္စတို့၊ ဘာတို့ ကိစ္စတွေကတော့ ဒါ ကျွန်တော်တို့ လက်ခံလည်း လက်ခံပြီးသားပါ။ ဒါ စီမံစီးပွားဝန်ကြီးဌာနက။

ဒါဟာလည်းပဲ နိုင်ငံတော်အတွက် တကယ်အကျိုးရှိမှာဖြစ်လို့ ကျွန်တော် တင်ခဲ့တဲ့ အဆိုတွေ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ပဉ္စမအကြိမ်က အဆို(၂)ခုကိုတော့ ကျွန်တော် ဆွေးနွေးခြင်း မပြုတော့ပါဘူး။ အဲဒါလေးတွေကိုတော့ ကျွန်တော်တို့ အခုက ဥက္ကဋ္ဌကြီးကတစ်ဆင့် တွန်းတွန်းတိုက်တိုက်နဲ့ ကျွန်တော်တို့ ဒါကို နိုင်ငံတော်အတွက် အကျိုးရှိအောင်၊ ကျွန်တော်တို့ ဒါ ဆောင်ရွက်ပေးအောင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကိုယ်စားလှယ်တော်ကြီးများလည်း သိအောင်ဆိုတဲ့ သဘောနဲ့ ကျွန်တော် ဒီမှာ ဆွေးနွေးရခြင်းဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်တော် တင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအပေါင်း စိတ္တသုခ၊ ကာယသုခနဲ့ပြည့်စုံပြီး မင်္ဂလာကျက်သရေ အပေါင်းတို့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ဒီ အစီရင်ခံစာမှာ ဆိုလို့ရှိရင် ကော်မတီက နိဒါန်းရယ်၊ ရည်ရွယ်ချက်ရယ်၊ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် နိဂုံးဆိုပြီးတော့ အပိုဒ်(၄)ပိုဒ်ခွဲပြီးတဲ့အခါ ကဏ္ဍကို(၄)ခုခွဲပြီးတော့မှ အပိုဒ်(၇)ပိုဒ်နဲ့ ဒါ တင်ပြထားတာကို ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီအထဲမှာ နောက်ဆုံးမှာတော့ သူက ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်

အစည်းအဝေးများမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ စာရင်းချုပ်ကို ပူးတွဲပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီစာရင်းချုပ်ကို လေ့လာတဲ့အခါမှာ မေးခွန်းများနဲ့ ပတ်သက်လို့ ပထမပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်ထားချက် ပြီးစီးမှုက (၄၅)ရာနှုန်းဖြစ်ပြီး၊ ဒုတိယပုံမှန် အစည်းအဝေးမှာ (၄၂)ရာနှုန်း၊ တတိယပုံမှန်အစည်းအဝေးမှာ ကျတော့ (၁၉)ရာနှုန်း၊ စတုတ္ထပုံမှန်အစည်းအဝေးမှာကျတော့ (၁၆)ရာနှုန်းဆိုပြီး တဖြည်းဖြည်းနဲ့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများဟာ တဖြည်းဖြည်းနဲ့ ရာနှုန်းများ လျော့နည်းသွားတာကို လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ အဆိုများနဲ့ ပတ်သက်လို့ကလည်း ပထမပုံမှန် အစည်းအဝေးမှာကျတော့ လုပ်ငန်းပြီးစီးမှုက (၁၀၀)ရာနှုန်း၊ ဒုတိယပုံမှန် အစည်းအဝေးမှာ (၄၇)ရာနှုန်း၊ တတိယပုံမှန်အစည်းအဝေးမှာ (၄၂)ရာနှုန်း၊ စတုတ္ထပုံမှန် အစည်းအဝေးမှာကျတော့ (၈)ရာနှုန်း ဆိုပြီးတော့ တဖြည်းဖြည်းနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေဟာ ကျဆင်းသွားတာကို၊ တစ်ဆင့်ထက်တစ်ဆင့် နိမ့်ဆင်းသွားတာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဆိုတာ ပြည်သူများရဲ့ကိုယ်စား ကျွန်မတို့က လွှတ်တော်ထဲမှာ ပြည်သူ့ရဲ့အသံကို ကျွန်မတို့က ဖော်ပြပြီးတော့မှ ပြည်သူရဲ့ဘဝတွေကို ကျွန်မတို့က အနီးကပ် လေ့လာပြီးတဲ့အခါကျတော့မှ ပြည်သူတွေတောင်းတဲ့ အကူအညီတွေကို ရေးရာကော်မတီများက တစ်ဆင့် ကျွန်မတို့က ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများကို၊ သက်ဆိုင်ရာ အဖွဲ့အစည်းများကို ပို့ပြီးတဲ့အခါကျတော့မှ ကျွန်မတို့က ဒါကို အကောင်အထည်ပေါ်လာဖို့ သဘောတရားက နေပြီးတော့ လက်တွေ့ဖြစ်လာဖို့ ကျွန်မတို့က ဒါ ကြားထဲကနေ ဆောင်ရွက်ပေးကြတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့တာဝန်က လွှတ်တော်ထဲမှာရော၊ လွှတ်တော်ပြင်ပမှာရော တာဝန်(၂)ရပ်ပေါင်း ကို ဆောင်ရွက်နေကြတဲ့သူများ ဖြစ်ပါတယ်။ နိုင်ငံတော်ဟာ ကျွန်မတို့ အခု လက်ရှိအခြေအနေမှာဆိုလို့ရှိရင် ကမ္ဘာ့အလယ်မှာ၊ ကျွန်မတို့ နေရာအနှံ့အပြားမှာပဲ ကျွန်မတို့ နိုင်ငံရဲ့ ဂုဏ်သိက္ခာဟာ ထည်ဝါမြင့်မားစွာနဲ့ အခု တော်တော်လေးကို အောင်မြင်စပြုလာပြီ ဖြစ်ပါတယ်။

ထို့အတူပဲ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်ကြကုန်သော နိုင်ငံသူ၊ နိုင်ငံသား ပြည်သူလူထုရဲ့ဘဝတွေလည်း တိုးတက်ဖူလုံဖို့ ဒါ ကျွန်မတို့မှာ အားလုံး တာဝန်ရှိပါတယ်။ အချုပ်အခြာအာဏာသုံးရပ်ကို အပြန်အလှန်

ထိန်းကျောင်းပြီးတော့ ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းများအနေနဲ့ကလည်း ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့ ကိုယ်စားဖြစ်တဲ့အတွက် ကျွန်မတို့ကို မြင်တဲ့အခါ၊ ကျွန်မတို့အသံကို ကြားတဲ့အခါ၊ ကျွန်မတို့ ဆောင်ရွက်ချက်ကိုကြည့်တဲ့ ဝေဖန်သုံးသပ်တဲ့အခါမှာ ပြည်သူလူထုရဲ့အသံပဲ၊ ပြည်သူလူထုရဲ့ လိုအပ်ချက်ပဲ၊ ပြည်သူလူထုရဲ့ ဆုံးဖြတ်ချက် ပြည်သူလူထုရဲ့ဘဝကို ဖြည့်ဆည်းပေးဖို့ပဲဆိုပြီး အဲဒီ အသိလေးနဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါ အခုဆိုလို့ရှိရင် ကျွန်မတို့ ဒီက ပို့လိုက်တဲ့ လုပ်ငန်းတွေကို တဖြည်းဖြည်းနဲ့ သူတို့ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများက ဆောင်ရွက်ပေးတာဟာ တဖြည်းဖြည်းနဲ့ လျော့နည်းသွားတာကို ကြည့်ခြင်းအားဖြင့် ဒါဟာ ကောင်းတဲ့အလားအလာ မဟုတ်ဘဲနဲ့ ဒီထက်ပိုပြီးတော့ လုပ်ငန်း စွမ်းဆောင်ရည်တွေ တိုးမြင့်ဖို့ လိုအပ်နေတယ်ဆိုတာကို ကျွန်မတို့က ဒီအစီရင်ခံစာကိုကြည့်ပြီး ကျွန်မတို့ ထင်ထင်ရှားရှား တွေ့ရမှာဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်မတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဂ)၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၈၈ နဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၁၉ တို့ကို ရည်ညွှန်းပြီးတော့ ကျွန်မက ပြည်သူလူထုတွေရဲ့ဘဝတွေ၊ လူမှုဘဝတွေ၊ လိုအပ်ချက်တွေ၊ ဆန္ဒတွေ၊ အသံတွေ ဒါတွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကျွန်မတို့ လွှတ်တော်က ဒါ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေသလို သက်ဆိုင်ရာ ကျွန်မတို့နဲ့ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ရမယ့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနနဲ့ အခြားအဖွဲ့အစည်းအသီးသီးကလည်း ဒါ ဆောင်ရွက်ပေးဖို့ လိုအပ်တယ်ဆိုတာကို ကျွန်မ ဒီကနေပြီးတော့တစ်ဆင့် မေတ္တာရပ်ခံရင်းနဲ့ ကျွန်မ ဒီ ပထမ အကြိမ် အမျိုးသားလွှတ်တော်၊ အမျိုးသားလွှတ်တော် ပထမအကြိမ်၊ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာအပေါ်မှာ ဒီကော်မတီရဲ့ သဘောထားနဲ့ တစ်ထပ်တည်းကျပါကြောင်း ထောက်ခံဆွေးနွေးရင်းနဲ့ ကျွန်မ နိဂုံးချုပ် ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့်အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးအောင်ထွန်း (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများမှာ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရန် ကျန်ရှိတဲ့ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံနိုင်ပါရန် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ကျွန်တော် ဦးအောင်ထွန်း က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ၏ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်းမပြုဘဲ အားလုံးကိုတစ်ပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေး မေးမြန်းခြင်းပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် တင်သွင်းထားတဲ့ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်းမပြုဘဲ အားလုံးကို တစ်ပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်းပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဧည့်သည့်တော်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ မေတ္တာပို့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ရဲ့ အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအုန်းတင် ရဲ့ အဆိုမှာ အပိုင်း(၂)ပိုင်း ရှိပါတယ်။ ပထမပိုင်း ကတော့ အခြေခံပညာအထက်တန်းကျောင်းများတွင် ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ခွဲခြားမှုမပြုဘဲ အားလုံးကို တစ်ပြေးညီ သင်ကြားပို့ချပေးရန် ဖြစ်ပါတယ်။ ထိုအဆိုကို ပထမဦးစွာ ဆွေးနွေးတင်ပြပါမယ်။ ကျွန်တော်တို့ ယခင်က ဝိဇ္ဇာဘာသာတွဲနဲ့ သိပ္ပံဘာသာတွဲ ဟူ၍ ခွဲခြားခြင်း မပြုဘဲနဲ့ အားလုံးတစ်ပြေးညီသင်ကြားခဲ့ပါတယ်။ အဲဒီအချိန်မှာ စာမေးပွဲ ဖြေဆိုရာမှာ ဘာသာရပ် (၅)ခု ဖြေဆိုခဲ့ကြပါတယ်။ အဲဒီဘာသာရပ်(၅)ခုမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ ဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲ ဆိုပြီးတော့မှ ဘာသာရပ်(၅)ခုဖြေပါတယ်။ သိပ္ပံဘာသာတွဲမှာတော့ ရူပ၊ ဓာတု၊ ဇီဝ ဆိုပြီးတော့ (၃)ဘာသာ ပါ ပါတယ်။ ဝိဇ္ဇာဘာသာတွဲ မှာတော့ သမိုင်း၊ ပထဝီ၊ Eco ဆိုပြီးတော့ (၃)မျိုးပါ ပါတယ်။ အဲဒီအချိန်မှာ ကလေးတွေက ကျွန်တော်တို့ ဒီစာမေးပွဲ ဖြေဆိုဖို့ရန်အတွက် ဘာသာ(၉)ခုစလုံးကို ကျွန်တော်တို့လေ့လာ ဆည်းပူးရတာ ဖြစ်ပါတယ်။ အဲဒီလို လေ့လာဆည်းပူးရတော့ ကျွန်တော်တို့ ဒီကျောင်းသား စာမေးပွဲဖြေမယ့် ကျောင်းသူ၊ ကျောင်းသားဟာ ဘာသာရပ်က(၉)ခုဖြစ်နေတဲ့အတွက်ကြောင့် အင်မတန် ပင်ပန်းပြီးတော့ ကျွန်တော်တို့ အလွန်ကြိုးစားရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသူ၊ ကျောင်းသားများရဲ့ စာမေးပွဲဖြေဆိုမှုမှာ ကျွန်တော်တို့ (၃)ဘာသာတွဲပြီး ဖြေတဲ့နေ့မှာဆိုလို့ရှိရင် စာကများလွန်းပြီး ပင်ပန်းဆင်းရဲလှပါတယ်။ ကလေးတွေရဲ့ မျက်နှာမှာညှိုးငယ်နေတာကို တွေ့ရှိရပါတယ်။ ဒီကလေးတွေရဲ့ မျက်နှာညှိုးငယ်ဟာတာဆိုလို့ရှိရင်

ဒီဘာသာရပ်တွေမှာ ကလေးတွေဟာ စာကိုမပိုင်နိုင်လို့ ဖြစ်တယ်လို့ပေါ်နေပါတယ်။ အဲဒီ ကျွန်တော်တို့ (၃)ဘာသာဖြေတဲ့နေ့နဲ့ပတ်သက်လို့ အင်မတန် ထူးချွန်ထက်မြက်တဲ့ စာမေးပွဲမှာ (၅)ဘာသာဂုဏ်ထူး၊ (၄)ဘာသာဂုဏ်ထူး၊ (၃)ဘာသာဂုဏ်ထူးထွက်တဲ့ ကျောင်းသူ၊ ကျောင်းသား တွေရဲ့အနေအထားကို ကျွန်တော်၏ အတွေ့အကြုံအရ ကျွန်တော်တင်ပြ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီ(၃)ဘာသာဖြေတဲ့နေ့မှာ ဒီအချိန်ကိုသူက (၃)ပိုင်းခွဲ ပြီးတော့ စာကြည့်ရပါတယ်။

စာကြည့်လိုက်တဲ့အခါကျတော့ စာကများလွန်းတဲ့အခါမှာ ဒီကလေးကို မိဘနဲ့ ဆရာက ကူညီပြီး စာကြည့်ပေးရပါတယ်။ စာကြည့်ပေးလိုက်တဲ့အခါကျတော့ အချိန်(၃)ပိုင်း ခွဲလိုက်တယ်။ ဒီ (၃)ပိုင်းအတွင်းမှာပဲ ဥပမာဆိုပါတော့ ဓာတုကို ပထမကြည့်မယ်ဆိုလို့ရှိရင် အချိန်သာ ပြည့်သွားတယ် အဲဒီဓာတုကို သူက Revision ပြန်လို့ မပြီးသေးပါဘူး။ အဲဒီအချိန်မှာ သူက ဆရာနဲ့မိဘကနေပြီးတော့ ကလေးကို ကြီးကြပ်ပြီးတော့ မင်းနောက်တစ်ဘာသာကို ပြောင်းကြည့်တော့ ဆိုလိုက်တဲ့အခါကျတော့ ကလေးက အားမရဘဲနဲ့ နောက်တစ်ဘာသာကို ပြောင်းကြည့်ရပါတယ်။ အဲဒီလို၊ အဲဒီလိုနဲ့ပြောင်းကြည့်လိုက်တဲ့အခါမှာ ဒီကလေးဟာ အင်မတန် ထက်မြက်တော်တဲ့ ကလေးဖြစ်ပေမယ့်လို့ သူက နှစ်ဘာသာလောက်ကိုပဲ ကောင်းကောင်း ပိုင်အောင်ကြည့်နိုင်ပြီးတော့ ကျန်တစ်ဘာသာမှာ သူ မပိုင်မနိုင်နဲ့ စာမေးပွဲ ဝင်ဖြေတာကို တွေ့ရပါတယ်။ အဲဒီအချိန်မှာ ကလေးက စာမေးပွဲကို ဝင်တဲ့အခါမှာ မျက်နှာညှိုးငယ်စွာနဲ့ ဝင်သွားပါတယ်။

သို့သော် ဒီ ကလေးဟာ အင်မတန်တော်ပြီး ထက်မြက်တဲ့ကလေး၊ နဂိုကတည်းက စာပိုင်ပြီးသား ကလေးဖြစ်တဲ့အတွက်ကြောင့် စာမေးပွဲဖြေပြီးတဲ့အခါမှာ သူက ဖြေနိုင်တဲ့ အခါကျတော့ သူက ပြုံးပြီး ထွက်လာနိုင်ပါတယ်။ ဆိုလိုတဲ့ သဘောတရားက ကျွန်တော်တို့ ဒီလို ပေါင်းပြီးတော့မှ (၉)ဘာသာကြီး ဖြေရတဲ့အချိန်မှာ ကလေးဟာ အင်မတန်ပင်ပန်းတယ်။ မိဘ ကလည်း ကူရတယ်။ Guide လုပ်တဲ့ဆရာကလည်း ကူညီပြီး ပြုလုပ်ရတဲ့အတွက်ကြောင့် ပင်ပန်းဆင်းရဲပါတယ်။ သို့သော် (၃)ဘာသာလုံးကိုတော့ ကလေးဟာ ပိုင်အောင် မကြည့်နိုင် ပါဘူး။ မကြည့်နိုင်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒီကလေးဟာ ဘာသာရပ်နဲ့ ပတ်သက်လို့ ပိုင်နိုင်မှုမရှိဘူးလို့ ကျွန်တော်တို့ ယူဆရပါတယ်။ အဲဒီလို ယူဆရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကလေးဟာ ဘာသာရပ်ကို မပိုင်မနိုင်ဘဲနဲ့ ဂုဏ်ထူးတော့ထွက်သွားတယ်။ ကလေးဟာ ဘာသာရပ်ကို မပိုင်မနိုင်ဘဲနဲ့ ကျွန်တော်တို့ အတန်းတက်သွားတဲ့အတွက်ကြောင့် ထူးချွန်

ထက်မြက်တဲ့ကလေး မဖြစ်နိုင်တော့ပါဘူး။ အဲဒီလို ထူးချွန်ထက်မြက်တဲ့ကလေး မဖြစ်နိုင်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒီ ပညာရပ်တွေကို ဆက်လက်လေ့လာတဲ့အခါမှာ ကျွန်တော်တို့ တိုင်းပြည် အတွက်လည်း အကျိုးမရှိသလို မိဘအတွက်လည်း ပင်ပန်းဆင်းရဲတာ ဖြစ်တဲ့ အတွက်ကြောင့် ဒီလိုဘာသာရပ် ပူးတွဲပြီးတော့ ဖြေဆိုခြင်းကို ကျွန်တော်တို့ စဉ်းစားဆင်ခြင် သင့်တယ်လို့ ကျွန်တော်တို့ အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ နေရာမှာ ကျွန်တော်ထပ်မံတင်ပြချင်တာက ကျွန်တော်တို့ ထူးချွန်ထက်မြက်တဲ့ကလေးတောင်မှ ဒီဘာသာရပ်ကို မပိုင်မနိုင်ဖြစ်နေတဲ့ အချိန်မှာ ကျွန်တော်တို့ ဒီဘာသာရပ်နဲ့ ပတ်သက်လို့ရှိရင် အတော်အသင့်တတ်မြောက်တဲ့ကလေး ပေါ့လေ၊ ထူးချွန်ထက်မြက်တဲ့ ကလေးမဟုတ်ဘဲနဲ့ တချို့ဆိုရင် စာကိုတော်ရုံသင့်ရုံ တတ်တဲ့လူနဲ့ ညံ့တဲ့ လူဆိုပြီးတော့ တချို့ကျောင်းသားတွေရှိပါတယ်။ အဲဒီလို ကျောင်းသားတွေအတွက်ဆိုလို့ ရှိရင် ဒီဘာသာရပ်ကို ပိုင်နိုင်ဖို့ရာ တော်တဲ့ကလေးတောင်မှ မပိုင်မနိုင်ခဲ့လို့ရှိရင် ညံ့တဲ့ကလေး ဟာ ပိုမိုပြီး ဆိုးရွားမှာဖြစ်တဲ့အတွက်ကြောင့် ဒီလို ကလေးတွေဟာ ထူးချွန်ထက်မြက်တဲ့ ကလေး မဖြစ်နိုင်တဲ့အတွက်ကြောင့် အဲဒီလို ကျွန်တော်တို့ ဘာသာရပ်ကို ပေါင်းစည်းပြီးတော့မှ ဖြေလိုက်မယ်ဆိုလို့ရှိရင် ဝိဇ္ဇာနဲ့ သိပ္ပံဘာသာရပ်ကို ခွဲခြားမှုမပြုဘဲနဲ့ ဖြေလိုက်မယ် ဆိုလို့ရှိရင် တိုင်းပြည်အတွက်လည်း နစ်နာတဲ့အတွက်ကြောင့် ဒီ ဦးအုန်းတင်ရဲ့ ပထမပိုင်း အဆိုကိုတော့ စဉ်းစားသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ တင်ပြ အပ်ပါတယ် ခင်ဗျား။

ဒုတိယပိုင်းအဆိုကတော့ ကျွန်တော်ဆက်လက်ပြီး ဆွေးနွေးပါမယ်။ ဒုတိယပိုင်း အဆိုကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး မေးခွန်းတစ်ခုတည်းဖြင့် မေးမြန်းရန် ဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော် ဒီလိုပေါင်းစည်းတဲ့အချိန်မှာ ကျွန်တော် စာစစ်မှူးဘဝနဲ့ ရန်ကုန်မှာ ကျွန်တော် နှစ်ခါ ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီလို နှစ်ခါ ထမ်းဆောင်တဲ့ အခါမှာ ကျွန်တော်တို့ ဒီစာမေးပွဲကို စစ်တဲ့အခါမှာ အမှတ်ပေးဇယားနဲ့ အံဝင်ခွင်ကျ အပိုအလို မရှိ ဖြေနိုင်တာဟာ ရန်ကုန်က ကလေးတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်နဲ့ နယ်က ကလေးတွေဟာ ကျွန်တော်တို့ ကွက်တိ မဖြေနိုင်ပါဘူး။ အဲဒီလို မဖြေနိုင်တဲ့အခါမှာ ကျွန်တော်ရဲ့ စာစစ်ထဲမှာ ရှိတဲ့ ကျွန်တော်တို့ ရခိုင်ကပဲ SAT (၃)ယောက် လာစစ်ပါတယ်။ လာစစ်တဲ့ အခါကျတော့ အဲဒီ Paper တစ်ခုကို သူစစ်ပြီးတော့မှ ကျွန်တော့်ဆီကို လာပြပါတယ်။

ဆရာ၊ ဆရာ ဒီမှာကြည့်ပါအုံး ဒီကလေးဟာ အမှတ်ပေးဇယားနဲ့ ကွတ်တိကိုပဲ ဖြေထားတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်က ကလေးတွေဆိုလို့ရှိရင် ဒီလို မဖြေနိုင်ပါဘူး။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့၊ ကျွန်မတို့ဒီ ပြည်နယ်မှာရှိတဲ့ ကလေးတွေဟာ နစ်နာပါတယ်။ သူတို့လို ကျွန်မတို့ ကွက်တိဖြေနိုင်အောင် သင်ပြချင်ပါတယ်။

ဒါကြောင့်မို့လို့လည်း ကျွန်မတို့က စရိတ်တွေဘာတွေအကုန်ခံပြီးတော့မှ လာစစ်တာပါလို့ ပြောပါတယ်။ အဲဒီစကားသံတွေအရဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဒီ မေးခွန်းတစ်ခုတည်း ထားစစ်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရန်ကုန်တိုင်းက ကလေးတွေဟာ ပိုပြီး အားသာတယ်လို့ ပြည်နယ်က SAT ဆရာ၊ ဆရာမတွေက မြင်လာနိုင်ပါတယ်။ အဲဒီလို မြင်သလိုပဲ သူက ပြည်နယ်ကနေပြီးတော့မှ လာပြီးတော့ စစ်တဲ့အခါကျတော့ စရိတ်စကနဲ့ မတတ်နိုင်တဲ့အခါကျတော့ ဆရာ၊ ဆရာမအားလုံး လာမစစ်နိုင်ပါဘူး။ လာမစစ်နိုင်တဲ့ အခါကျတော့ အဲဒီ ကျွန်တော့်အထဲမှာပါတဲ့ ရခိုင်ပြည်နယ်ကဆရာမ (၃)ယောက်ကပဲ ကျွန်တော်တို့ (၃)၊ (၄)ရက်လောက် စစ်ပြီးတဲ့အခါကျတော့ ပျောက်သွားပါတယ်။ (၂)ရက်လောက် ပျောက်သွားပြီးတဲ့အခါကျတော့မှ တစ်ခါ ပြန်ပေါ်လာတယ်။ အဲဒီလိုပဲ မှန်မှန်ပျောက်သွားပြီးတော့ ပြန်ပေါ်လာတဲ့အခါကျတော့ ကျွန်တော်ကမေးပါတယ်။ ခင်ဗျားတို့ ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲလို့ ပြောလိုက်တဲ့အခါကျတော့ ဆရာတဲ့ ကျွန်မတို့ဆီက SAT ဆရာ၊ ဆရာမတွေကတဲ့ အများကြီးမတတ်နိုင်တော့ နည်းနည်းပဲ လာစစ်ရတယ်။

အဲဒီတော့ ကျွန်မတို့ဆိုလို့ရှိရင် သင်္ချာကိုလည်း စစ်နိုင်သလို ကျွန်တော်တို့ ဒီ ရူပဗေဒလည်း စစ်နိုင်တဲ့အတွက်ကြောင့် သင်္ချာကိုလည်း လာစစ်တယ်၊ ရူပဗေဒလည်း ပြေးစစ်လိုက်တယ်။ အဲဒီကျတော့ ဒီ အမှတ်ပေးတဲ့ သဘောတရားတွေ၊ ဘာတွေကိုပါ အကုန်နားလည်သွားပြီးတော့ ကျွန်မတို့ ကိုယ့်ပြည်နယ် ကိုယ် ပြန်ပြီး သင်တဲ့အခါကတော့ ကျွန်မတို့ ကလေးတွေအတွက် အကျိုးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့က အဲဒီလို လုပ်ရတာပါလို့ ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်ထင်တယ်လေ၊ အဲဒီလို SATဆရာ၊ ဆရာမတွေဆီက စကားသံတွေ၊ ဘာတွေရတယ်။ ရန်ကုန်တိုင်းကတော့ ဒါပြည်နယ်တွေနဲ့ စာလို့ရှိရင် မတရားအခွင့်အရေးရတယ်လို့ အဲဒီလို မြင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီ တိုင်းနဲ့ ပြည်နယ်တွေကို ခွဲပြီးတော့မှ မေးခွန်းစစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကျွန်တော်

အယူအဆအရ ဖြစ်တာပါ။  ဒါလည်း SAT ဆရာ၊ ဆရာမတွေရဲ့ စကားသံနဲ့ ပြောဆိုတဲ့ အတွက်ကြောင့် ကျွန်တော်လည်း သဘာဝကျတယ်လို့ ကျွန်တော်တို့ အဓိပ္ပာယ်ပေါက်ပါတယ်။

နောက်တစ်ချက် ထပ်တင်ပြချင်တာကတော့ ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ စာစစ်ဌာနက (၁၀)ခု ခွဲစစ်လိုက်တဲ့အတွက်ကြောင့် ကျွန်တော် မေးခွန်းထုတ်ပုံထုတ်နည်းကို အရင်တစ်ပတ်တုန်းက ဒီမှာ တင်ပြဆွေးနွေးသွားပြီးဖြစ်တဲ့အတွက်ကြောင့် အဲဒီ မေးခွန်းထုတ်ပုံ ထုတ်နည်းနဲ့ ပတ်သက်လို့ မေးခွန်း အစုံ(၃၀)ထုတ်ပြီးတော့မှ အဲဒီ အထဲကနေပြီးတော့မှ ကျပန်းရွေးပြီးတော့မှ မေးတယ်ဆိုတာကိုတော့ အချိန်ကိုင်ငဲ့ညှာတဲ့အနေနဲ့ ကျွန်တော်တို့ မဆွေးနွေးတော့ပါဘူး။

ကျွန်တော် ထပ်ပြီးတော့ ဆွေးနွေးတင်ပြမှာက ဒီစာမေးပွဲမှာ စစ်ဆေးတဲ့အခါမှာ အမှတ်ပေးဇယား ရေးဆွဲခြင်း -----------------

**ဥက္ကဋ္ဌ**။  ။ နိဂုံးချုပ်ပါ။

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)** ။  ။ နိဂုံးချုပ်ပါမယ်။ ကျွန်တော်တို့ အနည်းငယ်တင်ပြပါမယ်ခင်ဗျာ။ ကျွန်တော်တို့ ဒီ စာစစ်ဌာနမှာ ရှိတဲ့ (၁၀)ဦးစလုံးဟာ ညှိနှိုင်းပြီးတော့ အမှတ်ပေးဇယားကို  စစ်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပမာ ဆိုပါတော့၊ မကွေးတိုင်းမှာရှိတဲ့ စာစစ်မှူးက သူဆွဲထားတဲ့ဇယားသည် ကျန်တဲ့ စာစစ်ဌာန(၉)ခုက အားလုံး သဘောတူမှ ကျွန်တော်တို့ ညှိစစ်ရတာ ဖြစ်တဲ့အတွက်ကြောင့်  ဒီအမှတ်ပေး ဇယားဟာ ညှိနှိုင်းရေးဆွဲထားတဲ့အတွက်ကြောင့်  Question သည် လွယ်သည်ဖြစ်စေ၊ ခက်သည်ဖြစ်စေ အားလုံးဟာ တစ်ပြေးညီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ညှိပြီးမှစစ်တဲ့အတွက်ကြောင့် သဘာဝကျ ပါတယ်။ ကျွန်တော်တို့ တစ်နှစ်မှာ မန္တလေးတိုင်းမှာ ကျွန်တော်တို့ ဓာတုဗေဒ ခက်တယ်လို့ ဆိုပေမယ်လို့ အဲဒီလိုညှိစစ်လိုက်တဲ့အခါကျ ဘယ်လိုဖြစ်တုန်းဆိုတော့၊ ပြီးခဲ့နှစ်က၊ မခက်တဲ့ နှစ်က အဲဒီ ဓာတုဗေဒရဲ့ အောင်မြင်မှု  Percentage နဲ့  အဲဒီမေးခွန်းလေး နည်းနည်း ခက်သွားတဲ့ နှစ်ရဲ့အောင်မြင်မှု  Percentage က တွက်ကြည့်လိုက်တဲ့အခါကျတော့ မေးခွန်း နည်းနည်းခက်တဲ့နှစ်က အောင်မြင်မှု Percentage ကတောင်မှ ပိုပြီးများနေတာကို တွေ့တဲ့ အတွက်ကြောင့် အဲဒီလို Questionလေး အနည်းငယ်လွဲမှားမှုကို အနည်းငယ်ကွာဟမှုကြောင့်လည်း

ကျောင်းသူ၊ ကျောင်းသားတွေမှာ မနစ်နာဘူးလို့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြပါတယ်ခင်ဗျာ။

အဲဒါကြောင့်မို့လို့ ဒီလို ကျွန်တော်တို့ တိုင်းဒေသ(၁၀)ခုမှာ၊ စာစစ်ဌာန(၁၀)ခုမှာ ခွဲစစ်ခြင်းအားဖြင့်လည်း ကျောင်းသူ၊ ကျောင်းသားများ မနစ်နာဘူးဆိုတဲ့အကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ယခု လက်ရှိအခြေအနေအတိုင်း စစ်ဆေးခြင်းဟာ ကျောင်းသူ၊ ကျောင်းသားများဟာ မနစ်နာတဲ့အတွက်ကြောင့် အင်မတန်သင့်မြတ်ပါတယ်။ တကယ်လို့ တစ်နေရာတည်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ မေးခွန်းရဲ့ လုံခြုံမှုကအစ ကျွန်တော်တို့ ပြဿနာပေါ် နိုင်ပါတယ်။ ခွဲစစ်တဲ့အတွက်ကြောင့် မေးခွန်းရဲ့ လုံခြုံမှုကိုလည်း အချိန်တိုအတွင်း ဖြေရှင်းနိုင်တဲ့အတွက်ကြောင့် ကျွန်တော် ဦးအုန်းတင် ရဲ့ အဆိုကို ကျွန်တော်တို့ ကန့်ကွက်ပါကြောင်း ကျွန်တော်တို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ရှေးဦးစွာ ကျွန်တော် မဆွေးနွေးခင်မှာ ခုနအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဗညားအောင်မိုး မေးခွန်း မေးသွားတဲ့ ပျူယဉ်ကျေးမှု ကိစ္စတစ်ခုမှာ ဘာသာရေး ကျွန်တော်တို့ ရိုမန်ကက်သလစ်ဘာသာ ဖြစ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်ရဲ့ အကြံဉာဏ်ပေါ့၊ ကျွန်တော့် အတွေးအခေါ်လေး နည်းနည်းတင်ပြခွင့် တစ်မိနစ်လောက် တင်ပြခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ စုစုပေါင်း အချိန်(၁၀)မိနစ်ပဲ ရမယ်။

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။ ဟုတ်ကဲ့။ ဒီ ကျွန်တော်တို့ အခုန ပြောသွားတဲ့အချိန်မှာ ဒီဘာသာရေးနဲ့ ကျွန်တော်တို့ ရိုမန်ကက်သလစ် ဘာသာတွေ အဲဒီအချိန်မှာ ဒီ ကျွန်တော်တို့ရဲ့ သုံးနှုန်းသွားတဲ့ (သောမတ်အက္ကွိုင်းနပ်) လို့ပြော ပါတယ်။ ကျွန်တော်တို့အနေနဲ့ Saint ဖြစ်ပါတယ်။ ရဟန္တာ ဖြစ်ပါတယ်။ သူက Angelic Doctor လို့ပြောပါတယ်။ ကျွန်တော်တို့ရဲ့ အတွေးအခေါ်ပညာနဲ့ ဓမ္မသင်္ဂြိုလ် ပညာရပ် ပါရဂူရှင် ဖြစ်ပါတယ်။ ရဟန္တာ (Plus) ပေါ့၊ အဲဒီလို ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာ

ပျူဘာသာမှာ ထွန်းကားခဲ့တဲ့ ပညာရှင်က သူ့ထက်သာတယ်လို့ အဲဒီလို အမိပ္ပာယ် ကောက်ရတာမို့လို့ ပျူစာတမ်းဖတ်ပွဲအဖွဲ့ကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီစာသားလေး ကိုတော့ နည်းနည်းလေး ဖြုတ်ပေးနိုင်ရင်တော့ ဖြုတ်ပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံလို ပါတယ်။ ကျွန်တော် အတိုကောက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ စာတမ်းဖတ်ပွဲက မဟုတ်ဘူး။ ဒေါက်တာဗညားအောင်မိုး ရဲ့ အဆိုဖြစ်တယ်။ ဒါကို ဖြုတ်ပေးလိုက်ပါ။

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ဦးအုန်းတင်ရဲ့ ကျွန်တော်တို့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၄၇ ခု နောက်ပိုင်းမှ ၁၉၆၄ ခုနှစ် အထိ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံရဲ့ ပညာရေးနဲ့ အားကစားကဆိုရင် အာရှတစ်ခွင်မှာ လျှမ်းလျှမ်းတောက်ပြီးမှ ကျွန်တော်တို့ နာမည်ကျော်ခဲ့ပါတယ်။ နောက် တစ်ကမ္ဘာလုံးနဲ့တောင်မှ ယှဉ်နိုင်ခဲ့တယ်လို့ ကျွန်တော် ဒီလို ယူဆပါတယ်။ ဒါက အခြေခံ အချက်အလက်တွေက ကျွန်တော်တို့ ပြုပြင်စရာလေးတွေတော့ ရှိမှာပဲလို့ ကျွန်တော် အများကြီးထဲကနေ ဒီ အဆို ခေါင်းစဉ်နှစ်ခုဟာဆိုရင်လည်း ပါဝင်ပတ်သက်တယ်လို့ ဒီလို ယူဆပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်လည်း (၁၀)တန်းအောင်ပြီးကာစမှ စ၍ သူငယ်တန်းကနေစပြီးတော့မှ (၁၀)တန်းအထိ ကလေးတွေကို နှစ်ပေါင်း(၁၈)နှစ်လောက် ကျွန်တော် ကျူရှင်ဆရာလုပ်ပေး ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ကလေးတွေရဲ့ ဒီ Majorityပေါ့၊ Age of Majority ကို အဲဒါကို ကျွန်တော်က ထည့်သွင်းစဉ်းစားစေချင်တာ ဖြစ်ပါတယ်။ (၈)တန်းအောင်တယ်ဆိုတာက (၁၃)နှစ် သာသာ၊ ကျော်ကျော်လောက်ပဲ ရှိသေးတယ်။ အဲဒီအချိန်မှာ သူ့ရဲ့ Live Long Decision Making ဖြစ်ပါတယ်။ အင်္ဂလိပ်လိုအနည်းအကျဉ်း ထည့်သွင်းခွင့်ပြုပါ ဥက္ကဋ္ဌကြီး ခင်ဗျား။ သူရဲ့ တစ်ဘဝလုံးကို ဝိဇ္ဇာ၊ သိပ္ပံ ရွေးချယ်ရတော့မှာ ဖြစ်ပါတယ်။ ဒီ(၁၃)နှစ်မှာ သူကဒီဟာ ဘဝတစ်သက်စာကို ရွေးချယ်ဖို့တော့ သိပ်စောလွန်းသေးတယ်လို့ ထင်ပါတယ်။ ဒါကြောင့် Early Teenager ဖြစ်ပါတယ်။ သူက ဒီ ကျွန်တော်တို့ရဲ့ ပုံမှန်က (၁၆)နှစ်၊

(၁၇)နှစ်လောက်မှ သူက ဆုံးဖြတ်နိုင်တယ်လို့ တရားဝင် ဒါတရားရုံးမှာလည်း အဲဒီအချိန်မှ Sign ထိုးနိုင်တယ်လို့ ပြောပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်က ဒီကလေးတွေကို (၈)တန်းအောင်ပြီးတာနဲ့ ဝိဇ္ဇာ၊သိပ္ပံ က ခွဲလိုက်တဲ့စနစ်ကိုတော့ ကျွန်တော့်အနေနဲ့ သိပ်မထောက်ခံချင်ဘူး။ ဒီပညာမတတ်လို့ ကျွန်တော်တို့ သားသမီးတွေကလည်း ဘာကြောင့်လဲဆိုရင် ဝိဇ္ဇာပညာဆိုတာက သိပ်ကို အရေးကြီးပါတယ်။ ခုနပြောတဲ့ အနုပညာတွေ၊ ကျွန်တော်တို့ ဒီယဉ်ကျေးမှုတွေ၊ ကိုယ်ကျင့် သိက္ခာတွေ၊ နီတိတွေ၊ မော်ဒန်တွေ ဒါတွေက ဝိဇ္ဇာဘာသာရပ်မှာ ပါတာ ဖြစ်ပါတယ်။ ကျွန်တော်ဆိုရင် သိပ္ပံဖြစ်သွားတယ်။ (၉)တန်းကနေစပြီးမှ ကျွန်တော် မြန်မာနိုင်ငံမြေပုံကို ကောင်းကောင်း မဆွဲတတ်ပါဘူး။ နောက် ဒီ Date တွေ ဘာတွေမေးမယ်ဆိုရင်လည်း မသိတော့ဘူး အဲဒီလို ဖြစ်သွားတယ်။ ဒါအလျဉ်းသင့်လို့ နည်းနည်း ကျွန်တော့်သူငယ်ချင်း တစ်ယောက်ဆိုရင် သူ အီတလီမှာ ရောက်တဲ့အခါမှာ မြန်မာမြေပုံဆွဲပြပါ၊ နင်တို့ မြန်မာပြည်မြေပုံဆွဲပြပါလို့ ပြောတယ်။ ဥက္ကဋ္ဌကြီးကို ကျွန်တော် ခွင့်ပန်ပါရစေ၊ သူလုပ်ပြတဲ့ပုံပေါ့၊ ကျွန်တော် မဆွဲတတ်ဘူး အဲဒီလိုပြောတယ်။ မဆွဲတတ်ဘူး။ ကျွန်တော် နမူနာတော့ လုပ်ပြတယ်။ လုပ်ပြတတ်တယ် အမူအရာတော့ လုပ်ပြတတ်တယ်။ ကျွန်တော် အမူအရာလုပ်ပြခွင့်ပြုပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံက ဒီလိုဖြစ်ပါတယ်ဆိုပြီးမှ သူက ဒီလိုလုပ်ပြပါတယ်။ ဒါကျွန်တော်တို့ မြန်မာနိုင်ငံပုံပေါ့။ သူက မြေပုံမဆွဲတတ်လို့ပါ။ သူလည်း သိပ္ပံကျောင်းသား ဖြစ်ပါတယ်။ မြေပုံကို သူ မဆွဲတတ်ဘူး၊ မြန်မာနိုင်ငံမြေပုံကို။ ပြောချင်တာက ဒီ တတ်မြောက်သင့်တဲ့ ပညာရပ်က သူ ယေဘုယျအနေနဲ့ အားလုံးတော့ သူက တတ်သင့်တာဖြစ်ပါတယ်။

ဒါကြောင့် ဝိဇ္ဇာပညာရပ်မှာ စီးပွားရေးပညာရပ်လည်း ပါ ပါတယ်။ ကျွန်တော့်အနေနဲ့ လည်း အဲဒီလိုပါပဲ ကျွန်တော့်လိုပါပဲ စာရင်းအင်းပညာဆိုတာ ဘာမှန်းလည်း ကျွန်တော် နားမလည်ဘူး။ စီးပွားရေးပညာဆိုတာလည်း နားမလည်ပါဘူး။ သူက ဘောဂဗေဒမှာ တော်တော်လေး ပါတာဖြစ်လို့ ဘောဂဗေဒဆိုတာ ဘယ်လိုပုံဖော်မှန်းလည်း ကျွန်တော် မသိဘူး။ ဒါကြောင့် ဟိုဟာကျမှ ကျွန်တော့်အနေနဲ့ကတော့ (၁၀)တန်းတို့၊ နိုင်ငံတကာလိုပေါ့ (၁၀)တန်း အောင် သို့မဟုတ် ကောလိပ် Second Year နေစပြီးတော့ Specification၊ Specialization ပေါ့၊ Major တွေကို ခွဲသွားတာတော့ ပိုကောင်းမယ်လို့ ကျွန်တော့်အနေနဲ့ အဲဒီလို ယူဆတယ်။ ဒါကြောင့် ထောက်ခံတာဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် သူ့အနေနဲ့

အဲဒီအချိန်မှာ Age of majority ရှိပါပြီ။ (၁၀)တန်းလည်း အောင်ပြီ သို့မဟုတ် ကောလိပ် Second Year လည်း ရောက်ပြီ ဟိုတုန်းက ကျင့်သုံးခဲ့တဲ့ ပညာရပ်လည်း ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ သူ့အနေနဲ့ ဒါကတော့ ကျွန်တော့်ဘဝအတွက် Professional အသက်မွေးဝမ်းကျောင်းအတွက် ကျွန်တော် Specification ယူတော့မယ်လို့ ပြောတဲ့အချိန်မှာ Specification ယူသွားတာကတော့ သိပ်ထွန်းထွန်းပေါက်ပေါက် ဖြစ်သွားနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ပြီးတော့ မှားယွင်းမှုလည်း နည်းပါးသွားမှာဖြစ်ပါတယ်။ (၈)တန်းအောင်တာလေးနဲ့ ဆုံးဖြတ်လိုက်တာကတော့ မှားယွင်းမှုက များသွားနိုင်တာ အများကြီးဖြစ်နိုင်တယ်။ ဒါလေးကို ကျွန်တော် မီးမောင်းထိုးပြချင်တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီကလေးတွေက စိတ်ပညာရေးမှာလည်း ဒီမိုကရေစီကျကျနဲ့ ရွေးချယ်ပိုင်ခွင့်ရှိတာကိုလည်း လုပ်ရမှာဖြစ်တယ်။

ကျွန်တော်တို့ မိဘများက အများပိုင်းတော့ သိပ်ဆရာဝန်ဖြစ်ရမယ်၊ အင်ဂျင်နီယာဖြစ်ရမယ်၊ Professional လိုင်းယူရမယ်၊ သိပ္ပံယူဆိုပြီးမှ သိပ္ပံကိုပဲယူခိုင်းတယ်။ ကလေးတွေက၊ ဒါပေမဲ့ အဲဒီကလေးက ထွန်းထွန်းပေါက်ပေါက် နာမည်လေး သုံးခွင့်ပြုပါ။ အခု ဒီမှာ ဦးနေဝင်းထွန်း တို့လိုပေါ့လေ။ ဒါ စီးပွားရေးပညာမှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်နိုင်တဲ့ ကလေးလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဒီ သိပ္ပံလိုင်းကိုပဲ ယူနေရင်တော့ သူ့ရဲ့ တကယ် Profession က မရောက်ဘဲ ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီ လွတ်လွတ်လပ်လပ် သူ ဝါသနာပါတဲ့နေရာမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါ့ပေါ့ပါးပါးနဲ့ သူ သင်ကြားခွင့်ရရှိနိုင်အောင် အဲဒီလို သူ စိတ်ကြိုက် ဝိဇ္ဇာတွဲကို ယူရင်လည်း ဝိဇ္ဇာတွဲ။ အခုလည်း ကျွန်တော်တို့ နိုင်ငံတော် ပညာရေးဝန်ကြီးဌာနက ဒီလိုချမှတ်ပေးထားတာကို မိဘတွေက cover ပြန်ဖြစ်နေတယ်။ ဆရာ၊ ဆရာမတွေက သိပ္ပံယူ၊ ဝိဇ္ဇာယူ အဲဒီလို ခွဲပေးလိုက်တာ ကလေးတွေကို အဲဒီလို Top down ပုံစံဖြစ်နေတာတွေ့ရပါတယ်။ ဒါကြောင့် အဲဒါလေးက ကျွန်တော်တို့ မိဘများကပဲ တရားခံဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့ သားသမီးအတွက်ပေါ့လေ။

ဒါကြောင့် အဲဒီ Age of Majority ရောက်မှ ယူခိုင်းတာလည်း ကောင်းကျိုး ပိုများမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒါနဲ့ပတ်သက်ပြီးမှ ပညာရေးဝန်ကြီးဌာနက ချမှတ်ပေးတဲ့ စာစစ်စိစစ်ရေးအဖွဲ့တွေက ချမှတ်ပေးတဲ့ဥစ္စာကလည်း အများပိုင်းတော့ မဟုတ်ပေမယ့် တချို့တစ်ဝက်က ဘယ်လိုဖြစ်နေသလဲဆိုရင် လျှောက်တာက

တခြား ကျလာတာကတခြား အဲဒီလိုလည်းဖြစ်တယ်။ အခု ကျွန်တော်တို့ရဲ့ မဲဆန္ဒနယ်(၉)က ဦးစိုင်းမြမောင် ရဲ့ သားဆိုရင် Law ပညာရပ်ကို လျှောက်ပါတယ်။ အမှတ်လည်းမီပါတယ်။ အဲဒါကို မရဘဲနဲ့ Physics ရလာပါတယ်။ ပြောချင်တာက ကလေးက ဝိဇ္ဇာပညာရပ်ကို သူက အရမ်းစိတ်ဝင်စားတယ်။ ဒါပေမဲ့ တကယ်ရလာတဲ့အခါ Physics က သိပ္ပံပညာ ဖြစ်နေတယ်။ ဒါ သူ့အတွက်က မမျှော်လင့်ထားတဲ့ ဥစ္စာဖြစ်သွားတယ်။ ဝါသနာလည်း မပါတဲ့ဥစ္စာ ဖြစ်သွားတော့ သူ့ရဲ့ ကျောင်းဆက်တက်ရေးအတွက်လည်း အနှောင့်အယှက်တွေ ဖြစ်သွားတာ ဒါမျိုးတွေလည်း အများကြီးရှိပါတယ်လို့ ကျွန်တော် တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ သူ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်ကို ဒီအချိန်အခါတစ်ခုသတ်မှတ်ပြီးမှ (၁၀)တန်းအောင် သို့မဟုတ် second year college မှ ခွဲသွားတဲ့ အကြမ်းအားဖြင့် အကျိုးကျေးဇူးက ဘာဖြစ်လာမလဲဆိုရင် ကျွန်တော်တို့က ဝိဇ္ဇာ၊ သိပ္ပံအသိပညာတွေကို ယေဘုယျအားဖြင့် အားလုံးက သိပြီးသားဖြစ်သွားပါပြီ။ သားသမီးတွေက ကျောင်းသူ၊ ကျောင်းသားတွေက။ ဒါကြောင့် လိမ္မာယဉ်ကျေး၊ ကိုယ်ကျင့်သိက္ခာရှိမှု၊ စော်ကားမော်ကား မလုပ်တတ်တဲ့ ဒါမျိုးတွေ၊ ကျွန်တော်တို့ လူရည် လူမွန်တွေ၊ ကလေးတွေ ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ အခု ဒီ ဝိဇ္ဇာ၊ သိပ္ပံနည်းပညာ ပညာတွေကို မက်မှု ဒါတွေကိုလည်း ကာကွယ်ပြီးသား ဖြစ်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ဆရာ ၁ အချိုး ၅၀၊ ၁ အချိုး ၃၀၊ ၁ အချိုး ၁၀ ဆိုတာကိုလည်း Specification က မများတော့၊ ကျုံ့လိုက်ပြီဆိုတော့ ဒီဆရာခွဲဝေ ခန့်ထားမှု မှာလည်း သက်သာမှု ဖြစ်လာမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီကျူရှင် သင်ကြားမှုမှာတွေလည်း နည်းပါးလာမှာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုရင် ကလေးတွေက General သင်ရတာမို့လို့ အများကြီး သူတို့က နည်းနည်း အားသာချက်တွေ ရှိလာမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီ ခုနပြောတဲ့ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်မှာ သဟဇာတဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၆။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် အဆိုကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ရဲ့အဆိုဖြစ်ပါတယ်။ အဲဒီအဆို (၂)ခုမှာ ပထမအဆိုကို ကျွန်တော် ပြုပြင်ဆွေးနွေးလိုပါတယ်။ ပထမအဆိုဖြစ်တဲ့ အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်းမပြုဘဲ အားလုံးကို တစ်ပြေးညီ သင်ကြားပို့ချပေးရန်ဆိုတဲ့အဆို ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တစ်ပြည်ရဲ့ ကြွယ်ဝ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဟာ သဘာဝသယံဇာတအရင်းအမြစ်များအပေါ်မှာ မူမတည်ပါဘူး။ ဥပမာ ကျွန်တော်တို့ တိုင်းပြည်ကိုပဲ ကြည့်ပါ။ သဘာဝသယံဇာတအရင်းအမြစ်တွေ အလျှံပယ် ပေါကြွယ်ဝပါလျက်နဲ့ နိုင်ငံတကာမှာ နောက်ကျကျန်ခဲ့တာ ဖြစ်ရပ်ရှိခဲ့ပါတယ်၊ ရှိပါတယ်။ ပြောချင်တာက အရာရာကို ဖန်တီးနိုင်စွမ်းရှိတဲ့လူသားဟာ အရာရာကို ဖန်တီးနိုင်တာက ကျွန်တော်တို့ လူသားတွေသာလျှင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဖန်တီးနိုင်စွမ်းရှိတဲ့ လူသားဟာ စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်မှုတွေ လုပ်နိုင်ဖို့၊ ထိုးထွင်းသိမြင်နိုင်ဖို့ ပညာဆိုတဲ့အသိ လိုအပ်ပါတယ်။

ကျွန်တော်တို့ အခု အမျိုးမျိုးပြောနေကြပါတယ်။ (၂၁)ရာစုက ပညာခေတ် ဖြစ်ကြောင်း၊ ပညာသာ အရေးကြီးကြောင်း၊ ပညာဆင်းရဲရင် တိုင်းပြည်ဆင်းရဲမယ်၊ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ပညာရေးမှာ ရင်းနှီးမြှုပ်နှံပါဆိုပြီးတော့ ကျွန်တော်တို့ အမျိုးမျိုး ပညာရဲ့ အရေးကြီးပုံကို ပြောနေကြပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးကို မှန်မှန်ကန်ကန် တင်ပြ ဆွေးနွေး မယ်ဆိုရင် ပညာရေးနိမ့်ကျနေမှုကို ကျွန်တော်တို့ ဝန်ခံရမှာဖြစ်ပါတယ်။ ကျောင်းသားလူငယ် တွေဟာ မျိုးဆက်(၃၊၄)ဆက်လောက် ကျွန်တော်တို့ ခေတ်ခွဲခန်းထဲက ဖားကလေး၊ ကြွက်ကလေး တွေလို အစမ်းသပ်ခံခဲ့ရတယ်။ ပညာရေးမှာ အစမ်းသပ်ခံခဲ့ရပါတယ်။

ကျွန်တော်တို့ ကိုယ်တိုင်လည်း ပါဝင်ပါတယ်။ တက္ကသိုလ်တက်စဉ်မှာ ကျွန်တော်တို့ တစ်နှစ်လုံးစာတွေဖတ်၊ တစ်လ နှစ်လနဲ့ ကျွန်တော်တို့ တစ်နှစ်လုံးစာတွေကို ဖြေခဲ့ရဖူးပါတယ်။ အဲဒီတော့ ဒီသင်ရိုးညွှန်းတမ်းတွေ သင်ခန်းစာတွေကို ကျေကျေညက်ညက် မရှိခဲ့ဘူးဆိုတာ သေချာပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတကာမှာ ကျွန်တော်တို့ ဒီ မြန်မာပြည်က ဘွဲ့ရ ပညာတတ်တွေကို အသိအမှတ်ပြုခြင်း မခံရတာဖြစ်ပါတယ်။ နိုင်ငံတကာမှာ ဘွဲ့ရပညာတတ်တွေ တစ်ချိန်မှာ ထွန်းတောက်ခဲ့ဖူးပါတယ်။ အဲဒီအခြေအနေရောက်အောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပြီးတော့ ဝိုင်းကြိုးစားကြရမှာ၊ ထိန်းကျောင်းကြရမှာ အမျိုးသားရေးတာဝန်ဖြစ်ပါတယ်။

ကျွန်တော် အခု ဒီအခြေအနေတွေကို ပြန်ပြီးတော့ ပြောနေရတာသည် နိုင်ငံတကာ စံချိန်စံညွှန်းမီတဲ့ အသိပညာ အတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာတတ်မှသာ ထိုက်တန်တဲ့ ဝင်ငွေရနိုင်တဲ့၊ အလုပ်အကိုင်ဝင်ငွေရှိတဲ့၊ ကိုယ်ကျင့်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာမှာမို့ပါ။ နောက်တစ်ခုက ကျွန်တော်တို့ ဒီနေ့ခေတ်ဟာ သင်ယူရမယ့်ပညာရပ်တွေက အလွန်ပဲများပြားပါတယ်။ တစ်ဦးတစ်ယောက်တည်းကနေပြီးတော့ ကျွန်တော်တို့ အကုန်တတ်ဖို့ ဆိုတာ မဖြစ်နိုင်တဲ့အတွက် ဆိုင်ရာကဏ္ဍအသီးသီးမှာ အထူးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ စုပေါင်း ဖွဲ့စည်းပြီးတော့ ရပ်တည်ရင်ဆိုင်နေရတဲ့အချိန်ဖြစ်ပါတယ်။ ဝိဇ္ဇာနဲ့သိပ္ပံဘာသာရပ်တွေ အကုန်လုံးကို ရောပြီးသင်မယ်ဆိုရင် အဆင့်မြင့်ပညာရေးမှာ အထူးပြုသင်ရမယ့်ပညာရေး အဆင့်ကို ဘယ်လိုမှ လိုက်မမီနိုင်သလို အဲဒီလိုလိုက်မီအောင် သင်မယ်ဆိုရင်လည်း ကျောင်းသားတွေအနေနဲ့ အခက်အခဲ အများကြီးရှိနိုင်ပါတယ်ခင်ဗျ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျ။ ကျွန်တော် အခုလို စကားပြောနေရတာသည် ဦးအုန်းတင် အဆိုဖြစ်တဲ့ အဆိုကို ပြုပြင်ဆွေးနွေးချင်လို့ဖြစ်ပါတယ်။ ဝိဇ္ဇာ၊ သိပ္ပံ မခွဲဘဲနဲ့ သွားမယ်ဆိုရင် ကျွန်တော်တို့ ဟိုနည်းနည်း၊ ဒီနည်းနည်းနဲ့ ဖြစ်သွားပြီးတော့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုမရှိဘဲနဲ့ အဆက်အစပ်မရှိ ဖြစ်သွားနိုင်ပါတယ်။ သင်ရတဲ့ အချိန်ပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ အသေးစိတ်သင်ချိန်တွေ မရပါဘူး။ သေသေချာချာ ကျွန်တော်တို့ Analyse လုပ်လို့မရပါဘူး။ နောက်တစ်ခုက အမှတ်ကောင်းဖို့အတွက် အလွတ်ကျက်တဲ့စနစ်ပဲ ဖြစ်သွားပါလိမ့်မယ်။

ဥပမာ ဆရာဝန် ဝါသနာပါတဲ့သူက Eco တို့၊ သမိုင်းတို့၊ ပထဝီတို့ သင်နေရတဲ့ အတွက် မဆိုင်တဲ့ဘာသာရပ်တွေမှာ အချိန်ဖြုန်းသလို ဖြစ်နေပြီးတော့ ကိုယ်ဝါသနာ မပါတဲ့

ကိုယ်နဲ့မဆိုင်တဲ့ ဘာသာတွေကို သင်ပြီးတော့ ဒီဆရာဝန်နဲ့ပတ်သက်သက်ဆိုင်တဲ့ ဘာသာရပ်တွေ ဖြစ်တဲ့ Bio တို့၊ Physics တို့၊ Chemistry တို့ လေ့လာချိန်တွေမှာ နည်းသွားနိုင်ပါတယ်။ ဒီအတိုင်းပါပဲ၊ ဝိဇ္ဇာတွဲ ဝါသနာပါပြီး သမိုင်းပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင် ဖြစ်ချင်တဲ့သူတွေဟာ ကိုယ်နဲ့မသက်ဆိုင်တဲ့ ဒီ Bio တို့၊ Chemistry တို့ မဆိုင်တဲ့ ဒီဘာသာရပ်တွေမှာ အချိန်ဖြုန်းသလိုဖြစ်နေပါတယ်။ ဝိဇ္ဇာ၊ သိပ္ပံ ဒီနှစ်ခုတွဲ ဘာသာရပ် (၉)ခုစလုံးကို လေ့လာရတဲ့အတွက်လည်း အချိန်မလုံလောက်ပါဘူး။ ခုနက ဒီလွှတ်တော် ကိုယ်စားလှယ်ကြီးတစ်ဦးလည်း ဆွေးနွေးပြီးပါပြီ။ ဒီအသေးစိတ် လေ့လာနိုင်မှု၊ ဘာသာရပ် ဆိုင်ရာအဆက်အစပ်မရှိမှုတို့ ဖြစ်နိုင်ပါတယ်။ အမှတ်ကောင်းဖို့အတွက်သာ အလွတ်ကျက်တဲ့ စနစ် ဖြစ်သွားနိုင်တဲ့အတွက် ကျိုးကြောင်းဆက်စပ်လေ့လာပြီးတော့ သင်ချိန်ကို လက်တွေ့ကျကျ ကျွန်တော်တို့ မရနိုင်ဘူး။ မဖြစ်နိုင်ပါဘူး။

ဒါကြောင့် အဆင့်မြင့်ပညာမှာ အထူးပြုဘာသာအလိုက် လေ့လာသင်ယူရတော့မှာ ဖြစ်တဲ့အတွက် အခြေခံပညာအထက်တန်းမှာကတည်းက ဘာသာရပ်အလိုက် ခွဲခြားသင်ယူဖို့ လိုတယ်လို့ ယူဆပါတယ်။ ပေါင်းကူးသဘော ကြိုတင်ပြင်ဆင်တဲ့သဘောလည်း ဖြစ်ပါတယ်။ ယခုသင်ကြားနေရတဲ့ ပညာသင်ကြားရေးကို လေ့လာမေးမြန်းကြည့်တဲ့အခါမှာလည်း (၈)တန်း အောင်သွားတဲ့ ကျောင်းသားကလေးတွေဟာ ရမှတ်တွေကို မကြည့်ဘဲနဲ့ ကျောင်းသားကိုယ်တိုင် နှစ်သက်သဘောကျရာ ဘာသာရပ်ကို ရွေးချယ်ခွင့် ပေးထားပါတယ်။ ဒါ ကောင်းပါတယ်ခင်ဗျ။ ကလေးရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ သူ ဝါသနာပါတဲ့ ကလေးလိုက်ပါနိုင်တဲ့ အရည်အချင်းကို ကြည့်ပြီးတော့ ကျောင်းသားကိုယ်တိုင်ရယ်၊ ဆရာ၊ ဆရာမတွေရယ်၊ ကျောင်းသားမိဘတွေရယ်ကနေ ထိန်းကျောင်းကွပ်ညှပ် လမ်းညွှန်ပေးဖို့တော့ လိုပါတယ်။ ဒါမှသာလျှင် တက္ကသိုလ်ပညာရေးကို လေ့လာဆည်းပူးတဲ့အခါမှာ ကိုယ်ဝါသနာပါရာ ဘာသာရပ် တွေအတွက် အခြေခံကောင်းတွေ၊ Concept တွေ၊ ဘာသာရပ်ဆိုင်ရာ ချိတ်ဆက်မှု တွေကို ရရှိသွားမှာ ဖြစ်ပါတယ်။

ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်ခွဲခြားတော့မယ့် ဒီ နဝမတန်းအတွက်ကို အဋ္ဌမတန်းမှာ တိုင်းဒေသကြီးအဆင့် သို့မဟုတ် ပြည်ထောင်စုအဆင့် စစ်မေးတဲ့ အရည်အချင်းစစ် စာမေးပွဲတစ်ခု ပြုလုပ်ပေးဖို့ အကြံပြုလိုပါတယ်ခင်ဗျ။ နောက်တစ်ချက်ဖြစ်တဲ့ ကျွန်တော်တို့ ဒီ (၁၀)တန်းစာမေးပွဲတွေကို၊ နောက်အဆိုတစ်ခုဖြစ်တဲ့ ဒသမတန်းစာမေးပွဲကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းအဖြစ်

စစ်ဆေးမေးမြန်းခြင်း ပြုပါရန်ဆိုတဲ့ ဒီအဆိုတစ်ခုဖြစ်ပါတယ်။ ဒီအဆိုကိုတော့ ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးလိုပါတယ်။ ဒီနိုင်ငံတကာအဆင့်ကို အမီလိုက်ဖို့ဆိုရင် ခုန တချို့လည်း ဆွေးနွေးသွားပါတယ်။ ရန်ကုန်ကျောင်းသားနဲ့ နယ်ကျောင်းသားဆိုပြီးတော့ ခွဲခြားထားတဲ့အတွက်၊ ရန်ကုန်ကျောင်းသားနဲ့ နယ်ကျောင်းသားဖြစ်နေတဲ့အတွက် တချို့ကလေးတွေဟာ ရန်ကုန်ကျောင်းသားကလေးတွေက ပိုပြီးတော့ အခွင့်အလမ်းပိုရတယ်၊ သာလွန်တယ် ဆိုတဲ့သဘော သက်ရောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သိတာကတော့ နိုင်ငံတကာအဆင့်ကို မီအောင် လိုက်မယ်ဆိုရင် ရန်ကုန်ကျောင်းသားနဲ့ နယ်ကျောင်းသား ခွဲခြားလို့မရပါဘူး။ ပညာရေး အဆင့်မြင့်အောင်၊ ပညာရေးအဆင့်လိုက်မီအောင် ကျွန်တော်တို့ လုပ်ရမှာဖြစ်ပါတယ်။ အဲဒီအတွက် နယ်မှာ ကလေးတွေရဲ့ အခွင့်အလမ်း၊ ပညာရေးအခွင့်အလမ်းတွေ နည်းပါး နေတယ်ဆိုရင် အဲဒီအခွင့်အလမ်းတွေကို ပြည့်မီအောင် ကျွန်တော်တို့ ကြိုးစားပေးဖို့ လိုအပ်ပါတယ်။

နယ်မှာရှိတဲ့၊ ပြည်နယ်မှာရှိတဲ့ ကျောင်းသားတွေ၊ နယ်ကျောင်းသားတွေကို ဆရာတွေ အင်အားပြည့်မီအောင်၊ သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံအောင်၊ ပညာရေးအခွင့်အလမ်းတွေ အပြည့်အဝရအောင် ကြိုးစားဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီနည်းနဲ့သာလျှင် ကျွန်တော်တို့ ချိန်ညှိဖို့ လိုအပ်ပါလိမ့်မယ်။ နောက်တစ်ခုက ကျွန်တော်တို့အနေနဲ့ ဒီ အချိန်တို အတွင်းလည်း ဆွေးနွေးရတဲ့အတွက် ကျွန်တော်တို့ ဒီ ဒသမတန်းစာမေးပွဲနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကနေပြီးတော့ စာစစ်အဖွဲ့ဥပဒေနဲ့ ပတ်သက်ပြီးတော့ ထုတ်ထားပြီးသားပါ။

ကျွန်တော် အဲဒါနဲ့ ပတ်သက်ပြီးတော့ နယ်မှာကျန်ခဲ့တော့ အဲဒီဟာကို ဖတ်ပြီးလေ့လာ ခဲ့တုန်းကတော့ ဥပဒေထဲမှာ ပါပြီးသားပါ။ လွှတ်တော်က အတည်ပြုပြီးသားထဲမှာ ပါတယ်လို့ ထင်ပါတယ်။ နောက်တစ်ခုက ဒသမတန်းတွေကို စာစစ်အဖွဲ့ကနေပြီးတော့ တစ်နိုင်ငံလုံးမှာ မေးခွန်းတစ်ခုတည်းနဲ့ တစ်စုံတည်းအတွက် တာဝန်ယူစစ်ဖို့ဆိုတာ သူ့ရဲ့လုပ်ငန်းတာဝန်ပိုင်း ထဲမှာ ထည့်ထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် ဒီဟာနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်က ဒီလိုမျိုး ဆုံးဖြတ်ပြီးပြီဆိုရင် ကျွန်တော်တို့အနေနဲ့ ဒီအပေါ်မှာ သဘောတူပါတယ်။ ထပ်ပြီးတော့လည်း ဆွေးနွေးဖို့ မလိုတော့ပါဘူး။

အဲဒီတော့ နောက်ဆုံးအနေနဲ့တော့ အကြံပြုလိုတဲ့အချက်က ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ် ခွဲခြားတော့မယ့် နဝမတန်းအတွက် အဋ္ဌမတန်းအဆင့်မှာ တိုင်းဒေသကြီးအဆင့် သို့မဟုတ် ပြည်ထောင်စုအဆင့် စစ်မေးတဲ့ အရည်အချင်းစစ်စာမေးပွဲတစ်ခုပြုလုပ်ပေးဖို့ အကြံပြုလိုပါတယ်။

နောက် ဒုတိယတစ်ချက်အနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိပညာရေးစနစ်ရဲ့ ပကတိ အခြေအနေကို သိရှိနိုင်ဖို့အတွက် အရည်အချင်းပြည့်ဝပြီးတော့ တိုင်းပြည်အပေါ်စိတ်စေတနာ ကောင်းထားတဲ့ ကျွမ်းကျင်တဲ့ ပညာရှင်တွေပါဝင်တဲ့ ပညာရေးမြှင့်တင်မှု လေ့လာစုံစမ်းရေး ကော်မရှင်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်ရင် ပညာပေး အကြံပေးကော်မတီပဲဖြစ်ဖြစ် ဖွဲ့စည်း ဆောင်ရွက်ဖို့ သင့်ပါတယ်။ နောက်ဆုံးတစ်ချက်အနေနဲ့ ပြည်တွင်းက ပညာရေးကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ UN နဲ့ UNESCO က ပညာရှင်တွေ၊ နိုင်ငံသူ၊ နိုင်ငံသားများထံမှ အကြံပြုချက်တွေ၊ ဝေဖန် သုံးသပ်ချက်တွေကို ရယူပြီးတော့ ပညာရေးကို နှစ်တို နှစ်ရှည်စီမံကိန်းတွေကို စနစ်တကျ ရေးဆွဲပေးဖို့ အကြံပြုတင်ပြရင်းနဲ့ ဦးအုန်းတင် ရဲ့ အခြေခံပညာအထက်တန်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်းမပြုဘဲ အားလုံးကို တစ်ပြေးညီ သင်ကြားပို့ချပေးရန်ဆိုတဲ့အဆိုကို ပြုပြင်ဆွေးနွေးပြီးတော့ တက္ကသိုလ်ဝင်တန်း(ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေး မေးမြန်းခြင်းပြုပါရန် အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ၁၅ မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**[**အစည်းအဝေးကို (၁၁း၃၅) နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၅၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။**]**

**အချိန်၊ ၁၁:၅၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁:၅၁။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၅၁။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ရိုသေစွာ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ယခု ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ အခြေခံပညာ အထက်တန်းများတွင် ကျောင်းသူ ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်းမပြုဘဲ အားလုံးကို တစ်ပြေးညီသင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း(ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တစ်နိုင်ငံလုံး၌ မေးခွန်း တစ်မျိုးတည်းဖြစ်စေရန် အဆိုပြုပါတယ်ဆိုတာ၊ အဲဒီတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျွန်တော့်အနေနဲ့ကတော့ ဒီနေရာ ပထမပိုင်းကို ကျွန်တော် အရင်ဆွေးနွေးမယ်။

ကျွန်တော်ရဲ့ အတွေ့အကြုံ၊ ကျွန်တော် ပညာသင်ကြားလာတဲ့ အတွေ့အကြုံနဲ့ နှိုင်းယှဉ်ပြီးတော့လည်း ဆွေးနွေးမယ်။ ဒီဘာသာတွဲ ခွဲတာဟာ အထက်တန်းက ခွဲတာ။ ဒီ တက္ကသိုလ်ရောက်တဲ့အခါကျတော့ မကိုက်ဘူး။ မကိုက်တာ များတယ်။ ဥပမာ ကျွန်တော်တို့တုန်းက ဆိုပါတော့။ ကျွန်တော် (၉)တန်းအထိဟာ သမိုင်းပါတယ်၊ သင်္ချာပါတယ်၊ စိုက်ပျိုးရေးဘာသာ ပါတယ်။ ဒါပေမဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာကတော့ ဒါ ပါပြီးသား။ အဲဒီတော့ ကျွန်တော်တို့ အထွေထွေသိပ္ပံပါတယ်။ အဲဒီတော့ အထွေထွေသိပ္ပံကို ကျွန်တော်တို့ ငယ်ငယ်ကတည်းကနေ သင်လာတာ၊ သူ့အဆင့်က မြင့်တက်၊ မြင့်တက်လာတဲ့အခါကျတော့ (၉)တန်းရောက်တဲ့အချိန်မှာ အထွေထွေသိပ္ပံမှာ ဘာပါလာသလဲဆိုတော့ Physics၊ Chemistry နောက်ပြီးတော့ Botany၊ Zoology အဲဒါ Physics၊ Chemistry၊ Bio အဲဒီ(၃)ခုစလုံးကို အထွေထွေသိပ္ပံမှာ ပါ ပါတယ်။ အဲဒီတော့ ကျွန်တော် အဲဒီနှစ် သမိုင်းယူတယ်။ စိုက်ပျိုးရေး ယူတယ်။ အဲဒါ High School final မှာ၊ ကျွန်တော် သင်္ချာဂုဏ်ထူးရသေးတယ်။

နောက်ပြီးတော့ (၁၀)တန်းရောက်တော့ Physics၊ Chemistry၊ Maths ဆိုပြီးတော့ သိပ္ပံဘာသာရပ်တွဲ ယူတယ်။ ဆေးတက္ကသိုလ် ရောက်သွားတဲ့ အခါကျတော့ ဟိုမှာ Bio ပါလာတယ်။ Botany ရော၊ Zoology ရော၊ ပထမနှစ်မှာ၊ အဲဒီတော့ ကျွန်တော်က အဲဒါ(၁၀)တန်းတုန်းက အဲဒီ Bio ကို မယူခဲ့ရဘူး။ တက္ကသိုလ် ရောက်တဲ့အခါကျတော့ (၉)တန်းက ကျွန်တော် အထွေထွေသိပ္ပံမှာပါတဲ့ သင်ခဲ့ရတဲ့ Zoology၊ Botany ကို (၉)တန်းတုန်းက ဒီအခြေခံကို ကျွန်တော် အသုံးချပြီးတော့ ဆက်ပြီးတော့ သင်သွားရတယ်။ အဲဒီဆေးတက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ (၂)နှစ်ပေါ့။ လူတိုင်းက အဲဒီလိုပဲ၊ အဲဒီတော့ ကျွန်တော် အဲဒီ (၉)တန်းက ရခဲ့တဲ့ အထွေထွေသိပ္ပံက အခြေခံ၊ တက္ကသိုလ်ရောက်တဲ့ အခါကျတော့ လွယ်လွယ်ပဲ။ ဆက်စပ်လို့ ကောင်းကောင်းမိတယ်။ ကျွန်တော် ဆိုလိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့ အထက်တန်းမှာ ဦးအုန်းတင် ပြောသလို လူမှုရေး၊ စီးပွားရေး၊ အမျိုးစုံ၊ သင်္ချာ၊ ဝိဇ္ဇာ၊ သိပ္ပံ ဒါတွေဟာ မျှပြီးတော့ သင်သွားမယ်။

အဲဒီတော့ ကျွန်တော်တို့ တက္ကသိုလ်ရောက်တဲ့အခါကျတော့ အဲဒီတက္ကသိုလ်မှာ တကယ့် သူ့အတွက် လိုအပ်တဲ့လိုင်းကို အဓိက သင်တယ်။ ကျွန်တော့်အနေနဲ့ အဲဒီလို မြင်တယ်။ ဥပမာ တက္ကသိုလ်ရောက်ပြီးတော့ မလိုအပ်တဲ့ ဘာသာကို (၂)နှစ်အထိ သင်ရမှာတို့၊ ဘာတို့၊

ဒီပညာရပ်နဲ့မဆိုင်တဲ့ဟာ မသင်နဲ့၊ ပညာရပ်နဲ့ဆိုင်တဲ့ ဟာကို အဓိကထားပြီးတော့ သင်၊ တက္ကသိုလ်မှာ နှစ်အပြည့်သင်၊ အဲဒါဆို ကောင်ကောင်း အဆင်ပြေတယ်။ အဲဒီတော့ (၁၀)တန်းလောက်အထိက အကောင်းဆုံးက ဘာသာမခွဲဘဲနဲ့ အစုံ၊ အထွေထွေသိပ္ပံရော၊ သမိုင်းရော၊ ပထဝီရော၊ ဥပမာ ပထဝီဆိုရင် စီးပွားရေးလည်း ပါတယ်။ စီးပွားရေးပထဝီ၊ ရာသီဥတုရော၊ ဘာရော အမျိုးစုံ အကုန်ပါတယ်။ လူတွေက ဗဟုသုတ ဖြစ်စေဖို့အတွက် လူငယ်အတွက်ရော၊ နောက်ကြီးလာတဲ့အခါ အသုံးကျပါတယ်။ အဲဒီတော့ ပထဝီ၊ အထွေထွေသိပ္ပံ၊ နောက်ပြီးတော့ ဂဏန်းသင်္ချာ၊ ဒါမျိုး ကျွန်တော်တို့ အပြည့်အစုံ ဒီအောက်ခြေမှာ သင်ထားတယ်ဆို တက္ကသိုလ်ရောက်တဲ့အခါကျတော့ ဥပမာ physics Major ကို ယူတော့မယ်ဆို၊ Physics ကို အဓိက အဲဒီမှာ (၁၀)တန်းအထိ အထွေထွေသိပ္ပံမှာရတဲ့အခြေခံနဲ့ တက္ကသိုလ် Physics ကို ကောင်းကောင်း လိုက်နိုင်ပါတယ်။ ဒီ(၁၀)တန်း အထိ ရလာတဲ့ သင်္ချာဟာ ဘယ်လိုင်းမဆို ကောင်းကောင်း လိုက်နိုင်တယ်။

အဲဒီတော့ ကျွန်တော်ဆိုလိုတာက ဘာလဲဆိုတော့ အဲဒီ ဝိဇ္ဇာရော၊ သိပ္ပံရော ကလေးတွေ အခြေခံမှာ ဦးအုန်းတင် တင်တဲ့အတိုင်း ကျွန်တော်တို့ လုပ်သွားမယ်ဆိုရင် ကျွန်တော် သင်ထားမယ်ဆိုရင်၊ တက္ကသိုလ်ရောက်လည်း ဘာမှ ပြဿနာ မရှိဘူး၊ အဲဒီတက္ကသိုလ်မှာ မလိုအပ်တာတွေကို အချိန်မဖြုန်းဖို့ပဲ အရေးကြီးပါတယ်။

နောက်ပြီးတော့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာဆိုတာဟာ လည်းပဲ ကျွန်တော် ထောက်ခံပါတယ်။ ဒါက တချို့ပညာရေးဌာနက ပြောတယ်၊ ဟိုအခက်အခဲ၊ ဒီအခက်အခဲ မေးခွန်းပေါက်မှာ ကြောက်တာလည်း ပြောတာရှိသေးတယ်။ တကယ်မှာကျတော့ ဒါဟာ တကယ်ပြောမယ်ဆိုရင် ကျွန်တော်တို့ အတွေ့အကြုံ ရှိပြီးသားပဲ၊ ကျွန်တော်တို့ (၁၀)တန်းအောင်တဲ့အထိက တစ်နိုင်ငံလုံး မေခွန်းတစ်ခုတည်းပဲ၊ High School Final (၉)တန်းဆိုရင်လည်း တစ်နိုင်ငံလုံးက မေးခွန်းတစ်ခုတည်းပဲ၊ ကျွန်တော်တို့ ဒါနဲ့လုပ်ခဲ့တာ အင်မတန်ပဲ အကျိုး ရှိပါတယ်။ ကောင်းလည်း ကောင်းပါတယ်။

အဲဒီတော့ ဦးအုန်းတင် ရဲ့ ဒီမေးခွန်းနဲ့ပတ်သက်တဲ့ အဆိုကိုလည်း၊ အပိုင်းကိုလည်း ထောက်ခံပါတယ်။ နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဦးအုန်းတင် ကို ဒီလို ထောက်ခံဆွေးနွေးရတဲ့အတွက်ကြောင့် အထူးကျေးဇူးတင် ဝမ်းသာပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ ပညာရေးကဏ္ဍဆိုင်ရာ အဆိုနှင့်ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနဝန်ကြီးရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ဦးအေးကြူ က ပြန်လည်ဆွေးနွေး တင်ပြမှာ ဖြစ်ပါတယ်။ ဦးအုန်းတင် ရဲ့ မေးခွန်းမှာ အပိုင်း(၂)ပိုင်း ရှိတဲ့အနက် ပထမပိုင်းဖြစ်တဲ့ အခြေခံပညာအထက်တန်းကျောင်းများမှာ ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာတွဲ ခွဲခြားခြင်းမပြုဘဲ အားလုံးကို တစ်ပြေးညီ သင်ကြားပို့ချပေးရန်ဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီး ဦးစွာ တင်ပြမှာ ဖြစ်ပါတယ်။

အခြေခံပညာကဏ္ဍမှာ မူလတန်းအဆင့်ကနေ အလယ်တန်းအဆင့်အထိ ဘာသာစုံ သင်ကြားပေးလျက်ရှိပါတယ်။ အထက်တန်းအဆင့်မှာ ရွေးချယ်သင်ယူခွင့်ရှိတဲ့ ဘာသာတွဲစနစ်ကို လက်ရှိကျင့်သုံး ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာ သင်ရိုးမာတိကာ ပြောင်းလဲသင်ကြားမှုဖြစ်စဉ်များကို ပြန်လည်စိစစ်ရာမှာ အထက်တန်းအဆင့်တွင်သာ ဘာသာရပ်အားလုံး သင်ကြားခြင်း သို့မဟုတ် ဘာသာတွဲစနစ်အရ ရွေးချယ်သင်ယူလိုသည့် ဘာသာရပ်များ သင်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းအကျဉ်းကို တင်ပြရရင် ပထမအကြိမ်၊ အထက်တန်းအဆင့်တွင် ၁၉၄၅ ခုနှစ်မတိုင်မီက ဘာသာစုံ သင်ကြားခြင်းစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ဒုတိယအကြိမ် ၁၉၄၅ ခုနှစ်နောက်ပိုင်းမှာ ဘာသာတွဲစနစ်အရ ရွေးချယ်သင်ကြားခြင်းကို သင်ကြားခဲ့ပါတယ်။ တတိယ အကြိမ် ၁၉၅၀ ခုနှစ်မှာ ဘာသာစုံသင်ကြားရေးစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်၊ စတုတ္ထအကြိမ် စိတ်ကြိုက်ဘာသာရပ်များ ထပ်ဆောင်းသင်ကြားခြင်းကို ကျင့်သုံးဆောင်ရွက် ခဲ့ပါတယ်။

ပဉ္စမအကြိမ်၊ ၁၉၆၆-၁၉၆၇ ခုနှစ်မှာ ဝိဇ္ဇာနှင့် သိပ္ပံဘာသာတွဲများ ပိုင်းခြားပြီး သင်ကြားခဲ့ပါတယ်။ ဆဋ္ဌမအကြိမ်၊ ၁၉၇၇-၁၉၇၈ ခုနှစ်ပညာသင်နှစ်မှာ ဘာသာစုံပေါင်းစည်း

သင်ကြားခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ သတ္တမအကြိမ်၊ ၁၉၈၅-၁၉၈၆ ခုနှစ်မှာ ဝိဇ္ဇာ၊ သိပ္ပံဘာသာတွဲ ရွေးချယ်သင်ကြားခြင်းများကို ကျင့်သုံးခဲ့ပါတယ်။

ကျွန်တော်တို့ ဒီဘက် တပ်မတော်အစိုးရလက်ထက် နောက်ပိုင်းမှာ ၁၉၉၃-၁၉၉၄ ခုနှစ်မှာ အဋ္ဌမအကြိမ် ဘာသာစုံပေါင်းစည်းသင်ကြားခြင်းကို ပြန်လည် ကျင့်သုံးပါတယ်။ ယခု လက်ရှိလောလောဆယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ကစပြီးတော့ လက်ရှိသင်ကြားနေတဲ့ ဘာသာတွဲစနစ်အတိုင်း ရွေးချယ်သင်ယူလိုတဲ့ ဘာသာရပ်များ သင်ကြားခြင်းကို အဆင့်ဆင့်ပြောင်းလဲ ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။ စုစုပေါင်း (၉)ကြိမ်ခန့် ပြောင်းလဲခဲ့ပါတယ်။

အားလုံးကို သုံးသပ်မယ်ဆိုရင်တော့ သင်ရိုးမာတိကာများ မကြာခဏ ပြင်ဆင်ပြောင်းလဲပါက ကျောင်းသား၊ ကျောင်းသူများ သင်ယူမှုအခက်အခဲ ရှိနိုင်သကဲ့သို့ အစမ်းသပ်ခံဖြစ်သွားနိုင်ပါသဖြင့် ဘာသာရပ်အားလုံး တစ်ပြေးညီ သင်ကြားပို့ချပေးနေသောစနစ်ကို ပြန်လည်ကျင့်သုံးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ တက္ကသိုလ်ဝင်တန်း(ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံးမှာ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်းပြုဖို့ကိစ္စ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှာရှိတဲ့ တက္ကသိုလ်များ ပူးပေါင်းညှိနှိုင်းကျင်းပနေတဲ့ တက္ကသိုလ်ဝင် စာမေးပွဲမေးခွန်းများကို အရည်အသွေးတူ၊ အဆင့်တူမေးခွန်းများဖြင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကျင်းပပြုလုပ်ခြင်းသည် မေးခွန်းတစ်မျိုးတည်းကို တစ်နိုင်ငံလုံး၌ ဖြေစေခြင်းထက် ကောင်းမွန်လုံခြုံမှုရှိသောအစီအစဉ် ဖြစ်ပါသောကြောင့် လက်ရှိကျင့်သုံး၍ အကောင်အထည်ဖော်နေသောပညာရေးစနစ်အရ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပုံစံပြောင်းလဲရန် အစီအစဉ် လောလောဆယ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

တစ်ပါတည်းပဲ စာစစ်ဥပဒေမှာ ပြဋ္ဌာန်းပြီးဖြစ်တယ်ဆိုတဲ့ ကိစ္စနဲ့ တင်ပြလိုပါတယ်။ စာစစ်ဥပဒေဟာ လောလောဆယ် ရေးဆွဲဆဲ ဖြစ်ပါတယ်။ အတည်မပြုရသေးပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ဦးရဲ့ တက္ကသိုလ်ဝင်ခွင့်

ဥပဒေလျှောက်ထားသော်လည်း အမှတ်မီပေမယ့် ရူပဗေဒ ရတယ်ဆိုတာ လက်တွေ့ ကျွန်တော်တို့ လုပ်နေတဲ့စနစ်မှာ ဒါ မဖြစ်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ တကယ်လို့ ဒီဥစ္စာ လျှောက်တဲ့ ခုနှစ်၊ အမှတ်၊ နေရာဒေသသိရင် အနီးဆုံး၊ အမြန်ဆုံး စီမံပြီး ဒီတက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးဥက္ကဋ္ဌသည် ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန အောက်မြန်မာပြည် ဖြစ်တဲ့အတွက် ပြန်လည်စုံစမ်း တင်ပြဖြေရှင်းလို့ရပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးကဏ္ဍအနေနဲ့ ဘက်စုံ၊ လွှမ်းခြုံ အပါအဝင် ပြုပြင်ပြောင်းလဲမယ့် ကိစ္စများကို ဘက်စုံ၊ ထောင့်စုံကနေ အားသာချက်များ၊ အားနည်းချက်များ ရှုထောင့်အစုံစုံမှ ပြန်လည်သုံးသပ်လျက် ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းတင် ရဲ့ သဘောထားပြောပါ။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ သဘောထားကိုတော့ ကျွန်တော် ဆွေးနွေးတင်ပြစဉ်တုန်းက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ပြီးပါပြီ။ ဘာသာစုံသင်ခြင်းရဲ့ အကြောင်း၊ အကျိုးအကြောင်းနဲ့ မေးခွန်း တစ်ခုတည်းရဲ့ အကျိုးအကြောင်းတွေကို ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဟိုတလောက ကျွန်တော့် မိတ်ဆွေကြီး ဒေါက်တာဗညားအောင်မိုး တင်ပြသလိုပဲ ကျွန်တော်တို့ကတော့ စနစ်ဟောင်းက ဘာသာစုံနဲ့ အောင်ခဲ့တဲ့ လူတွေပါ။ ဘာသာစုံနဲ့ အောင်ခဲ့တဲ့ လူတွေ၊ မေးခွန်းတစ်ခုတည်းနဲ့အောင်တာ၊ High School Final မှာ လည်း မေးခွန်းတစ်ခုတည်း၊ Metric မှာလည်း တက္ကသိုလ်ဝင်တန်းကို မေးခွန်းတစ်ခုတည်း ဆိုတော့ ဒီစနစ်က ပိုပြီးတော့ တရားမျှတမှုရှိတယ်လို့ ကျွန်တော် မြင်တယ်။ နောက်ကလေးတွေ အတွက် ရွေးချယ်ရတဲ့ဟာ သူတို့ကနေပြီး မိတ်ဆွေကြီး၊ ကိုယ်စားလှယ်တော်ကြီး ဦးဂျေယောဝူ ပြောသွားသလို ဒါ မိမိကိုယ် မိမိ ဆုံးဖြတ်နိုင်လောက်တဲ့အရွယ် မဟုတ်သေးပါဘူး။ ဉာဏ်ရည်၊ ဉာဏ်သွေးပါတယ်ဆိုတာက ဒါတွေက သင်ကြားပေးတဲ့ ဆရာတွေအပေါ်မှာ မူတည်ပါတယ်။ ဆရာကောင်းတဲ့ ကျောင်းဟာ ကျောင်းသားတွေ များများအောင်တာပဲဆိုတော့ ဉာဏ်ရည်၊ ဉာဏ်သွေးဆိုတာ၊ လူဆိုတာ ကျောက်တုံးလိုပါပဲ၊ ဓားသွေးသလိုပါပဲ၊ ဓားကို များများသွေးရင် ထက်လာသလိုပဲ၊ ဆရာတွေများများသင်ပေးရင် ပညာရေးစနစ်ကောင်းရင်၊

ဒါ နိုင်ငံတော်က အများကြီးထောက်ပံ့နိုင်ရင် ဒီကလေးတွေ အားလုံး ပညာရည်မြင့်ဖို့ လိုပါတယ်။

ဒါတွေကြောင့် ကျွန်တော်တို့ မြန်မာပြည်ရဲ့ နံပါတ်(၁) လိုအပ်ချက်ဟာလည်းပဲ ပညာရည် မြင့်မားတဲ့ လူတွေဖြစ်လာဖို့အတွက် လိုအပ်တဲ့အတွက်ကြောင့် ကျွန်တော် မေးခွန်း(၂)ခု၊ (၂)ပိုင်းစလုံးကို လွှတ်တော်ရဲ့ သဘောထားများဖြင့် ဆုံးဖြတ်ပါလို့ ကျွန်တော် တင်ပြပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် တင်သွင်းတဲ့ အခြေခံပညာအထက်တန်း ကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်း မပြုဘဲ အားလုံးကို တစ်ပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း) အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်း မပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်းပြုပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ (၃၉)၊ ကန့်ကွက်(၁၂၇)၊ ကြားနေ(၇)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဦးအုန်းတင် ရဲ့ အဆိုကို အတည်မပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက် ရှိသော အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြု တင်ပြချက်များနှင့်ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအား လျှော့ပေါ့ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း တင်သွင်းထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြုတင်ပြချက်များနှင့်ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအား လျှော့ပေါ့ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၈။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော်ကြိုတင်ရေးသားထားတဲ့ အပိုဒ်တွေကို အဖြတ်အတောက် ဖတ်ကြားတင်ပြရမှာ ဖြစ်ပါတယ်။

အဆိုရှင် ဦးစိုင်းကျော်ဇောသန်း ရဲ့ အဆိုဟာ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနှုန်း မြင့်မားလာရေးအတွက်ပဲ

ဖြစ်ပါတယ်။ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနိုင်ဖို့အတွက် ကလေးရှိတဲ့နေရာမှာ ကျောင်း ရှိရပါမယ်၊ သို့မဟုတ်ရင် ကျောင်းနဲ့ ကလေးနဲ့ နီးနေရမှာ ဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံမှာရှိတဲ့ ကျေးရွာတိုင်းမှာ ကျောင်းရှိပြီလား၊ ဘယ်နေရာ၊ ဘယ်ဒေသမှာ အားနည်းသလဲ၊ ကျောင်းနှင့် ကျေးရွာ အချိုးဘယ်လောက် ရှိသလဲ စိစစ်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့(၄)နှစ် စီမံကိန်းအရ ကျောင်းပေါင်း (၄၀၀၀)ကျော် အဆင့်မြှင့်ဖို့ လျာထားတာကို တွေ့ရှိရပါတယ်။ လျာထားချက်ဟာ ဒေသတစ်ခုနဲ့တစ်ခု အစိပ်အကျဲ ဘယ်လောက်ကွာခြားသလဲဆိုတာကို သတိပြုရမှာ ဖြစ်ပါတယ်။ ဥပမာ ချင်းပြည်နယ်လိုမျိုး ဒေသမှာ (၄)နှစ်စီမံကိန်းအရ တိုးမြှင့်မယ့်ကျောင်းစာရင်းဟာ စာတစ်မျက်နှာနဲ့ ဖော်ပြဖို့ လောက်အောင်တောင် မရှိဘူးဖြစ်နေတာကို တွေ့ရှိရပါတယ်။ ချင်းပြည်နယ်ထဲမှာတောင်မှ ပလက်ဝမြို့နယ်လိုမျိုးမှာဆိုရင်တော့ ကျောင်း(၅)ကျောင်းတောင် မပါဘူး ဖြစ်နေပါတယ်။

ပလက်ဝမြို့နယ်မှာ ပြည်ထဲရေးအသိအမှတ်ပြု တရားဝင် ကျေးရွာပေါင်း(၃၇၅)ရွာ ရှိပါတယ်။ ဒီအထဲမှာ ရွာပေါင်း (၂၁၀)လောက်မှာပဲ ကျောင်းရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၅၀)ဝန်းကျင်ပဲ ဖြစ်ပါသေးတယ်။ ကျေးရွာတွေဟာ အိမ်ခြေကလည်းနည်း၊ ကျောင်းသား ကလည်း နည်းတော့ လက်ရှိ လုပ်ထုံးလုပ်နည်း သတ်မှတ်စံအတိုင်း ဆိုရင် ကျေးရွာလေးတွေဟာ ပညာရေးနှင့် အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထ ကျောင်းအဆင့်နဲ့ နာလန်ထူနိုင်မှာ မဟုတ်တော့ပါဘူး။ အိမ်ခြေကနည်း၊ ကျောင်းမဖွင့်ပေးနိုင်ရင်၊ အိမ်ခြေများအောင် ရွာတွေကို စုစည်း၊ အသစ်ဖွဲ့စည်းဖို့လည်း အစီအစဉ်တွေ ရှိရမှာဖြစ်ပါတယ်။ ရှိလည်း ရှိသင့်ပါတယ်။ လက်ရှိအနေအထားအရဆိုရင် ဝေးလံခက်ခဲ လူနေအိမ်ကျဲပြီးမှ ကျောင်းသား နည်းတဲ့ ကျောင်းတွေကတော့ စာသင်ကျောင်းနဲ့ ဆက်ဝေးနေဦးမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနရဲ့ လွှတ်တော်မှာ ဖြေကြားချက်အရ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရတွေက ထောက်ခံတင်ပြရင် ခွင့်ပြုမှာဖြစ်တယ်လို့ဆိုတာဟာ ကောင်းသော ရည်ရွယ်ချက်ဖြစ်သော်လည်း လက်တွေ့မဆန်ဘဲ ယေဘုယျသဘောပဲ ဖြစ်နေတယ်လို့ ကျွန်တော် ခံယူပါတယ်။ ဆိုလိုတာကတော့ ပြည်နယ် သို့မဟုတ် တိုင်းအစိုးရက ထောက်ခံပေးဖို့အတွက် ဘာတွေလိုအပ်မလဲ၊ တိကျဖို့လိုပါတယ်။ ထောက်ခံချက်ရအောင် ကျေးရွာတွေက ဘာလုပ်ကြမလဲ၊ စဉ်းစားစရာ ဖြစ်နေပါတယ်။ ထောက်ခံချက် ခိုင်လုံအောင် ကျေးရွာတွေကိုတော့ ကွင်းဆင်းလေ့လာဖို့ လွယ်ကူလို့လား။ လွယ်ကူဖို့ ထင်လို့လား။

ယနေ့ ကျောင်းအဆင့်တွေ တိုးမြှင့်ဖို့ မြို့နယ်ပညာရေးမှူးရုံးတွေမှာ အမှုတွဲတွေ ပုံနေပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကလည်း ထောက်ခံပေးရတယ်။ အုပ်ချုပ်ရေးမှူးရော ကျေးရွာတွေကို ရောက်လို့လား။ ATEO ရော ကျောင်းလို အကုန်စစ်နိုင်သလား၊ ကျောင်းကိုပဲ စစ်တာပါ။ ရွာကို စစ်တာမဟုတ်ပါဘူး။ ကျေးရွာအုပ်စုစာရေးတွေကတောင် ကျေးရွာတိုင်းကို မရောက်ဘူး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာ (၅၀)ရာခိုင်နှုန်းသော ကျေးရွာအုပ်စု စာရေးတွေဟာ တာဝန်ကျရာ ကျေးရွာကို မရောက်ဘူးလို့ အုပ်ချုပ်ရေးမှူးကိုယ်တိုင် ဝန်ခံ ပြောဆိုပါတယ်။ (၁၅)ရာခိုင်နှုန်းသော အုပ်စုစာရေးများကို ဖြုတ်သင့်တယ်လို့ အုပ်ချုပ်ရေးမှူး ကိုယ်တိုင်က ထွက်ဆိုပါတယ်။ ဒါနဲ့ မပြီးသေးဘူး။ ပြည်နယ်ပညာရေး စစ်ဆေးရေးအဖွဲ့ကလည်း ကျောင်းတွေကို မရောက်ပါဘူး။ တစ်ကျောင်းမှာ စုပြီးမှ တစ်မြို့နယ်လုံးကို စစ်တာမျိုးလည်း ရှိပါတယ်။ မကြာခင်ကပဲ ချင်းပြည်နယ် ပြည်နယ်ပညာရေးမှူး စစ်ဆေးရေးအဖွဲ့ဟာ ကျောင်းအသစ် ဖွင့်လှစ်တဲ့ ကျောင်းပွဲတွေမှာ စစ်တဲ့အခါမှာ မြို့ပေါ်မှာပဲ ခေါ်ပြီးမှ ကျောင်းကို စစ်တာ ဖြစ်ပါတယ်။ တကယ်တော့ စာအုပ်ကို စစ်တာပါ။ ကျောင်းကို စစ်တယ်လို့ ကျွန်တော် မခံယူနိုင်ပါဘူး။

ဒါကြောင့် လုပ်ထုံးလုပ်နည်းတွေ လျှော့ပေါ့စဉ်းစားပေးသင့်တယ်လို့ ကျွန်တော် ခံယူပါတယ်။ ပြည်နယ်/တိုင်းအစိုးရအဖွဲ့က ထောက်ခံတင်ပြရင် ဆိုတဲ့အချက်အစား တိကျသော အညွှန်းကိန်း သတ်မှတ်ထားသင့်ပါတယ်။ ဥပမာအားဖြင့် ပင်မကျောင်းနဲ့ ဘယ်နှစ်မိုင်ဝေးရင် ဘယ်နှစ်မှတ်၊ ယာဉ်သွား၊ ယာဉ်လာ သွားနိုင်ရင် ဘယ်နှစ်မှတ်၊ ခြေလျင်ခရီး ဆို ဘယ်နှစ်မှတ်၊ တောင်အတက်၊ အဆင်းဆို ဘယ်နှစ်မှတ်၊ ချောင်းခြားရင် ဘယ်နှစ်မှတ်၊ နောက်တစ်ခါ တရားဝင် အခိုင်အမာ ရပ်တည်တဲ့ ကျေးရွာဆိုရင် ဘယ်နှစ်မှတ်၊ ကျောင်းဥပဓိရုပ် ကောင်းတယ်ဆိုရင် ဘယ်နှစ်မှတ်၊ ကျောင်းဥပဓိရုပ်ဆိုတဲ့နေရာမှာ ကျောင်းစာသင်နိုင်လောက်အောင် လုံလောက်တဲ့ ဥပဓိရုပ်ကို ကျွန်တော် ဆိုလိုခြင်း ဖြစ်ပါတယ်။ တိုက်အိမ်နဲ့ ဆောက်ထားလို့ အမှတ်များများ ပေးမယ်ဆိုရင် ကျေးလက်တွေမှာ ဘယ်တော့မှ ကျောင်းရှိလာမှာ မဟုတ်ပါဘူး။ အဲဒါ ပြီးရင်တော့ မြေပိုင်ဆိုင်မှု ဖြစ်ပါတယ်။ ကျောင်းတွေမှာ မြေပိုင်ဆိုင်မှုအနေနဲ့ ဦးပိုင်(၁၀၅/၁၀၆)ရှိမှ ကျောင်း လျှောက်လို့ ရတယ်ဆိုတာမျိုး ရှိပါတယ်။ ကျေးရွာတိုင်းမှာ တကယ်တော့ မြေဟာ လွတ်လွတ်လပ်လပ်နဲ့ လိုအပ်သလို ဖန်တီးခွင့် ရှိပါတယ်။ မြေပိုင်ဆိုင်မှုဆိုတာ သူတို့မှာ (၁၀၅/၁၀၆)လုပ်ဖို့ဆိုတာ နည်းစနစ်တွေ မသိလို့သာ မပိုင်ဆိုင်တာ ဖြစ်ပါတယ်။ ဒါကိုလည်း

စဥ်းစားသင့်ပါတယ်။ ယခုမူအရ မြို့ကြီးတွေ၊ မြို့တွေ၊ လူနေများရင် ကျောင်းများမှာပဲ၊ လူနေနည်းရင်တော့ ကျောင်းနည်းရတော့မှာလား။ ဥပမာအားဖြင့် ကလေးမြို့လိုမျိုးမှာ ကျောင်း Section အတွက် တောင်းလည်းမတောင်း၊ လိုလည်းမလိုဘဲနဲ့ ကျောင်းတွေ တိုးမြှင့်ပေးတာတွေ့ရပါတယ်။ ဥပမာအ.မ.က(၃)ဆိုရင်တော့ ဒေသခံတွေက တောင်းဆိုတာမဟုတ်၊ အလိုအလျောက် အဆင့်တိုးမြှင့် ပေးတဲ့အခါမှာ မြို့တွေမှာကျောင်းတွေ ပုံနေတာဖြစ်တယ်။ ဒါထက်တော့ ကလေးဝမြို့နယ်လိုမျိုးမှာ ပိုပြီးမှ ကျောင်းတွေ ပေးသင့်ပါတယ်။

ကယားပြည်နယ်ကိုကြည့်မယ်ဆိုရင် မယ်စဲ့မြို့နယ်လိုမျိုးမှာ ဖရူဆိုလိုမြို့နယ်လိုမျိုးဟာ သွားလာရေးခက်ခဲတယ်။ အိမ်ခြေနည်းတယ်။ သို့သော် ကျောင်းသားလည်း နည်းပါတယ်။ ဒါပေမဲ့ ကျောင်းရှိတဲ့နေရာနဲ့ အလှမ်းဝေးတယ်။ ဒါတွေကို ကျွန်တော်တို့က စဥ်းစားသတိထားရမှာဖြစ်ပါတယ်။ လျှော့ပေါ့ မစဥ်းစားပေးရင်တော့ ကိုယ်ထူကိုယ်ထ ကျောင်းဟာ ဘယ်တော့မှလည်း နာလန်ထူနိုင်မှာ မဟုတ်တော့ပါဘူး။ မူလတန်း အခမဲ့ပညာရေးစနစ်ကလည်း သူတို့နဲ့ ဝေးနေဦးမှာပဲ၊ မသင်မနေရ မူလတန်းပညာရေးစနစ်ဟာလည်း အောင်မြင်ပါ့မလားလို့ ကျွန်တော် သံသယဖြစ်မိပါတယ်။

ကျောင်းမရှိရင် ကျောင်းနေအရွယ်ကလေး ကျောင်းနေနိုင်မှာ မဟုတ်သလို၊ တရားဝင်ကျောင်း မဟုတ်ရင် အခမဲ့ပညာရေးစနစ်ဆိုတာ သူတို့အတွက် မဟုတ်သလို ဖြစ်နေဦးမှာပဲ၊ ဆက်လက်တင်ပြလိုတာကတော့ လက်ရှိလုပ်ထုံးလုပ်နည်း သတ်မှတ်စံတွေနဲ့ လက်ရှိကျောင်းတွေဟာ ကိုက်ညီပါရဲ့လား၊ တကယ်လို့မကိုက်ညီရင် Section ရော ပြောင်းရမှာလား။ ဒါကိုလည်း သေချာစိစစ်သင့်ပါတယ်။ ကျွန်တော်ဆိုလိုတာကတော့ ယခု လက်ရှိသတ်မှတ်တဲ့စံအရ ကျောင်းသားဘယ်လောက်ရှိရင် အထက်တန်းကျောင်း ပေးမယ်ဆိုတာ ရှိပါတယ်။

လက်ရှိ ရှိနေတဲ့ အထက်တန်းကျောင်းတွေရော သတ်မှတ်စံနဲ့ ကိုက်ညီသလား၊ ဒါမျိုးလည်း ရှိပါတယ်။ ကျောင်းသား(၅)ယောက်တောင် မပြည့်တဲ့ကျောင်းတွေ စစ်ကိုင်းတိုင်းမှာ တွေ့ရပါတယ်။ ဒါတွေ အကြောင်းရှိပါတယ်။ ဒီလိုဆိုရင် ကျောင်းသား(၂၀)ရှိတဲ့ ကျေးရွာတွေဟာ ကျောင်းမရသင့်ဘူးလား။

နေပြည်တော်ကို ကြည့်မယ်ဆိုရင် အ.ထ.က(၁) ဒက္ခိဏသီရိဟာ အခု လက်ရှိသတ်မှတ်တဲ့ စံနဲ့ ကိုက်ညီမယ်လို့ မထင်ပါဘူး။ ကျောင်းသားဦးရေ နည်းပါတယ်။ (၁၀၀)ကျော်လောက်ပဲ ရှိတယ်လို့ သိရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ထဲက ကျောင်းအဆင့် တိုးမြှင့်ပေးရေး

ဆောင်ရွက်ပေးဖို့ တင်ပြလာတဲ့ ကျောင်းပေါင်း(၂၀)လောက် ရှိပါတယ်။ ကျွန်တော့်ဆီမှာ အခု ရှိနေပါတယ်။ ဒီ(၂၀)ကလည်းပဲ အစိုးရ၏ တရားဝင်ပြုစုထားတဲ့ စာရင်းဇယားထဲမှာ လုံးဝ မပါသေးတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ တစ်ကျောင်းချင်းကို ကျွန်တော် တင်ပြဖို့ဆိုရင်တော့ ဆုံးနိုင်မှာ မဟုတ်လို့ ကျွန်တော် စုစည်းနေတာ ဖြစ်ပါတယ်။ ဒီကျောင်းတွေဟာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း အဆင့်လေးတွေ ဖြစ်ပါတယ်။ သူတို့ ကျောင်းဖွင့်တာကို သက်ဆိုင်ရာ ဌာနစာရင်းမှာ မဝင်ဘူး။ သူတို့လုပ်ထုံးလုပ်နည်းတွေ နားမလည်တာဖြစ်သလို၊ သူတို့ လုပ်နေကျ အမှုတွဲတွေကို လုပ်တဲ့အခါမှာ အကုန်အကျတွေ များလွန်းလို့ ခြေကုန်လက်ပန်းကျတဲ့ အနေအထားလည်း ဖြစ်ပါတယ်။

ချုပ်ပြီးမှ တင်ပြရမယ်ဆိုရင် ကျောင်းနေအရွယ်ကလေး ကျောင်းနေနိုင်ဖို့အတွက်၊ မူလတန်း အခမဲ့ပညာရေးစနစ်ကို မျှတစွာ ခံစားနိုင်ဖို့အတွက်၊ ကျေးလက်၊ မြို့ပြ ဖွံ့ဖြိုးမှု မကွာခြားလွန်းဖို့အတွက်၊ အားနည်းသူကို ကူညီထောက်ပံ့ဖို့အတွက်၊ လက်ရှိကျောင်းအဆင့် တိုးမြှင့်ပေးဖို့ သတ်မှတ်စံကို လျှော့ပေါ့စဥ်းစားပြီးမှ ပြင်ဆင်သင့်ပါတယ်။

ဒီအဆိုကို လွှတ်တော်မှာ ဆွေးနွေးနေတယ်ဆိုတာကိုလည်း သူတို့တွေ မျှော်လင့်စောင့်စားနေတာ ဖြစ်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီးများ အားလုံးလည်းပဲ ဖွံ့ဖြိုးမှုနောက်ကျလွန်းတဲ့ သူတွေကို ကူညီရမယ့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၁၇။**

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးကို အမှူးထားပြီးတော့ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုပါတယ်။ ကျွန်တော်က ကျွန်တော့်အနေအထားနဲ့ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်(၂)ရဲ့ အဆိုဖြစ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ မြို့နယ်၊ ကျေးရွာများမှာ ဖွင့်လှစ်သင်ကြားတဲ့ အခြေခံပညာကျောင်းတွေ အဆင့်မြင့်၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြုချက်၊

တင်ပြချက်နဲ့ ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ ကျွန်တော် အကျဉ်းချုပ်ပြီးတော့ပဲ တင်ပြပါမယ်။

စောစောက ဦးဆလိုင်းခွဲယန် တင်ပြခဲ့သလိုပဲ အရင်တုန်းကဆိုရင် ကျွန်တော်တို့ ကျောင်းတွေမှာ ကျွန်တော်တို့ ကျောင်းသားမိဘတွေက ကိုယ့်ဟာကိုယ် ငွေရမ်းပြီးတော့ ဆရာတွေ ကိုယ့်ဟာကိုယ် ငှားပြီးသင်ရတဲ့ တွဲဖက်ကျောင်းများ၊ နောက် အစိုးရကနေပြီးတော့ တချို့ဆရာနဲ့ ဝန်ထမ်း ခွဲပေးတဲ့ ကျောင်းခွဲများ၊ နောက်ပြီးတော့ Parker မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတို့ အဆင့်ဆင့် ရှိတဲ့နေရာမှာ တစ်ဆင့်ကနေ တစ်ဆင့် တိုးမြှင့်ချင်တယ်ဆိုရင် အရင်က အခြေခံကျောင်းတွေက ကျောင်းအုပ်ဆရာကြီးတွေက သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ကျွန်တော်တို့ ပညာရေးမှူးကနေတစ်ဆင့် အဆင့်တိုးမြှင့်ပေးဖို့ လျှောက်ရပါတယ်။ ဒါကြောင့်မို့လို့ လျှောက်တိုင်းလည်း တချို့ဆိုရင် (၇)ကြိမ်၊ (၈)ကြိမ်၊ (၁၀)ကြိမ် လျှောက်ရင်လည်းပဲ ကျလာတဲ့ အနေအထားမျိုး မရှိပါဘူး။ စည်းကမ်းချက်တွေလည်း အများကြီးပါပဲ။

ဥပမာ ကျွန်တော်တို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကနေပြီးတော့ အလယ်တန်းကျောင်းဖြစ်ဖို့ လျှောက်ရင် အခြေခံစည်းကမ်းချက်တွေ (၁၃)ချက်လောက် မြောက်မြောက်မြားမြား ပါ ပါတယ်။ ထောက်ခံချက်တွေ အများကြီးယူရပါတယ်။ အဲဒီလိုပဲ တွဲဖက် အခြေခံမူလတန်းကျောင်းကနေပြီးတော့ ကျွန်တော်တို့ မူလတန်းကျောင်း(ခွဲ)ကလေး ဖြစ်ဖို့ လျှောက်မယ်ဆိုရင်လည်းပဲ စည်းကမ်းချက်ပေါင်း (၁၅)ချက်နဲ့ အဆင့်ဆင့် ထောက်ခံချက်တွေ လုပ်ပြီး လျှောက်ရပါတယ်။ အောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် ဒါတွေဟာ လျှော့ပေါ့ပေးဖို့ လိုအပ် လာပါတယ်။ ဒါကြောင့် အဲဒီအနေအထားနဲ့ ပတ်သက်လို့ ပထမတစ်ဆင့် လျှော့ခဲ့ပြီးလို့ ကျွန်တော်တို့ ယူဆရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ အခြေခံပညာရေးဝန်ကြီးဌာနရဲ့ အခြေခံပညာကဏ္ဍရဲ့ နှစ်ရှည်စီမံကိန်း အကောင်အထည်ဖော်မှု အစီရင်ခံစာ မနှစ်က ၂၀၁၁-၂၀၁၂ အတွက် အစီရင်ခံစာ ထွက်ပြီးဖြစ်ပါတယ်။

အဲဒီ အစီရင်ခံစာအရ အခု ၂၀၁၂-၂၀၁၃ ပညာရေးနှစ်မှာ ဘယ်လိုတွေ ဆောင်ရွက်ပါမယ်ဆိုတာ အစီရင်ခံစာထဲမှာ ဖော်ပြထားပြီးသား လေ့လာတွေ့ရှိရပါတယ်။ အဲဒီလို တွေ့ရှိချက်အရ ဆိုရင်တော့ အခုအခါမှာ ကျွန်တော်တို့ ဒီ အခြေခံပညာကဏ္ဍရဲ့ နှစ်ရှည်စီမံကိန်း

တင်ပြချက်ရဲ့ အပိုဒ် ၄၈(ဂ)မှာ မူလတန်းပညာသင်ယူမှု အခွင့်အလမ်း တစ်ပြေးညီ တိုးတက်မှု ရစေရေးအတွက် ကျောင်းသား (၂၀)ကနေ(၅၅)ကြား တက်ရောက်နေတဲ့ ကျေးရွာတွေမှာ မူလတန်းကျောင်း(ခွဲ)အဖြစ်၊ နောက် ကျောင်းသား (၅၅)ယောက်ရဲ့အထက် တက်နေတဲ့ အခြေခံမူလတန်းကျောင်း(ခွဲ)နဲ့ တွဲဖက်မူလတန်းကျောင်းတွေကို ကျွန်တော်တို့ မူလတန်းအဆင့် စသည်ဖြင့် အဆင့်ဆင့် မြှင့်တင်ပေးသွားပါမယ်လို့ ဖော်ပြထားတာ တွေ့ရပါတယ်။

နောက်တစ်ခုက အပိုဒ် ၄၉ မှာ အလယ်တန်း သင်ယူမှုပညာ အခွင့်အလမ်း တစ်ပြေးညီ တိုးတက်မှုရရှိအောင် ကျောင်းသား(၁၅၀)ကနေပြီးတော့ (၂၄၀) တက်ရောက်နေတဲ့ အလယ်တန်း၊ တွဲဖက်အလယ်တန်းကျောင်းတွေနဲ့ မူလတန်းလွန်ကျောင်းတွေကို အလယ်တန်း ကျောင်း(ခွဲ)အဖြစ် တိုးမြှင့်သွားပေးမယ်။ နောက် (၂၄၀)အထက် တက်နေတဲ့ ကျွန်တော်တို့ ဒီကျောင်း(ခွဲ)တွေနဲ့ တွဲဖက်အလယ်တန်းကျောင်းတွေနဲ့ အလယ်တန်းကျောင်း(ခွဲ)တွေကို အလယ်တန်းအဆင့် တိုးမြှင့်ပေးသွားမယ်လို့ ဖော်ပြထားပါတယ်။ တစ်ခါ အပိုဒ် ၅၂(င)မှာ အထက်တန်းကျောင်းသား (၅၀)အထက် တက်နေတဲ့ တွဲဖက် အ.ထ.က တွေနဲ့ ကျွန်တော်တို့ အထက်တန်းကျောင်းသား (၃၀၀)နဲ့အထက် တက်နေတဲ့အလယ်တန်းကျောင်းတွေကို အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးသွားမယ်။ နောက် အထက်တန်းကျောင်းသား (၁၇၀)အထက် တက်နေတဲ့ အထက်တန်းကျောင်း(ခွဲ)တွေနဲ့ တွဲဖက်အထက်တန်းကျောင်းတွေကို အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးသွားပါမယ်လို့ ဖော်ပြထားတာ တွေ့ရပါတယ်။

အဲဒီတော့ အရင်စည်းကမ်းချက်တွေ တော်တော်များများ လျော့သွားတာကို တွေ့ရပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေမှာ ပညာရေးဆိုင်ရာဝန်ထမ်းတွေနဲ့ ဟို တွေ့ကြည့်တဲ့ အခါမှာလည်းပဲ မနှစ်ကနေစပြီးတော့ အခုလို လျှောက်ထားရတဲ့အဆင့် မရှိတော့ဘဲနဲ့ ဒီစည်းကမ်းချက်အတိုင်း တိုးမြှင့်သွားမယ့် အစီအစဉ်ရှိနေပြီလို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော့် အနေအထားနဲ့ တင်ပြချင်တာကတော့ အဲဒီနေရာမှာ ကျောင်းသားဦးရေအပေါ်မှာ အခြေခံပြီးတော့ အဆင့်တိုးမြှင့် ပေးသွားမယ်ဆိုတာကို ကျွန်တော် ကြိုဆိုပါတယ်။

ဒါကြောင့်မို့လို့ ကျောင်းသားအရေအတွက် ကန့်သတ်ချက်အပေါ်မှာ လုံးဝအခြေခံမယ့် အစား ဒီအပေါ်မှာ အဓိကအားဖြင့် အခြေခံထားပြီးတော့ တချို့ထူးခြားတဲ့နယ်မြေတွေ၊ သွားလာရ ခက်ခဲတဲ့ နယ်မြေတွေနဲ့ ကျွန်တော်တို့ နယ်စပ်ဒေသ၊ တိုင်းရင်းသားလူမျိုးစု

ဒေသတွေမှာတော့ဖြင့်ရင် အဲဒီကျောင်းသားတွေရဲ့ အရေအတွက်ကို ကျွန်တော်တို့ လျှော့ပေါ့ စဉ်းစားပေးဖို့ရာ လိုအပ်မယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်။

ဒါကြောင့် တကယ်တမ်း ဒီအခြေအနေမှာဆိုရင် အဆိုရှင်ရဲ့ တင်ပြချက်ဟာ အခု လက်ရှိအခြေအနေအရ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရဆိုရင် မြို့နယ်အဆင့် မြို့ပေါင်း(၃၃၀)နဲ့ ကျေးရွာပေါင်း (၆၄၃၄၆)ရွာနဲ့ တည်ထောင်ထားတဲ့ ကျွန်တော်တို့နိုင်ငံမှာ မြို့ပြနဲ့ ကျေးလက်ပညာရေးအဆင့် အခွင့်အလမ်းတူ၊ အဆင့်အတန်းတူ ရရှိဖို့ရာဟာ အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်နေပြီဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ တင်ပြချက်ကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော် အပိုင်း(၃)ပိုင်း တင်ပြဆွေးနွေးခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအပိုင်းကတော့ ကြိုတင် အဆိုပြုချက်အပေါ် စာနဲ့ရေးသား တင်ပြခဲ့တဲ့အပိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဖတ်ကြားတင်ပြ ပါမယ်။ ဒုတိယကတော့ အဆိုရှင်များ တင်ပြတဲ့ ကျောင်းသားအရေအတွက် တစ်ခုတည်းမဟုတ်ဘဲ ဒေသလိုအပ်ချက်အရ အဆိုရှင်ရဲ့ လင်းခေးမြို့နယ်ရဲ့ အနေအထားနဲ့ ပတ်သက်ပြီးတော့ မြေပုံနဲ့တကွ Slide ထိုးပြီးတော့ ကျွန်တော် အသေးစိတ် ဆောင်ရွက်နေတဲ့ ဥစ္စာကို ကိုယ်စားလှယ်တော်ကြီးများကို တင်ပြဆွေးနွေးပါမယ်။ တတိယကတော့ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ လာမယ့်စာသင်နှစ်မှာ ဆောင်ရွက်မယ့် ကျောင်းအဆင့်တိုးမြှင့်ရေးနဲ့ ပတ်သက်လို့ ကျောင်းအသစ် ဖွင့်လှစ်တာနဲ့ ပတ်သက်ပြီးတော့ စာရင်းဇယားနဲ့ စီမံချက်ချထားမှု၊ ဆောင်ရွက်မှု အနေအထားလေးကို ကျွန်တော် ဆွေးနွေးတင်ပြပါမယ်။

ပထမပိုင်း တင်ပြပါမယ်။ ပညာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပညာသင်ယူခွင့် အခွင့်အလမ်း ရရှိစေရေးအတွက် ကျေးရွာအဆင့်တွင် မူလတန်းအဆင့် သင်ကျောင်း၊ ကျေးရွာအုပ်စုအဆင့်တွင် အလယ်တန်းအဆင့်သင်ကျောင်း၊

တိုက်နယ်အဆင့်တွင် ထက်ဆင့် သို့မဟုတ် ထက်ခွဲကျောင်းများ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ တက်ရောက် ပညာသင်ကြားရမည့် ကျောင်းသားဦးရေ၊ အဆောက်အဦ ပြည့်စုံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပရိဘောဂပြည့်စုံမှုနှင့် ကျောင်းဥပဓိရုပ်တို့အပေါ် မူတည်၍ စိစစ်ပြီး ဦးစားပေးဇယား ပြုစုကာ ကျောင်းအဆင့် တိုးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ (၄)နှစ်တာကာလအတွင်း စီမံချက်ချမှတ်၍ တစ်ပြည်လုံး လွှမ်းခြုံနိုင်မည့် အခြေခံပညာကျောင်းပေါင်း (၄၂၉၅)ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ဤသို့ ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ၁-၄-၂၀၁၁ ရက်နေ့မှ ၁၇-၁၀-၂၀၁၂ ရက်နေ့အထိ အခြေခံပညာ အထက်၊ အလယ်၊ မူ၊ တွဲ၊ ခွဲများ အပါအဝင် ကျောင်းပေါင်း (၃၅၇၄)ကျောင်းကို နိုင်ငံတစ်ဝန်းလုံး၌ အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသဖြင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ မတ်လအထိ (၃)နှစ်ကျော်ကာလအတွင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သော ကျောင်းပေါင်း(၂၁၄၀) ကျောင်းနဲ့နှိုင်းယှဉ်ပါက အချိန်တိုကာလအတွင်း၌ပင် အခြေခံပညာကျောင်းပေါင်း(၁၄၃၄)ကျောင်းကို ပိုမိုတိုးတက် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ (၃)နှစ်ဖွင့်လှစ်ခဲ့တဲ့ ကျောင်းအရေအတွက်နဲ့ (၁)နှစ်ခွဲ အတိုင်းအတာ ဖွင့်လှစ်တဲ့ အရေအတွက်ပင် များတဲ့ များပြား (၁၄၀၀)ကျော် ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် ယခင်သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို အထိုက်အလျောက် ကျွန်တော်တို့ ဖြေလျှော့ပြီး ဖွင့်လှစ်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီလို တင်ပြတဲ့နေရာမှာလည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အပါအဝင် ပြည်သူလူထုအနေနဲ့ ဒီပေးလိုက်တဲ့ အရေအတွက် များပင်များသော်လည်း ကျွန်တော်တို့ရဲ့ ပညာသင်ကြားခွင့် အခွင့်အလမ်းနဲ့ပတ်သက်လို့ အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ပေးခြင်းသည် မလုံလောက်သေးဘူးဆိုတာ ပြန်ပြီးတော့ သုံးသပ်တွေ့ရှိပါတယ်။ ဒီလို အဆင့်မြှင့် တိုးမြှင့် ဖွင့်လှစ်တဲ့နေရာမှာ ဒေသအစီအစဉ်ဖြင့် ဖွင့်လှစ်ထားတဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများအား အစိုးရအသိအမှတ်ပြု မူလတန်းကျောင်း တွဲ၊ ခွဲ များအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရာ ယနေ့အထိ စုစုပေါင်း(၇၃၉)ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျေးရွာအတည်တကျ မရှိတဲ့ ဒေသများမှာလည်း ရွေ့လျားကျောင်းများ ဖွင့်လှစ်ပေးပြီး

တစ်နိုင်ငံလုံး ပညာလွှမ်းခြုံမှုရှိသည်အထိ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းများ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရာမှာ ဖွဲ့စည်းပုံအရ၊ ဆရာ၊ ကျောင်းသားအချိုးအရ လိုအပ်သော ဆရာ၊ ဆရာမ၊ ဝန်ထမ်းအင်အားနှင့် သင်ထောက်ကူပစ္စည်း စသည်တို့ ပြည့်စုံမှုရှိရန် ဖြည့်ဆည်း ပေးရန်ကိုလည်း ချိန်ဆဆောင်ရွက်ရပါတယ်။ ဒေသလိုအပ်ချက်အရ သတ်မှတ်ကျောင်းသား အရေအတွက် မပြည့်မီသော်လည်း အမှန်တကယ် အဆင့်တိုးမြှင့်ရန် လိုအပ်တဲ့ အခြေခံပညာ ကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးရန်အတွက် မူလအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးမည့် ကျောင်း အရေအတွက်ရဲ့ (၂၀)ရာခိုင်နှုန်း သီးခြားလျာထားပြီးဖြစ်ပါတယ်။ အဲဒီ လျာထားတဲ့အတိုင်းလည်း လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ကျွန်တော် အဆိုရှင်ရဲ့ လင်းခေးမြို့နယ် မြေပုံနဲ့တကွ တင်ပြ ပါမယ်။ အဆိုရှင်ရဲ့ လင်းခေးမြို့နယ်တင်ပြချက်မှာ လင်းခေးတစ်မြို့နယ်လုံး ဒါ တစ်ပြည်လုံးအတွက် ကျွန်တော်တို့ မြေပုံနဲ့ Map Plan လုပ်ထားတာ ရှိပါတယ်။ ပြည်နယ်/တိုင်းအလိုက်၊ မြို့နယ်အလိုက်။ အဲဒီတော့ လင်းခေးရဲ့ အနေအထားက တင်ပြပါအတိုင်း အခြေခံပညာ အထက်၊ အလယ်၊ မူ ကျောင်းအားလုံး (၆၅)ကျောင်းရှိပါတယ်။ အဲဒီတော့ အဆိုရှင် လွှတ်တော်ကိုယ်စားလှယ်ကြီးကတော့ လင်းခေးမြို့ရဲ့အထက် မြောက်ပိုင်းဖြစ်တဲ့ ကျွန်တော်တို့ ဟိုက်ကွေ့၊ ဝမ်ဆစ်၊ နောက် နောင်လုံ ကျေးရွာအုပ်စု (၃)ခု အဲဒီနားလေးမှာ အားလုံးစစ်တာမှာ ကျောင်း(၁၀)ရှိတယ်လို့ဆိုတာမှာ တကယ်လည်း (၁၀)ကျောင်း ရှိပါတယ်ခင်ဗျ။ အဲဒီ (၁၀)ကျောင်းရဲ့ အနေအထားကို သုံးသပ်တဲ့အခါမှာ ကျောင်းသား အရေအတွက် ကျွန်တော်တို့ စာရင်းဇယားအရ နှစ်ဖက်ညှပ် အ.မ.က(ဝမ်ဆစ်)မှာ မူလတန်းကျောင်းသား(၄၄)ယောက် ရှိပါတယ်ခင်ဗျ။ အ.မ.က (ဟိုက်ကွေ့)ကတော့ ကျောင်းသား(၂၅)ယောက် ရှိပါတယ်။ အ.မ.က(နောင်လုံ)ကတော့ အ.မ.က ကျောင်းသား (၁၆)ယောက်ပဲ ရှိပါတယ်။

ကျန်တဲ့ ကျောင်း(၇)ကျောင်းက အလားတူ (၂၀)၊ (၂၅)လောက်ပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က မူလွန်ကျောင်းသည် ကျောင်းသားအရေအတွက် ဘယ်လောက်ရှိမှ ဆိုတာ ဒီနေရာက ဒီဝန်းကျင်သည် အလယ်တန်းအဆင့် မသင်နိုင်တဲ့အတွက် ဒါ မြေပုံနဲ့ ကျွန်တော်တို့ တစ်ပိုင်းက ဆောင်ရွက်ပါတယ်။ နောက်စောစောက ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အတိုင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းအစိုးရအဖွဲ့ကနေ ဦးစားပေးအစီအစဉ်ဆောင်ရွက်တာလည်း တစ်ဖက်က ဆောင်ရွက်ပါတယ်။ အားလုံးချိန်ဆညှိနှိုင်းပြီးတော့ ကျောင်းသားအရေအတွက်

မများသော်လည်း သင်ကြားမှုအခွင့်အလမ်း အလယ်တန်းအဆင့် မရှိတဲ့အတွက် လောလောဆယ် ယခုတင်ပြလိုက်တဲ့ ဒီ မြို့နယ်မှာဆိုရင်တော့ အ.မ.က(ဝမ်ဆစ်)ကို မူလွှန်ပေးဖို့အတွက် ကျွန်တော်တို့ ဒါသည် တင်စရာမလိုဘဲ ကျွန်တော်တို့ ပေးမှာပါ။ တကယ်လို့ ဝမ်ဆစ်ကို ဒါဟာ ဘာကြောင့်လဲဆိုရင် ဒီ(၁၀)ကျောင်းလုံးပေါင်းမှ အလယ်တန်းအဆင့် (၅)တန်း၊ (၆)တန်း၊ (၇)တန်း တစ်ယောက်ပဲသင်သင်၊ နှစ်ယောက်ပဲသင်သင် သင်နိုင်မှာ ဖြစ်တဲ့အတွက် နောက် (၁၀)နှစ်နေလည်း ဒီကျေးရွာအုပ်စု(၃)ခုသည် ကျောင်းသားသည်(၁၀၀)အထက် တစ်ကျောင်းသည် ပိုစရာအကြောင်း မရှိပါဘူး။ အလားတူ အဲဒီဟာမျိုးကို ကျွန်တော်တို့ မြေပုံနဲ့လည်း ပြန်စိစစ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း အကျဉ်းမျှ တင်ပြပါတယ်။ ဒီလို တင်ပြတဲ့အတွက် ချင်းပြည်နယ်၊ ကလေးဝ စသည်အားဖြင့် ကျွန်တော်တို့ အတတ်နိုင်ဆုံး အောက်နဲ့ အထက်နဲ့ အပြန်အလှန် မြေပုံရော၊ ဒေသအာဏာပိုင်ရော ပေါင်းစပ်ပြီးတော့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကျဉ်းမျှတင်ပြအပ်ပါတယ်။

တတိယပိုင်း ကျွန်တော် ဆက်လက် တင်ပြမှာဖြစ်ပါတယ်။ ဇယားနဲ့ တင်ပြမှာ ဖြစ်ပါတယ်ခင်ဗျ။ (၄)နှစ်အတွက် စီမံချက် သင်ကြားခွင့် အခွင့်အလမ်း အနေအထားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ (၄)နှစ် အားလုံး (၄၂၉၅)ကျောင်းရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကြည်ညွှန့် တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ မူလ(၄၂၉၅)ကျောင်း နိုင်ငံတော်သမ္မတဆီက Section ခွင့်တောင်းတဲ့အချိန်မှာ ရရှိတဲ့ စာရင်းဇယားအရ တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီအခြေအနေအရ ကျောင်းသား (၅၅)ယောက်အထက် အားလုံးမူလတန်း Section ပေးဖို့အတွက် (၁၀၁၄)ကျောင်း ရှိပါတယ်။ ဒီဆောင်ရွက်ခြင်းပဲ နောက်ထပ်စာရင်းဇယားတိုးတာနဲ့ အာလုံး(၂၀၀၀)လောက် ထပ်တိုးလာပါတယ် စာရင်းဇယား။ အဲဒီအတွက်ပဲ ကနေ့ ကျွန်တော် တင်ပြတဲ့ အခြေအနေမှာ အ.မ.က Parker Section သည် ကျောင်းသား(၁၀၀)အထက် ရှိတယ်ဆိုရင် အားလုံး ပေးနေပါပြီ။

ဒါ လောလောဆယ် ဆောင်ရွက်နေတဲ့ အခြေအနေပါ။ (၄၂၉၅)ကျောင်းမှာ ကျွန်တော်တို့ နံပါတ်(၂) အတွက် စုစုပေါင်း (၂၈၀၆)ကျောင်းကတော့ အ.မ.က ခွဲ၊ လွှန် နဲ့ Parker ကျောင်းများ ဖြစ်ပါတယ်။ တွဲကျောင်းများကတော့ အ.ထ.က တွဲ(၅)ကျောင်း၊ အ.လ.က တွဲ(၂၄)ကျောင်း၊ အ.မ.က တွဲ(၇၃၉)ကျောင်း တွဲအားလုံးရဲ့ မူကတော့ သင်ကြားခွင့်

အခွင့်အလမ်းကို တရားဝင်ခွင့်ပြုခြင်း ဖြစ်ပြီးတော့ အဲဒီအတွက် ဆရာ၊ ဆရာမ သက်ဆိုင်ရာ ဒေသခံ ငွေးရမ်းအသုံးပြုရတဲ့ အနေအထား ဖြစ်ပါတယ်။ (၇၃၉)ကျောင်းတွဲ ကိုယ်ထူကိုယ်ထကို သတ်မှတ်တဲ့ အကြောင်းအရင်းကတော့ မူလတန်း မသင်မနေရဥပဒေသည် မကြာမီ လက်တွေ့ အကောင်အထည်ဖော် ပြဋ္ဌာန်းမှာဖြစ်တဲ့အတွက် ဒီဥစ္စာကို ကျောင်းအသစ်ဖွင့်လှစ်ခြင်းနဲ့ ပတ်သက်၍ ကျောင်းသားစာရင်း ဗလာစာအုပ် ပြီးခဲ့တဲ့နှစ်က (၆)အုပ်စီ ကျွန်တော်တို့ ပံ့ပိုးပါတယ်။ ဒီနှစ် တစ်ဒါဇင် ပံ့ပိုးဖို့ရှိပါတယ်။ Text Book အခမဲ့ ပေးပါတယ်။ တွဲပင် ဖြစ်သော်လည်း ကျောင်းသား(၁၀)ယောက်ရှိရှိ၊ (၅)ယောက်ရှိရှိ ကျွန်တော်တို့ တွဲအဖြစ် သတ်မှတ်ထားပါတယ်။

အဲဒီ တွဲအားလုံးအပါအဝင် ရှိတဲ့စာရင်းဇယားပါတဲ့ဥစ္စာ အကုန်ကို ဒီ အခမဲ့၊ Text Book အခမဲ့၊ လေ့ကျင့်ခန်း ဗလာစာအုပ် ပြီးခဲ့တဲ့နှစ်က (၆)အုပ်၊ ဒီနှစ် တစ်ဒါဇင်ပေးဖို့ အစီအစဉ်အရ တွဲအဖြစ် ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ ထပ်ပြီးတော့ ကိုယ့်အားကိုယ်ကိုး ရှိသမျှ ကျောင်းအားလုံး စာရင်းဇယားရရင်လည်း (၅)ယောက်ပဲ ရှိသည်ဖြစ်စေ တရားဝင် ကျွန်တော်တို့ တွဲအဖြစ် အသိအမှတ်ပြုမှာ ဖြစ်ပါတယ်။ အဲဒီတော့ တွဲသည် မိဘများရဲ့ ကိုယ့်အားကိုယ်ကိုး ဖြစ်တဲ့အတွက် ဖြစ်နိုင်သမျှ အောက်ကဖော်ပြထားတဲ့ အားလုံး (၇၆၈)ကျောင်းသည် လာမယ့်နှစ်မှာ ခွဲပေးနိုင်ဖို့အတွက် ကျွန်တော်တို့ ဆက်လက် ကြိုးစားပါမယ်။

၂၀၁၃-၂၀၁၄ ခွင့်ပြုမယ့် ဦးရေ၊ အောက်ဆုံးအကြောင်းမှာ တင်ပြချက်က အားလုံး (၂၈၇၅)ကျောင်း လျာထားပါတယ်။ ဒီလျာတဲ့အထဲမှာ စောစောက ကျွန်တော်တင်ပြတဲ့ လင်းခေးလို၊ ကလေးလို တင်ပြတဲ့ ကျောင်းသား နည်းပင်နည်းသော်လည်း သင်ကြားမှု အခွင့်အလမ်း ဆုံးရှုံးနေတဲ့နေရာမျိုး သီးခြားသည် ဒီအရေအတွက်ရဲ့ (၂၀)ရာခိုင်နှုန်း သီးခြား စဉ်းစားပေးတာ ဖြစ်ပါတယ်။ ကျောင်းသားအရေအတွက်က (၈၀)ရာခိုင်နှုန်း စဉ်းစားပေးတာ ဖြစ်ပါတယ်။ ဒီအထဲ ကြွင်းကျန်တာရှိရင်လည်း ကျွန်တော်တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လို့ ရပါကြောင်း၊ နောက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ မရှိသော်လည်း မိဘပြည်သူများ မူလတန်းကျောင်းများနဲ့ပတ်သက်လို့ မြေရှိဖို့၊ အဆောက်အဦ ယာယီရှိဖို့ ကျွန်တော်တို့ဘက် ကတော့ ရှိတယ်လို့ မှတ်ယူပြီးတော့ ဆရာရရှိရေးပါ၊ ဆရာရရှိရေးပိုင်းဟာ ကျန်တဲ့အပိုင်းထက် သင်ကြားမှု အခွင့်အလမ်း ကျောင်းဖွင့်ခွင့် ပေးသော်လည်း ဆရာမရှိဘူးဆိုရင် ကျွန်တော်တို့

ပေးကားပေး၏ မရမှာဖြစ်တဲ့အတွက် နောက်တစ်ပိုင်းကျွန်တော် ဆက်လက်တင်ပြပါမယ်။ ဆရာ့အပိုင်း။

ကျွန်တော်တို့ အထက်တန်းအဆင့် ကျောင်းသားများမှာ ဆရာကြီး ဦးအောင်ကြည်ညွှန့် တင်ပြတဲ့အတိုင်း ကျွန်တော်တို့ (၄)နှစ်စီမံချက်ထဲမှာ အထက်တန်းအဆင့်ကျောင်းသား (၁၇၀) ဖြစ်မှ အထက်ကျောင်းပေးတဲ့ တွက်ချက်မှုစနစ်ကလေးကို အကြမ်းဖျင်းလေး ကျွန်တော် တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တွက်တဲ့အချိန်မှာ (၉)တန်း၊ (၁၀)တန်း (၁၇၀) သည် တစ်နှစ်ကို (၁၀)ယောက်တိုးရင် (၃)နှစ်အတွင်းမှာ (၂၀၀) ဖြစ်ပါမယ်။ (၄)နှစ်စီမံချက် ဖြစ်တဲ့အတွက် (၂၀၀)ဖြစ်တဲ့ အထက်တန်းအဆင့် ကျောင်းသားသည် ဆရာ(၆.၈) (၇)ယောက် လိုပါတယ်။ ဘာသာ(၇)ဘာသာသင်တဲ့အတွက် အနည်းဆုံးလိုအပ်ချက်(၇)ဦးသည် အထက်တန်း အဆင့်အတွက် ဒါ စာသင်ခန်းအရဆို ရှိတဲ့စာသင်ခန်း (၅၀)နဲ့အထက် (၄)ခန်း၊ (၁.၇)နဲ့ မြှောက်ရင် (၆.၈) (၇)ယောက်ပါ။

အဲဒီတော့ စာသင်ချိန်က တစ်ရက်မှာ (၇)ချိန်၊ (၄)ခန်းဖြစ်တဲ့အတွက် (၂၈)ချိန် ရှိပါတယ်ခင်ဗျ။ တစ်ပါတ်စာသင်ချိန် (၅)ရက်ဆိုရင် (၁၄၀)ပါ။ ဆရာ(၇)ဦး ဖြစ်တဲ့အတွက် စာသင်ချိန်(၂၀) ရှိပါတယ်။ တစ်ပတ်မှာ စုစုပေါင်း (၃၅)မှာ အလယ်တန်းနဲ့ အထက်တန်း ဆရာ၊ ဆရာမများသည် စာသင်ချိန် (၂၀)၊ (၂၂)ချိန် သင်ရပါတယ်။ ဒီအချိန်နဲ့ တွက်ဆပြီးမှ တိုင်းပြည်ရဲ့ ဘတ်ဂျက်အနေအထားရော၊ ပထမအဆင့်အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်တာပါ။ (၂၀၀) အထက် အားလုံး သုံးသပ်ပြီးတော့ ကျောင်းပေါင်း ကျွန်တော်တို့ လျာထားချက်နဲ့ လျာပါတယ်။ အဲဒီအထဲမှာ သီးခြားမှ ကျောင်းအရေအတွက် (၁၀၀) လျာတိုင်း လျာတိုင်း (၂၀)သည် ကျောင်းသား(၁၀၀)ပင်ဖြစ်ပါစေ၊ (၅၀)ပင်ဖြစ်ပါစေ၊ (၈၀)ပင်ဖြစ်ပါစေ သင်ကြားမှု ခက်ခဲမှုပေါ် မူတည်ပြီးမှ ကျွန်တော်တို့ ရွေးချယ်ခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ပြည်နယ်/တိုင်းအစိုးရတွေက လက်တွေ့မဆန်ဘူးဆိုပေမယ့် ဒီ အထက်တန်းအဆင့် ကျောင်းသား(၁၇၀) မပြည့်တဲ့ ကျောင်းခွဲအားလုံးသည် ချင်းပြည်နယ်ဆိုရင် အထက်တန်းဖြစ်ချင်တဲ့ ကျောင်း(၁၀)ကျောင်းတင်မယ်ဆိုရင် ကျောင်းသားအနည်းအများ ကျွန်တော်တို့ ကြည့်ပြီးတော့ သက်ဆိုင်ရာဒေသအာဏာပိုင်နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သက်ဆိုင်ရာပြည်နယ်ဒေသခံများကနေပြီးတော့ ဒီ(၁၀)ကျောင်းကို ဦးစားပေးအလိုက်၊ ကျောင်းသား အရေအတွက်အလိုက် တစ်၊ နှစ်၊ သုံး၊ လေး၊ တစ်ဆယ် တင်ရင် ကျွန်တော်တို့ဘက်က

တစ်ပြည်လုံး လွှမ်းခြုံလို့ အထက်တန်း Section (၁၀၀)ရလို့ရှိရင် ချင်းပြည်နယ် ခွဲတမ်း (၅)ကျောင်း ရမယ်ဆိုရင် တစ်က ငါးကို ပေးဖို့ပါ။ ဒီလို စာရင်းဇယားကောက်ခံတာ ဒီတစ်ကြိမ် ကောက်ခံပြီးရင် ကျွန်တော်တို့ ဒီအစိုးရသက်တမ်းမှာ တင်သမျှအားလုံးကို စီပြီးတော့ ပေးသွားဖို့ အတွက် အစီအစဥ် ဖြစ်ပါတယ်။

ဒါဟာ ဇန်နဝါရီ ၅ ရက်မှာ ကျွန်တော့် ပညာရေးရဲ့ ခရိုင်၊ မြို့နယ်၊ ပြည်နယ်/တိုင်းနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ အစည်းအဝေးခေါ်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ ဆရာ အနေအထားပါ။ ကျွန်တော်တို့ မွေးထုတ်တဲ့ (၁)နှစ်ကာလအတွင်းရဲ့ အကျဉ်းမျှ ကျွန်တော် တင်ပြပါဦးမယ်။ ပညာရေးတက္ကသိုလ်(၂)ခု ရှိပါတယ်။ စစ်ကိုင်းနဲ့ ကျွန်တော်တို့ ရန်ကုန်မှာပါ။ B.Ed တိုက်ရိုက် (၁၀)တန်းအမှတ်နဲ့ ခေါ်တဲ့ ဥစ္စာက B.Ed တိုက်ရိုက် ပညာရေးဘွဲ့သင်တန်း တစ်နှစ်ကို (၆၀၀)ဆင်းပါတယ်။ B.Ed ပေါင်းကူး ကတော့ (၂)နှစ် ပညာရေးကောလိပ် (၂၀)က တက်ပြီးတော့ ထူးချွန်တဲ့ကလေး (၅၀၀)ကို ဒီ B.Ed တက်ခွင့် ပေးပါတယ်။ တာဝန်ထမ်းဆောင်ဆဲ B.Ed ဝင်ခွင့်စာမေးပွဲ လုပ်သက် လယ်ပြ (၅)နှစ် ပြည့်ပြီးတော့မှ စာမေးပွဲပြီးတော့ အောင်မြင်တဲ့သူ အားလုံးဟာ တစ်နှစ်ကို (၂၅၀၀) စုစုပေါင်း အထက်တန်းပြ (၃၆၀၀) တစ်နှစ်ကို ကျွန်တော်တို့ မွေးထုတ်ပါတယ်။

ပညာရေးကောလိပ်ကျောင်း(၂၀)မှာ လယ်ပြ၊ မူပြအဆင့် (၁၀)တန်းအောင် D.Tec ကတော့ (၄၅၀၀) တစ်နှစ်ကို ဆင်းပါတယ်။ ဘွဲ့ရ D.Tec ကတော့ လုပ်ငန်းခွင်ကြို ဆရာ အတတ်ပညာကျွမ်းကျင်မှု Diploma သင်တန်းကတော့ (၄၂၀၀)၊ ဘွဲ့ရပြီးတဲ့ အပြင် Computer နဲ့ ပတ်သက်တဲ့ သင်တန်းသူ၊ သင်တန်းသား (၃၂၀) အားလုံး (၉၀၂၀) စုစုပေါင်းဆိုရင် တစ်နှစ်ကို (၁၂၆၂၀)ထဲမှာ နှစ်ကျော့ပြန်ဖြစ်တဲ့ ပညာရေးဘွဲ့ စာပေးစာယူ တစ်နှစ်၊ တစ်နှစ် ပေါင်းကူး (၃၀၀၀)ဆိုရင် တစ်နှစ်ကိုဆိုရင် ကျွန်တော်တို့ (၉၆၂၀)သည် ဆရာအတတ်သင် ကျောင်းများက မွေးထုတ်တာ ဖြစ်ပါတယ်။ လောလောဆယ် ကျောင်းသား တိုးတာရယ်၊ ကျောင်းအသစ် Section ဖွင့်တာရယ်နဲ့ ကျွန်တော်တို့ လုပ်အပ်ချက်သည် (၁၅၀၀၀)ကျော်လောက် ဆရာ၊ ဆရာမ မူလတန်းပြ လိုမှာဖြစ်ပါတယ်။

အဲဒီအတွက် အခုအချိန်ကစပြီးတော့ ဒီကျောင်းအလိုက် အသစ်ဖွင့်မယ့် ကျောင်း၊ ဝေးလံကျောင်း၊ အစွန်အဖျားကျောင်း စသည်အားဖြင့် စတင်တွက်ချက်ပါပြီ။ ဒါကိုလည်း ကျွန်တော်တို့ (၁၀)တန်းအောင်၊ ဘွဲ့ရ ဟို ဆရာရှိဖို့လိုအပ်တဲ့အတွက် ဆရာ အတတ်သင်ကို

ဒုတိယဦးစားပေးထားပြီးတော့ ဆွဲခန့်အဖြစ် ခန့်ဖို့အတွက် စီမံဆောင်ရွက် နေပါပြီ။ ဆွဲခန့် ခန့်ပြီး၊ နေ့စား ခန့်ပြီးတဲ့ အချိန်မှာပဲ စာသင်နှစ်အစမှာ မူလတန်း စာပေးစာယူသင်တန်းနဲ့ ဆရာလက်မှတ်ရအောင် ဆောင်ရွက်ပေးဖို့ အစီအစဉ်လည်း ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ကျောင်းအဆင့် တိုးမြှင့်ခြင်း၊ အသစ် ဖွင့်လှစ်ခြင်းနဲ့ပတ်သက်လို့ စည်းမျဉ်းစည်းကမ်းများဟာ ဖြေလျှော့ပြီး ဖြစ်ပါတယ်။ ဆက်လက်လည်း ဒီမူလတန်းပညာ မသင်မနေရပညာရေး လက်တွေ့အကောင်အထည်ဖော် နိုင်ရေးအတွက် ကျောင်းအသစ်ဖွင့်လှစ်ရေးကိစ္စများကို ကြွင်းကျန်ခဲ့တာ ရှိရင်လည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း တင်သွင်းတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြုတင်ပြချက်များနှင့် ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအား လျှော့ပေါ့ ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ (၁၆၄) ၊ ကန့်ကွက်(၁၅)၊ ကြားနေ (၃) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးစိုင်းကျော်ဇောသန်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာ ကောလိပ် (Arts and Culture College) ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ တင်သွင်းထားတဲ့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာ ကောလိပ်(Arts and Culture College)ကျောင်း တစ်ကျောင်းစီဖွင့်လှစ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၃၅။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ကြွရောက် လာကြတဲ့ ကိုယ်စားလှယ်တော်အားလုံးများကိုလည်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ဒီကနေ့ ကျွန်တော် ဆွေးနွေးမယ့်အဆိုကတော့ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့်အနုပညာကောလိပ်(Arts and Culture College) ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်ပြုပြင်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်က လူနည်းစု တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုနဲ့ အနုပညာတို့ကို မပပျောက်စေရေးနဲ့ ပြုစုပျိုးထောင် ပိုင်ခွင့်ရရှိရေးကို ဦးတည်ပြီး ဆွေးနွေးထားတာကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဒီအဆိုမှာ အနည်းငယ် အားနည်းချက် ရှိနေတဲ့အတွက်ကြောင့် ဒီအဆိုကို ကျွန်တော်ပြုပြင်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ကျွန်တော်ရဲ့ ပြုပြင်ဆွေးနွေးလိုတဲ့ အချက်ကတော့ ဥပမာ ကျွန်တော်တို့က ဒီပြည်နယ်အတွက်ပဲ စဉ်းစားပြီးတော့ ကျောင်းလုပ်မယ် ဆိုလို့ရှိရင်ဥပမာ- နာဂလူမျိုးအတွက်ကကျန်ခဲ့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ တိုင်းဒေသကြီးဆိုတာကိုလည်း ထပ်ဖြည့်ချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိုင်းရင်းသား များ၏ ယဉ်ကျေးမှုနှင့်အနုပညာ ကောလိပ်ကျောင်းများ ဖွင့်လှစ်နိုင်ရေးဆိုပြီးတော့ ကျွန်တော် ပြင်ဆင်ချင်ပါတယ်။

နောက်ပြီးတော့ ဒီအဆိုမှာ ဒီအဆိုကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ပညာရေး ဝန်ကြီးဌာနနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ပူးပေါင်းပြီးတော့ လုပ်ဆောင်ရမယ့် အဆို ဆိုတာကို တွေ့ရှိရပါတယ်။ နောက်တစ်ခါ ဒီကျောင်းတစ်ကျောင်းကို တည်ထောင်ဖို့ဆိုတာ ဒီကျောင်းကို ဖွင့်လိုက်ပြီဆိုတာနဲ့ နည်းပြတွေ လိုလာပါမယ်။ အဲဒီအတွက်ကို စတင်အကောင်အထည်ဖော် ဖို့ဆိုတာ ချက်ချင်းတော့ ဖြစ်နိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဒီတိုင်းရင်းသားများရဲ့ အခွင့်အရေးကို အကောင်အထည်ဖော်ပေးနိုင်မယ့် အဆိုကောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုကို ပိုမို အောင်မြင်စေရေးအတွက် ကျွန်တော်က ဒီအနုပညာကောလိပ်ကျောင်းများ ဖွင့်လှစ်နိုင်ရန် စီမံကိန်းချ ဆောင်ရွက်ပေးသင့်ပါကြောင်း ဆိုပြီးတော့ ဒီအဆိုရှင်ရဲ့ အဆိုကိုလည်း မပြောင်းလဲ စေဘဲနဲ့ ပြင်ဆင်လိုပါတယ်။ ဒါပေမဲ့ ဒီပြောင်းလဲလိုတဲ့ ဆန္ဒရှိ/မရှိ ဆိုတာကတော့ အဆိုရှင်ရဲ့ ဆန္ဒနဲ့ကိုယ်စားလှယ်တွေရဲ့ အားလုံးအပေါ်မှာလည်း မူတည်တယ် ဆိုတဲ့အကြောင်း ကျွန်တော် ဆွေးနွေးလိုပါတယ်။

ဒီအဆိုကို ကျွန်တော် ထောက်ခံပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအရသော်လည်းကောင်း၊ အခြေခံဥပဒေပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ တိုင်းရင်းသားများရဲ့ဆန္ဒအရသော်လည်းကောင်း အင်မတန်ကောင်းတဲ့ အဆိုဖြစ်ပြီးတော့ နိုင်ငံတော်ကနေပြီးတော့ အကောင်အထည်ဖော်ပေးသင့်တဲ့ ကိစ္စတစ်ခုလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၇)မှာ

လူတိုင်းဟာ သက်ဆိုင်ရာ ယဉ်ကျေးမှုလောကနဲ့ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ရန် သုခုမ ပညာရပ်များကို လွတ်လပ်စွာလိုက်စားမွေ့လျော်နိုင်ခွင့်၊ သိပ္ပံပညာ ထွန်းကားရေးလုပ်ငန်းများတွင် လွတ်လပ်စွာ ဝင်ရောက်လုပ်နိုင်ခွင့်နဲ့ ထိုပညာရေး အကျိုးအာနိသင်များကို လွတ်လပ်စွာ ခံစားသုံးစွဲနိုင်ခွင့် ရှိတယ်ဆိုတဲ့ အချက်တွေကို ပြဆိုထားပါတယ်။

လူတိုင်းမှာ သိပ္ပံပညာရပ်ကနေဖြစ်စေ၊ စာပေပညာကနေဖြစ်စေ၊ သုခုမပညာကနေဖြစ်စေ မိမိကိုယ်ပိုင်ဉာဏ်နဲ့ ကြံစည်ဖန်တီးမှုက ဖြစ်ထွန်းလာတဲ့ ဂုဏ်နဲ့ ငွေကြေးအကျိုးအမြတ်တွေကို ခံစားရယူနိုင်ရန် အခွင့်အရေးအတွက် ကာကွယ်မှုကို ရရှိနိုင်မယ့် အခွင့်အရေး ရှိတယ်ဆိုပြီး ပြဆိုထားပါတယ်။ ကျွန်တော်တို့ နိုင်ငံတော် အခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများအခန်း နိုင်ငံတော် ခေါင်းစဥ်အောက်မှာရှိတဲ့ ပုဒ်မ ၃ မှာလည်း ကျွန်တော်တို့နိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်တယ်ဆိုတဲ့ အချက်ရယ်၊ နောက်တစ်ခါ ပုဒ်မ ၂၂ မှာလည်း တိုင်းရင်းသားများရဲ့ စကား၊ စာပေ၊ အနုပညာ ယဥ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ရမယ်ဆိုတဲ့အချက်၊ နောက်တစ်ခါ ပုဒ်မ ၂၇ မှာ နိုင်ငံတော်ဟာအမျိုးသားယဥ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးနဲ့ စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မယ်ဆိုတဲ့အချက်ကိုလည်း ပြဋ္ဌာန်းထားပါတယ်။

နောက်တစ်ခါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များမှာလည်း နိုင်ငံတော်ဟာ မည်သူ့ကိုမဆို ဥပဒေအရာမှာ တန်းတူညီမျှ အခွင့်အရေးရရှိ စေရမယ်ဆိုတဲ့ အချက်ကိုလည်း ပုဒ်မ ၃၄၇ မှာ ပြဋ္ဌာန်းထားပါတယ်။ ထိုနည်းတူစွာပဲ ပုဒ်မ ၃၅၄၊ ပုဒ်မ ၃၆၅ တို့မှာ ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ မိမိတို့ရဲ့ စာပေ၊ ယဥ်ကျေးမှု၊ ကိုးကွယ်တဲ့ သာသနာတွေကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်နဲ့ ပြုစုပျိုးထောင်ပိုင်ခွင့်တို့ကို ပြဋ္ဌာန်းထားပါတယ်။ နောက်တော့ ပုဒ်မ ၃၉၀မှာလည်း ဒီလို အလားတူ အပိုဒ်(က)မှာ အမျိုးသား ယဥ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုတာကိုလည်း ပြဆိုထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ လူတစ်ဦးချင်းတောင်မှ မိမိရဲ့ ကိုယ်ပိုင်ဟန်ကို တစ်ပါးသူ သိသာစေ၊ သိမြင်စေလိုတဲ့ဆန္ဒ ရှိကြပါတယ်။ တိုင်းရင်းသားလူမျိုးနွယ်စုတွေမှာလည်း သူတို့ရဲ့ ကိုယ်ပိုင်ဟန်ဖြစ်တဲ့ စကား၊ စာပေ၊ အနုပညာနဲ့ ယဥ်ကျေးမှုတွေကို ထင်ပေါ်စေ၊ ဖွံ့ဖြိုးတိုးတက်စေလိုတာကတော့ ဓမ္မတာပါပဲ။ မျိုးဟန်စုံတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာအနုအလှတွေကိုတော့

ပြုစုပျိုးထောင်ခွင့်သာရမယ်ဆိုရင် အရင်ရှိပြီး အလှတွေဟာ ပိုမိုထွန်းတောက်ဝေဆာလာမှာတော့ အမှန်ပါပဲ။ ကျွန်တော်တို့ရဲ့ရှိပြီး ပြည်ထောင်စုအလှတွေကို ပိုမိုဝင့်ကြွားတောက်ပစေမှာပါ။ အဲဒီအလှတွေကို ပြုစုပျိုးထောင်ခွင့်၊ ယဉ်ကျေးမှုအလှပန်းတွေကို ထွန်းလင်းဝေဆာခွင့် ရရှိဖို့ကတော့ တိုင်းရင်းသားတွေကိုယ်တိုင် ပါဝင်ပြုစုပျိုးထောင်ခွင့်ရမယ့်၊ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှု အနုပညာကောလိပ်တွေ၊ တက္ကသိုလ်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အထူးသဖြင့် အရာရာမှာ နောက်ကျကျန်နေခဲ့ကြတဲ့ တိုင်းရင်းသား ပြည်နယ်တွေမှာ ရှိသင့်ပါတယ်။ ဒါပေမဲ့ အဆိုမှာကတော့ ဆောက်လုပ်ပေးသင့်တဲ့ အကြောင်းတွေကိုသာ တင်ပြထားပြီးတော့ ဘယ်လို၊ ဘယ်ပုံ၊ ဘယ်နည်း သင်ကြားကြမယ်၊ ပြုစုပျိုးထောင်ကြမယ်ဆိုတာကိုတော့ တင်ပြထားတာကို မတွေ့ရှိရပါဘူး။ ဒီကိစ္စက ကျယ်ပြန့်တဲ့ အတွက်ကြောင့်မို့လို့ တိုင်းရင်းသားပညာရှင်တွေအားလုံး ပူးပေါင်းပါဝင်တဲ့အဖွဲ့တွေနဲ့ ကျွန်တော်တို့ ဒီစာတမ်းဖတ်ပွဲတွေ၊ နောက်တစ်ခါ သုတေသနရှာဖွေ ပြုလုပ်ပြီးတော့ ဘယ်လို ဘယ်ပုံ လုပ်ဆောင်သွားမယ်ဆိုတာကတော့ စီမံကိန်းချ ဆောင်ရွက်သွားသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာယဉ်ကျေးမှု အနုပညာကောလိပ်တွေ မွေးဖွားပေးနိုင်မယ်ဆိုလို့ရှိရင် ရရှိလာမယ့်အကျိုးကျေးဇူးတွေကတော့များစွာ ရှိပါတယ်။ သိသာတာကတော့ ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားငယ်လေးတွေရဲ့ ရောင်စုံပန်းအလှတွေ အပြိုင်အဆိုင်ဖူးပွင့်ဝေဆာလှပလာမှာပဲ ဖြစ်ပါတယ်။ အရောင်တစ်မျိုးတည်းသာရှိတဲ့ ဖူးပွင့်ဝေဆာခွင့်ရှိတဲ့ ပန်းအလှဥယျာဉ်ကြီးထဲမှာ ရောင်စုံပန်းအလှတွေ ဖူးပွင့်ဝေဆာခြင်းဖြင့် ပန်းဥယျာဉ်ကြီးရဲ့အလှကို ပိုမိုတောက်ပလာစေမှာပဲဖြစ်ပါတယ်။ ဒီအဆိုမှာ ဒီကျွန်တော်တို့ ဒီကျောင်းကို အောင်မြင်စွာ တည်ထောင်နိုင်ဖို့ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားများရဲ့ ပညာရှင်တွေရဲ့ ပူးပေါင်းပါဝင်မှုကလည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် တိုင်းရင်းသား တစ်မျိုးစီ တစ်မျိုးစီမှာ နက်နဲတဲ့ အနုပညာ ဟန်ပန်လေးတွေ သူ့ဟာသူ ကိုယ်စီကိုယ်ငှ ရှိနေကြပြီးတော့ သူ့လူမျိုးနဲ့သူ ဖော်ထုတ်နိုင်ခွင့်ရှိမှသာလျှင် စစ်မှန်တဲ့ ယဉ်ကျေးမှုတွေဟာ ဖူးပွင့်နိုင်မယ်ဆိုတာကို ပြောဆိုခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ပြည်နယ်တွေမှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အင်အားလုံလောက်စွာ မရှိသေးနိုင်တဲ့အတွက် ဒီကိစ္စကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးနိုင်မှသာလျှင် လျင်မြန်စွာ အကောင်အထည်ပေါ်လာနိုင်စေမယ့် စေတနာနဲ့

တိုင်းရင်းသားတွေရဲ့ နှစ်ရှည်လများစွာက တောင့်တခဲ့ကြရတဲ့ မိမိတို့ရဲ့ ရိုးရာ ယဉ်ကျေးမှုအမွေ ကောင်းတွေကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခွင့် ရစေသည့်သာမက လျင်မြန်စွာ ပြောင်းလဲနေတဲ့ ယနေ့ IT ခေတ်ကြီးမှာ မိမိတို့ရဲ့ ရှားရှားပါးပါး ယဉ်ကျေးမှုလေး တွေကို ခေတ်နဲ့ အညီမြန်မြန်ဆန်ဆန် ပြုစုပျိုးထောင်နိုင်ခွင့်ကို တင်ပြခြင်းလို့ ကျွန်တော် ယူဆ ပါတယ်။ ဖြစ်သင့် ဖြစ်ထိုက်တဲ့ အဆိုဖြစ်တာနဲ့အညီ အခုတည်းကနေစပြီးတော့ အခြေခံဥပဒေ မှာပါတဲ့ တိုင်းရင်းသား အခွင့်အရေးတွေကို အကောင်အထည်ဖော်ပေးနိုင်မယ့် အဆိုဖြစ်တဲ့ အဆိုကို အဆိုပြောင်းလဲခြင်းနဲ့တကွ ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၄၅။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပြီးတော့ ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးမောင်စောဖြူ ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ပြည်နယ်များတို့တွင် ယဉ်ကျေးမှုနှင့် အနုပညာကောလိပ် (Arts and Culture College) ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပြည်ထောင်စုနိုင်ငံဖြစ်သလို၊ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့ အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ တိုင်းရင်းသားအရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသား အချင်းချင်း အသိအမှတ်ပြုမှု ၊အလေးထားဆက်ဆံနေရာပေးမှု၊ တန်းတူညီမျှမှုတို့ဟာ တိုင်းရင်းသားအချင်းချင်းရဲ့တန်ဖိုး၊ ဂုဏ်သိက္ခာ၊ စည်းလုံးညီညွတ်မှုနဲ့ ဒီမိုကရေစီလက္ခဏာတို့

ဖြစ်ပြီး ဒါတွေအားလုံးကို စုစည်းလိုက်တော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့တန်ဖိုး၊ ဂုဏ်သိက္ခာ၊ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ဒီမိုကရေစီအကောင်အထည်ဖော်လာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ပဲ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ တိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှု အနုပညာ အဆို၊ အက၊ ဓလေ့တွေဟာ အင်မတန်မှ အရေးကြီးပါတယ်။

ဒါတွေဟာ လူမျိုးတစ်မျိုးရဲ့ အသက်၊ ဂုဏ်သိက္ခာ၊ တန်ဖိုးနဲ့ ရေရှည်တည်တံ့မှုရဲ့ အဓိက ဖြစ်နေပါတယ်။ ရန်ကုန်၊ မန္တလေးမြို့တွေမှာ ယဉ်ကျေးမှုတက္ကသိုလ်ရှိတဲ့အတွက်ကြောင့် ယဉ်ကျေးမှု၊ အနုပညာ၊ အဆိုအကဓလေ့ ခိုင်မာတိုးတက်ပြီးတော့ အဆင့်မြင့်လာပြီးတော့ ဒီနေ့ အခြေအနေမှာ အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်စရာ ကောင်းတဲ့အခြေအနေဖြစ်နေပါတယ်။ နိုင်ငံ၊ လူမျိုးရဲ့ အဆင့်အတန်းကိုပင်လျှင် ယဉ်ကျေးမှုအနုပညာကို ကြည့်၍လည်း အဆင့်ကို သတ်မှတ် သုံးသပ်လျက်ရှိတယ်လို့လည်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှု၊ အနုပညာ၊ အဆို၊ အကများနဲ့ပတ်သက်၍ ကျွန်တော့်ရဲ့ အတွေ့အကြုံကိုလည်း အနည်းငယ် တင်ပြခွင့်ပြုပါခင်ဗျား။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ကျင်းပလျက်ရှိတဲ့ ကချင်တိုင်းရင်းသား မနောပွဲသို့ မြန်မာနိုင်ငံရှိ တိုင်းရင်းသား၊ ကချင်တိုင်းရင်းသားများကို ဖိတ်လေ့ရှိတဲ့အတွက်ကြောင့် ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး ၂၀၀၆ ခုနှစ် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ လုံရှော မနော်ပွဲသို့ လူ(၈၆)ဦးကို ဦးဆောင်၍ သော်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှာ ယူနန်၊ ကျန်ရှိ မနောပွဲသို့ လူ(၁၀၀)ကျော်ကို ဦးဆောင်၍ သော်လည်းကောင်း၊၂၀၀၈ ခုနှစ်မှာ ယူနန်၊ ဂျံခေါင်မနောပွဲသို့ လူ(၂၀၀)တိတိကို ဦးဆောင်၍ လည်းကောင်း သွားရောက်ခဲ့တဲ့ အခါမှာ မန်စီ၊ လုံချွမ်းရှိ ကချင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကျောင်းဆင်းတွေ ဆိုတီး၊ ကပြခဲ့တာဟာ အလွန်ပဲကောင်းမွန်ပြီး နိုင်ငံတကာအဆင့်အနေအထား ရှိနေသလိုပဲ တွေ့ရှိခဲ့ရပါတယ်။ ကချင်ပြည်နယ်မှ ကလေးများ၊ လူငယ်များလည်း ပါဝင် တက်ရောက်ခဲ့တဲ့ ယူနန်၊ မန်စီရှိ ကချင်တိုင်းရင်းသားယဉ်ကျေးမှုကျောင်းဆင်းပွဲများသို့လည်း ကျွန်တော့်ကို ဖိတ်ခေါ်တဲ့အတွက်ကြောင့်လည်းလဲ ကျောင်းဆင်းပွဲများကိုလည်း တက်ရောက် ခဲ့ပါတယ်။

ကချင်ပြည်နယ်တွင် ယဉ်ကျေးမှုကျောင်း၊ ကောလိပ်ရှိလျှင် ကလေးများ၊ လူငယ်များဟာ ၎င်းကျောင်းတွေ လာတက်ကြမှာဖြစ်ပါတယ်။ ဒါဆိုရင် ယဉ်ကျေးမှုကို စဉ်ဆက်မပြတ် ထိန်းသိမ်း သွားနိုင်မှာဖြစ်သလို လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လမ်းမှားရောက်ခြင်းမှလည်း

ကယ်တင်နိုင်မှာ ဖြစ်ပါတယ်။ ဒါတွေကို လေ့လာကြည့်တဲ့အခါ သင့်တော်သောကျောင်း၊ ကောလိပ်၊ အဆောင်နေရာများ ရှိရန်လိုသလို၊ အရည်အချင်းအဆင့်မီသော တိုင်းရင်းသား ယဉ်ကျေးမှု အနုပညာနဲ့ ပတ်သက်တဲ့ ပညာရှင်များလည်း ရှိရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ ဦးမောင်စောဖြူ ရဲ့ ဒီ ယဉ်ကျေးမှုအနုပညာကောလိပ်နဲ့ ပတ်သက်တဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ယဉ်ကျေးမှုအနုပညာကျောင်း ဒါမှမဟုတ် ကောလိပ် ဒါမှမဟုတ် University ဒါတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ ဖွင့်လှစ်သွားရင်လည်း ကောင်းမယ်လို့ ကျွန်တော့်အနေနဲ့လည်း ဒီအချက်ကိုလည်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်မှစပြီးတော့ ပြည်နယ်/တိုင်းရှိ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှု၊ အနုပညာ၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို သက်ဆိုင်ရာပြည်နယ်အစိုးရများက ဦးဆောင်ပြီးတော့ ယှဉ်ပြိုင်စေခြင်းအားဖြင့် တိုင်းရင်းသား ယဉ်ကျေးမှု၊ အနုပညာများကို စတင်ထိန်းသိမ်းဖော်ထုတ် မြှင့်တင်နေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း မကြာသော အချိန်တုန်းကပဲ ကျွန်တော်တို့ သဘင်ဆောင်မှာ ကြည့်ရှုအားပေးခွင့် ရခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနကိုလည်းပဲ အထူးပဲ ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလေးထားဆောင်ရွက်ပေးသွားနိုင်ရန် လေးစားစွာတင်ပြလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရများရဲ့ အခြေအနေအချိန်အခါနဲ့ အဆင့်မီသော တိုင်းရင်းသားယဉ်ကျေးမှု အနုပညာရှင်များလည်း အမြန်အဆင်သင့်ဖြစ်အောင် စီစဉ်ပြီး၊ အဆင်သင့် ဖြစ်လာတဲ့အချိန်မှာ ဖွင့်လှစ်စီစဉ်သွားနိုင်ရန်အတွက် ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာကောလိပ် (Arts and Culture College)ကျောင်း တစ်ကျောင်းစီကို ဖွင့်လှစ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၅၁။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၁။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပြီး အားလုံး စိတ္တသုခ၊ ကာယသုခ နဲ့နှစ်ဖြာသောသုခအပေါင်းနဲ့ ပြည့်စုံခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုအနုပညာကောလိပ် (Arts and Culture College)ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၀ (က)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အားကူညီရန်တာဝန်မှာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုတိုင်းမှာ တချို့ကိုယ်ပိုင်စာပေမရှိသော်လည်းပဲ ကိုယ်ပိုင်စကားနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုတိုင်းဟာ အဲဒီ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ မပပျောက်အောင်၊ မတိမ်ကောသွားအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားတိုင်းရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ အဲဒီတိုင်းရင်းသားမျိုးနွယ်စုကို ကမ္ဘာတည်သရွေ့ ဖွံ့ဖြိုးတိုးတက် ခိုင်မြဲစေပါတယ်။ ဒီအပြင် အဲဒီတိုင်းရင်းသားမျိုးနွယ်စုရဲ့ ဂုဏ်ကျက်သရေကို ဖော်ဆောင်ပေးခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မီးမောင်းထိုးပြနေခြင်းနဲ့ အဲဒီတိုင်းရင်းသားမျိုးနွယ်စုရဲ့ စွမ်းပကားထက်မြက်ပုံကို ဖော်ထုတ်ပေးခြင်းများနဲ့ တူနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေရာမှာ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ အဲဒီတိုင်းရင်းသားမျိုးနွယ်စုရဲ့ စွမ်းပကားထက်မြက်ပုံကို ဖော်ထုတ်ပေးခြင်းများ ရှိနေပါတယ် ဆိုတဲ့ ဥပမာကို ကောက်နုတ်တင်ပြလိုပါတယ်။ ရှေးယခင်က ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားများရဲ့ သိုင်းအတတ်ပညာဟာ အလွန်ထင်ပေါ် ကျော်ကြားပြီး လူသိများခဲ့ပါတယ်။ ရှမ်းလူမျိုးတိုင်းနီးပါး ယောကျ်ား မိန်းမ မရွေး မိမိတို့ရဲ့ ရိုးရာသိုင်းပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ခဲ့ပါတယ်။ အဲဒီလို သိုင်းအရာမှာ တတ်မြောက် ကျွမ်းကျင်ခဲ့လို့ ရန်သူကိုလိုနိုနယ်ချဲ့တွေကို ရရာ တုတ်၊ ဓား လက်နက်စွဲကိုင်ပြီး အခြားတိုင်းရင်းသားများနဲ့အတူ တော်လှန်ခဲ့ပါတယ်။ပေါ့ပေါ့ပါးပါး ခုန်ပျံကျော်လွှားပြီး ရန်သူကို တိုက်ခိုက်နိုင်တဲ့သိုင်းကွက်ကို ကျွမ်းကျင်တတ်မြောက်ဖို့ကတော့ မြေကျင်းတူးပြီး ကျင်းထဲကနေ အပေါ်ကို ခုန်ထွက်တဲ့ လေ့ကျင့်မှုတွေ အဆင့်ဆင့်လေ့ကျင့်ရပါတယ်။ ဒီနည်းကို နှစ်နဲ့ချီပြီး လေ့ကျင့်နိုင်မှသာ လိုရာအမြင့်အထိ ခုန်တက်နိုင်ပါတယ်။ နာမည်ကြီးလှတဲ့ သိုင်းကွက် တစ်မျိုးကတော့ ရှမ်းလို ဝေစွမ်းစွီးလို့ ခေါ်ပါတယ်။ ဝေစွမ်းစွီး၊ ဗမာလိုကတော့ ဓားမြောင်လက်ချောင်းပေါ့။ ဒီသိုင်းကွက်ကို ကျွမ်းကျင်တတ်မြောက်ဖို့အတွက် နှစ်နဲ့ချီပြီး လေ့ကျင့်ရပါတယ်။ နောက်ဆုံးအောင်မြင်လာပြီဆိုလို့ရှိရင် ဝါးပိုးအစိမ်းများကိုတောင် ထုတ်ချင်းပေါက်သွားအောင် လက်ချောင်းများနဲ့ ထိုးဖောက်သွားနိုင်ပါတယ်။

နောက်ပြီး တုတ်သိုင်း၊ ဓားသိုင်း၊ လှံသိုင်း၊ လက်သီးသိုင်းစတဲ့ စုံလို့ ကျွန်တော်တို့ ရှမ်းအမျိုးသားမှာ ရှိကြပါတယ်။ အလားတူ အခြားတိုင်းရင်းသားများမှာလည်း ဒီလိုအမွေအနှစ်တွေ ရှိမှာပဲလို့ ထင်မိပါတယ်။ နောက် ရှမ်းတို့ရဲ့ ထူးခြားတဲ့ ထူးခြားချက်တစ်ခုကတော့ အရေးကြုံရင် သက်လုံကောင်းရမယ်ဆိုတဲ့ စကားအတိုင်း ကိုယ်စွမ်းအား၊ စိတ်စွမ်းအားတွေ စုစည်းပြီး ရန်သူကို ချေမှုန်းနိုင်တဲ့ သိုင်းကွက်တွေလည်းရှိခဲ့ဖူးပါတယ်။ အခုတော့ အဲဒီ သိုင်းကွက်မျိုးတွေဟာ မှေးမှိန်ပြီး ပျောက်လုနီးပါး ဖြစ်ကုန်ပါပြီ။ ကိုယ့်ပြည်နယ်မှာ ယဉ်ကျေးမှု အနုပညာကောလိပ်ဖွင့်လာလို့ရှိရင် ဒီယဉ်ကျေးမှု အမွေအနှစ်တွေကို ပြန်လည်ဖော်ထုတ်ခွင့် ရတော့မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂ (က)မှာ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်လို့ အစိုးရက တာဝန်ခံထားတဲ့အတွက် စာပေ

မရှိသေးတဲ့ တိုင်းရင်းသားမျိုးနွယ်စုအချို့ကို ၎င်းတို့ရဲ့ ကိုယ်ပိုင်စာပေ ပေါ်ပေါက်လာအောင် အရေးတယူ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ စာပေဟာ လူမျိုးတိုင်းအတွက် အရေးကြီးပါတယ်။ စာပေမှတစ်ဆင့် ဘက်စုံပညာဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် ပညာရဲရင့် ပွဲလယ်တင့် ဆိုတဲ့ စကားအတိုင်း စာပေရှိမှ အဲဒီမျိုးနွယ်စုဟာ ကမ္ဘာ့အလယ်တင့်တယ်ဝင့်ကြွားနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့အတွက် ကမ္ဘာ့အလယ်မှာ အင်မတန်မှ တင့်တယ်လှပတဲ့ ဥယျာဉ်ကြီးတစ်ခုနဲ့ တူနေပါတယ်လို့ ဥယျာဉ်ကြီးနဲ့ နှိုင်းယှဉ်ပြီး ကျွန်တော် ပြောလိုပါတယ်။ ဥယျာဉ်ကြီးထဲမှာ ပန်းတစ်မျိုးတည်း စိုက်ပြီး ပန်းတစ်မျိုးတည်း ပွင့်နေရင် အဲဒီဥယျာဉ်ကြီးဟာ တင့်တယ်လှပမှာ မဟုတ်ပါဘူး။ ဥယျာဉ်ကြီးထဲမှာ ပန်းပင်အမျိုးပေါင်းစုံ ရှိပြီး ပန်းအမျိုးပေါင်းစုံ ပွင့်နေကြမှ အဲဒီဥယျာဉ်ကြီးဟာ တင့်တယ်လှပဝေဆာမှာ ဖြစ်ပါတယ်။ ပန်းပင်တွေရှိ၊ ပန်းပင်တွေ ရှင်သန်ဖို့ ပန်းပင်တွေကနေ လှလှပပ ဝေဝေဆာဆာ ပွင့်နိုင်ဖို့ ဥယျာဉ်မှူးကြီးကလည်း အချိန်နဲ့တစ်ပြေးညီ ပြုစုပျိုးထောင် ဂရုစိုက်ကာကွယ် စောင့်ရှောက် ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။

အဲဒီလိုပဲ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကြီးဟာ ဥယျာဉ်ကြီးနဲ့ တူပြီး ပန်းပင်အမျိုးပေါင်းစုံဟာ တိုင်းရင်းသားမျိုးနွယ်ပေါင်းစုံနဲ့ တူနေပါတယ်။ ဥယျာဉ်မှူးကြီး ကတော့ နိုင်ငံတော်အစိုးရပေါ့။ ဥယျာဉ်ကြီးထဲမှာ လှလှပပ ဝေဝေဆာဆာ ဖူးပွင့်နေတဲ့ ပန်းပေါင်းစုံကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ တူပါတယ်။ ပန်းပွင့်တွေ လှပဝေဆာအောင် ဖူးပွင့်နိုင်ဖို့ ဥယျာဉ်မှူးကြီး ပြုစုစောင့်ရှောက်ရသလို တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖွံ့ဖြိုးတိုးတက်စေဖို့ ကူညီ ဆောင်ရွက်မှာကတော့ နိုင်ငံတော်အစိုးရ ဥယျာဉ်မှူးကြီးပဲ ဖြစ်ပါတယ်လို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဦးမောင်စောဖြူ ရဲ့ အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေးပြီး ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ (၄၅)မိနစ် နားပါမယ်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**[**အစည်းအဝေးကို (၁၃း၀၀) နာရီတွင် ခေတ္တရပ်နားပြီး (၁၃း၄၅) နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။**]**

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၅။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒအမှတ်(၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၄) ဦးမောင်စောဖြူ ၏ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခြေခံဥပဒေထဲက ခွင့်ပြုထားတဲ့ အချက်အလက်များကို ကျွန်တော် ဖော်ပြပါမယ်။ နိုင်ငံတော်အခြေခံမူ အခန်း(၁)၊ အပိုဒ်(၃)မှာ နိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးများတို့၏ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်တဲ့ အပိုဒ် (၄)မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌

တည်တဲ့ နောက် ပုဒ်မ ၂၂ မှာ  နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်တဲ့ အဲဒါဟာ ကတိပဲလား။ ဆောင်ရွက်ပေးရန် တိတိလင်းလင်း ဖော်ပြထားတဲ့ အခြေခံဥပဒေက ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားများဆိုင်ရာ ပုဒ်မ ၁၈၈ ထဲမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်လို့ ဖော်ပြထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဇယား(၁)ဗဟိုက ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရမည့် ဇယား(၁)မှာလည်း စာပေ၊ သဘင်၊ ဂီတ ရိုးရာပန်း ရုပ်ရှင်တို့ကို ဆောင်ရွက် ပေးရန်၊ တိုးတက်အောင်ဆောင်ရွက်ပေးရန် ဖော်ပြထားသလို တိုင်းနှင့်ပြည်နယ်အစိုးရမှ ဆောင်ရွက်ရမယ့် ဇယား(၂)မှာလည်း ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန်လို့ ဖော်ပြ ထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒီ ဦးမောင်စောဖြူ ဟာ ဥပဒေဘောင်အတွင်းကနေ ဖော်ပြထားတဲ့ အခွင့်အရေးများကို တောင်းဆိုခြင်း ဖြစ်ပါတယ်လို့ ကျွန်တော် ခံယူပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားများကိစ္စများကို ဒီလွှတ်တော်တွင် တိုင်ပင်ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ အင်္ကျီကွက်ကျားဝတ်တဲ့ တိုင်းရင်းသားကိုယ်စားလှယ် များကသာ ထောက်ခံခြင်း၊ ဆွေးနွေးခြင်းများကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ရောင်စုံတိုင်းရင်းသားများက ထောက်ခံဆွေးနွေးခြင်း မပြုတဲ့အတွက် ခွဲခြားတာတော့ မဟုတ်သော်လည်းပဲ ခွဲခြားသလိုပဲ ကျွန်တော်တို့ ခံစားရပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့၊ တောင်းဆိုတဲ့အချက်တွေဟာ အခြေခံဥပဒေမှာ မရှိတဲ့ အထူးအခွင့်အရေးတွေကို ကျွန်တော်တို့ တင်ပြတောင်းခံတာမဟုတ်ဘဲ ဥပဒေအတွင်းမှာ ဖော်ပြထားတဲ့ ဥပဒေအတွင်း၌သာလျှင် ကျွန်တော်တို့ တင်ပြတောင်းခံခြင်းဖြစ်ပါတယ်လို့ တင်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားကိစ္စများ ဆွေးနွေးတဲ့အခါမှာ တိုင်းရင်းသားအခွင့်အရေး သက်သက်သာ မဟုတ်ဘဲ ကျွန်တော်တို့ ဆွေးနွေးသမျှဟာလည်းပဲ ပြည်ထောင်စုအရေးဖြစ်တယ်လို့ ဝန်ကြီးဌာန

များအနေနဲ့သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့သော်လည်းကောင်း စာနာပေးပါရန် ကျွန်တော်က တင်ပြဆွေးနွေးလိုပါတယ်။

အခု ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အရေးတကြီး ဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စဟာလည်းပဲ လွှတ်တော်တွင် ဆွေးနွေးတင်ပြချက်များအပေါ်တွင် ပြည်ပပြည်တွင်းကလည်း နားစွင့်တဲ့ နားထောင်တဲ့ အချိန်ဖြစ်တဲ့အတွက် တိုင်းရင်းသားကိစ္စများ ဆွေးနွေးသမျှ မှန်သမျှဟာလည်းပဲ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် များစွာ အထောက်အကူ ဖြစ်စေမယ့် လုပ်ရပ်တွေဖြစ်တဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားများကို ဆွေးနွေးတဲ့အခါမှာ တစ်မျိုးမထင်ဘဲ ကျွန်တော်တို့ကို နားလည်ပေးစေလိုကြောင်း ထပ်လောင်း ပြောကြလိုပါတယ်။ အခု ဆွေးနွေးတဲ့အထဲမှာလည်းပဲ ထောက်ခံဆွေးနွေးမယ့် ကိုယ်စားလှယ် များထဲမှာလည်းပဲ တိုင်းရင်;သားများသာလျှင် အကျိုးအရောင် ကွက်ကျားဝတ်တဲ့ တိုင်းရင်းသားများ ပါဝင်သော်လည်းပဲ ဒေါ်ခင်ဝိုင်းကြည် က ပါဝင်ထောက်ခံဆွေးနွေးပေးတဲ့အတွက် ကျွန်တော့် အနေနဲ့ များစွာ အားတက်မိပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့က ၂၀၀၈ ခုနှစ် အခြေခံဥပဒေက ပေးထားတဲ့ အခွင့်အရေးဟာ ပါတီစုံဒီမိုကရေစီ နည်းစနစ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအတိုင်း အကောင်အထည်ဖော်ရမယ့် အချိန် ကာလလည်းဖြစ်တဲ့အကြောင်း ကျွန်တော် ဖော်ပြဆွေးနွေးလိုပါတယ်။ ဒါကြောင့် ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဦးမောင်စောဖြူ ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာကောလိပ်ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၃။**

**ဦးစောအောင်ကျော်နိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရတဲ့ ဥက္ကဋ္ဌကြီးနှင့် တိုင်းရင်းသားညီအစ်ကို လူကြီးမင်းများ အားလုံး ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပြီးတော့ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် (ခေါ်) ရှားဘူးဖော့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးမောင်စောဖြူ ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံ ဆွေးနွေးမယ့် အကြောင်းအရာတွေဟာ ကျွန်တော့်ရှေ့မှာ ဆွေးနွေးပြီးသွားသော ကိုယ်စားလှယ်တော်ကြီးများရဲ့ တင်ပြချက်၊ ကျိုးကြောင်းဖော်ပြချက် အကြောင်းအရာတွေ အားလုံးကို ခြုံလိုက်မယ်ဆိုရင် ကျွန်တော် ဆွေးနွေးလိုတဲ့ အကြောင်းအရာနဲ့ သဘော သဘာဝချင်း အများကြီးတူနေတဲ့အတွက် ပြီးတော့ ကျွန်တော့်နောက်မှာ ထပ်ဆွေးနွေးမယ့် ကိုယ်စားလှယ်တော် ဒေါ်ခင်ဝိုင်းကြည် ကလည်း ကရားရေလွှတ် ဆွေးနွေးဦးမှာ ဖြစ်တဲ့အတွက် ကျွန်တော် အထူးအကျယ်တဝင့် မဆွေးနွေးလိုတော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီနေ့ဟာလည်း နောက်ဆုံးနေ့လည်းဖြစ်တယ်။ အချိန်အတိုင်းအတာအရသော်လည်းကောင်း၊ ကိုယ်စားလှယ်ကြီး များကလည်း ကျွန်တော့်ကို မေတ္တာပို့မှာလည်း ကြောက်တဲ့အတွက် အချုပ်အကျဉ်းနဲ့ပဲ ကျွန်တော် ဆွေးနွေးသွားပါမယ်။ အလျဉ်းသင့်လို့ တစ်ခုလေး တင်ပြချင်တာက ပထမဆွေးနွေးသွားတဲ့ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် တင်ပြသွားတဲ့ အင်မတန် ယဉ်ကျေး တယ်၊ အင်မတန်လည်း ကျွန်တော်တို့ ဂုဏ်ယူစရာကောင်းတဲ့ ရှမ်းသိုင်းအက၊ အဲဒီလို ဂုဏ်ယူစရာကောင်းသလို ကျွန်တော်တို့ ကရင်ဒုံးယိမ်းဆိုရင်လည်း ကကြိုးကကွက် ညီညာ ငြိမ့်ညောင်း တက်ကြွပြီးတော့ ပြောပြမတတ်လောက်အောင် ကကွက်တွေဟာ စုံသွားပါတယ်။ အဲဒါမှ စုံစရာဆိုလို့ တစ်ဖွဲ့လုံး ကျွမ်းထိုးဖို့ပဲ ရှိတော့တယ် ထင်တယ်၊ ကြည့်ရတာ။

အဲဒါကြောင့် ကျွန်တော်တို့ရဲ့ တိုင်းရင်းသားရိုးရာအကတိုင်းတွေဟာ အင်မတန်ပဲ ကျွန်တော်တို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုအမွေအနှစ်လက္ခဏာတွေကို အများကြီးဖော်ဆောင်ဂုဏ်ယူ ဝင့်ကြွားစရာဖြစ်တဲ့အတွက် အချုပ်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)က ဦးမောင်စောဖြူ တင်သွင်းသွားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ တိုင်းရင်းသား ပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာကောလိပ် (Arts and Culture College) အားပါးပါး ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများ အင်္ဂလိပ်လို ဖတ်သွားတာနဲ့ ကျွန်တော်လည်းအားကျတာနဲ့ ဖတ်ချင်တာနဲ့ ညက အလွတ်ကျက်ထားပါ တယ်။ စာလုံးပေါင်းတော့လည်း သိပ်မရဘူး။ အဲဒါကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့်အနုပညာ ကောလိပ်ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား ထပ်ဆင့်၊ ထပ်ဆင့်၊ ထပ်ဆင့် တိုက်တွန်းရင်းနဲ့ပဲ နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၅။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲနယ်အမှတ်(၁)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ မင်းပရိသတ်အပေါင်း ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မလည်း အခြေအနေအရပ်ရပ်အရ ကျွန်မ အစောကပြောသလို ကရားရေလွှတ် မပြောတော့ပါဘူး။ နည်းနည်းလေးပဲ ကျွန်မဆွေးနွေးမှာ ဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးမှာပါ။ ကျွန်မကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် Arts and Culture College ယဉ်ကျေးမှုနှင့် အနုပညာကောလိပ်ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်မှ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၃၅)မျိုးမှ အဓိကလူမျိုး(၈)မျိုးကို လူနွယ်စုအလိုက် ရှင်းလင်းစွာခွဲခြားဖော်ပြထားပါတယ်။ ဤသို့ ခွဲခြားဖော်ပြထားသော လူမျိုးများအလိုက် မူလက ယဉ်ကျေးမှုအနုပညာတို့သည် ကိုယ်စီတည်ရှိပိုင်ဆိုင်ခဲ့ကြသော်လည်း အချို့မှာ ယဉ်ကျေးမှုအနုပညာများ ကျဆုံးကွယ်ပျောက်သွားခဲ့ကြပြီဖြစ်သော်လည်း ဗမာလူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာတို့သည်ကား ထွန်းလင်းစည်ကားလျက်ရှိကြောင်း ဖော်ပြထားပါသည်။ ထို့အတူ တိုင်းရင်းသားပြည်နယ်တို့တွင်လည်း ယဉ်ကျေးမှုအနုပညာတို့ကို မြေတောင်မြှောက်ပေးသည့်ဌာန လိုအပ်ကြောင်းနှင့် နိုင်ငံတော်မှ ခွင့်ပြုနိုင်ပါမည့်အကြောင်းကို ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)၊ ၂၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၇၊ ပုဒ်မ ၉၆ ဇယား(၁) ဥပဒေပြု စာရင်း (၉) လူမှုရေးကဏ္ဍတို့အား ရည်ညွှန်းကိုးကား အထောက်အထားပြု၍ အဆိုပြု တင်ပြ ထားသည်ကို တွေ့ရပါသည်။ အဲဒီကျတော့ ကျွန်မက ကိုးကားတဲ့ ဥပဒေနည်းသွားတာ ဖြစ်တဲ့ အတွက် ပုဒ်မ ၃၉၀ (က)ကို ရည်ညွှန်းကိုးကားပြီးတော့ ကျွန်မ ဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ကမ္ဘာကြီးတွင် နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံသည် ယဉ်ကျေးမှုပေါင်းစုံဖြင့် နေထိုင်လျက်ရှိကြပါတယ်။ လူမျိုးစုတိုင်း၌ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များ ပိုင်ဆိုင်လျက်ရှိကြပါသည်။ လူမျိုးတိုင်း၌ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ရိုးရာဓလေ့များဖြစ်သည့် တိုင်းရင်းသားရိုးရာအက၊ ပန်းချီ၊ သီချင်းစသည့် ရိုးရာအနုပညာများနှင့် ရိုးရာဓလေ့များ၊ လူမှုရေးအစဉ်အလာများ၊ အခြားသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြခြင်းအားဖြင့် လူမျိုးတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ရမည်ဖြစ်ပါသည်။ ကျွန်မတင်ပြခဲ့သကဲ့သို့ အာဆီယံ လူမှုရေး၊ ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံ၏၊ အရင်တုန်းက ကျွန်မ ဒီအာဆီယံနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးဖူးပါတယ်။ အရင်တစ်ခါဆွေးနွေးတဲ့အခါမှာ၊ အဲဒီထဲက ကျွန်မတို့ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်တဲ့အတွက် အာဆီယံကလည်း ဒီ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာတွေကို သူတို့က အလေးအနက်ထားတဲ့အနေနဲ့ ဒီမှာ မဟာဗျူဟာတွေ၊ နည်းဗျူဟာတွေ ချမှတ်ပြီးတော့ ဆောင်ရွက်နေတာကို ကျွန်မ ကိုးကားတင်ပြမှာ ဖြစ်ပါတယ်။ သို့သော်လည်း အကျဉ်းချုံးပြီးတော့ ကျွန်မ မပြောတော့ဘဲနဲ့ နည်းနည်းလေးပဲ လုပ်ငန်းစဉ် အမှတ်(၁)ကိုပဲ ကျွန်မပြောပြပါ့မယ်။ လုပ်ငန်းစဉ်အမှတ်(၁)မှာ ၂၀၁၅ ခုနှစ် နောက်ဆုံးထား၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးတွင် အာဆီယံယဉ်ကျေးမှု အမွေအနှစ်နှင့် ဆက်လက်ရှင်သန်ဆဲ အစဉ်အလာများကို ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန် အမျိုးသား အဆင့် ဥပဒေပြဋ္ဌာန်းချက်များ၊ ဒေသဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှု အစီအမံများ တိုးတက် ကောင်းမွန်စေရေးအတွက် ပြုစုရန်ဟု ဖော်ပြထားပါတယ်။

အဲဒီတော့ နောက်တစ်ခုက ကျွန်မတို့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သလို အာဆီယံမှာလည်း ကျွန်မတို့ ယဉ်ကျေးမှုအနုပညာတွေကို ထိန်းသိမ်းကြဖို့၊ တန်ဖိုးထားကြဖို့၊ စောင့်ရှောက်ကြဖို့ မဟာဗျူဟာ၊ နည်းဗျူဟာတွေနဲ့ ချမှတ်ပြီး ဆောင်ရွက်နေတာရှိသလို ကျွန်မတို့ ကမ္ဘာ့ကုလသမဂ္ဂမှာလည်း UNESCO အဖွဲ့ကြီးက လူမျိုးနွယ်တွေရဲ့၊ မျိုးနွယ်စုတွေရဲ့

ရှေးဟောင်းအမွေအနှစ်တွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဓလေ့ထုံးတမ်းစဉ်လာ အမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်တဲ့လုပ်ငန်းတွေကို အလေးအနက်ထားပြီးတော့ ဆောင်ရွက်၊ ဖော်ဆောင်နေကြပြီ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့က ကမ္ဘာကြီးနဲ့လည်း အဆက်အသွယ်မပြတ်၊ ကျွန်မတို့က အာဆီယံမှာလည်း ကျွန်မတို့က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ဥပဒေတွေနဲ့အညီ လုပ်ငန်းစဉ်၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေနဲ့အညီ ကျွန်မတို့နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့လည်း အညီ နောက်တစ်ခါ ဥပဒေရဲ့အခွင့်အရေးကို အားလုံးဟာ တစ်ပြေးညီ ခံစားခွင့်ရှိတယ် ဆိုထားတဲ့အတွက်ကြောင့်လည်း ကျွန်မတို့အားလုံး ရှိရှိသမျှသော (၁၃၅)မျိုးသော လူမျိုးစုအားလုံးမှာ တန်းတူညီမျှအခွင့်အရေးကို ရရှိစေဖို့အတွက် ကျွန်မတို့က ဦးမောင်စောဖြူ ရဲ့ အဆိုဖြစ်တဲ့ ဒီပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့်အနုပညာကောလိပ် ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းကြောင်း အဆိုကို ကျွန်မက လှိုက်လှိုက်လှဲလှဲနဲ့ ပြည်ထောင်စုစိတ်ဓာတ်အပြည့်နဲ့ ကျွန်မက ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ဒုတိယအကြိမ် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒုတိယအကြိမ် ဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကို မိတ်မဆက်တော့ပါဘူးခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ရဲ့ အဆိုနဲ့ ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့နိုင်ငံတော်မှာ တိုးတက်ပြောင်းလဲလျက်ရှိတဲ့ အခြေအနေနှင့်အညီ နိုင်ငံတော်

အဆင့် အခမ်းအနားများမှာလည်းကောင်း၊ ပြည်တွင်းပြည်ပဖြေဖျော်ရေး အခမ်းအနားများမှာလည်းကောင်း၊ အရေးကြီးပုဂ္ဂိုလ် ဖျော်ဖြေရေးများတွင်လည်းကောင်း၊ အခြားသော ဖျော်ဖြေရေးများတွင်လည်းကောင်း တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု အနုသုခုမတို့ကို ရှေ့တန်းတင်ပြီးတော့ မြှင့်တင်ဆောင်ရွက်လျက်ရှိတဲ့ အချိန်အခါမျိုး ဖြစ်ပါတယ်။

ဒါကြောင့်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ လမ်းညွှန်ချက်အရ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိတဲ့ လူမျိုး(၈)မျိုးရဲ့ ယဉ်ကျေးမှု အနုသုခုမများသာမက မျိုးနွယ်စု အနည်းငယ်ရှိတဲ့ လူမျိုးစုများရဲ့ ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ပြီးတော့ နိုင်ငံတော်အဆင့် အခမ်းအနားများမှာ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်လျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ အနုပညာဆိုင်ရာ ဘာသာများ သင်ကြားပြီး တက္ကသိုလ်အဆင့် ဘွဲ့ပေးနိုင်မည့် ယဉ်ကျေးမှုတက္ကသိုလ်များကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုနဲ့ တည်ထောင်ဖွဲ့စည်း ဖွင့်လှစ်ခဲ့ပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာ စတင်ဖွင့်လှစ် ပြီးတော့ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ကို ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရရဲ့ သဘောတူညီချက်နဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(National University Of Arts and Culture) ဟု အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုနှင့် ရုပ်ရှင်ပြဇာတ် ပညာရပ်များကို အဓိကဘာသာရပ်များအနေနဲ့ သင်ကြားပြီး ဝိဇ္ဇာဘွဲ့ (ဂီတ)၊ ဝိဇ္ဇာဘွဲ့ (သဘင်)၊ ဝိဇ္ဇာဘွဲ့ (ပန်းချီ)၊ ဝိဇ္ဇာဘွဲ့(ပန်းပု)၊ ဝိဇ္ဇာဘွဲ့ (ရုပ်ရှင်နှင့်ပြဇာတ်)စသဖြင့် အပ်နှင်းခဲ့ပါတယ်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ကလည်း ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ဘာသာရပ်အသီးသီးနဲ့ ဘွဲ့ရဦးရေဟာ (၁၈၇၃)ဦးကို မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)ဟာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ဘာသာရပ် အသီးသီးနဲ့ ဘွဲ့ရရှိသူဦးရေ (၇၈၉)ဦး မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဘွဲ့လွန် အနုပညာဒီပလိုမာ ဘွဲ့ရရှိသူ(၁၈၄)ဦးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်

(မန္တလေး) မှ (၁၅၉)ဦး တို့ကို မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်နေ့တခြား ကျွန်တော်တို့ ဒီတက္ကသိုလ်တွေမှာ ကျောင်းသားဦးရေဟာ နည်းနည်းလာပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များမှာ (၄)နှစ် ပညာရေးစနစ်ကို ပြောင်းလဲမယ် ဆိုပြီးတော့ လုပ်တဲ့အခါမှာ ဒီကျောင်းသားဦးရေ ပိုနည်းလာမှာ ကျွန်တော်တို့ စိုးရိမ်ပါတယ်။ အဲဒါအတွက် (၄)နှစ်ကြာမှ ဘွဲ့ရမယ့်အစားပေါ့နော်။ ဒုတိယနှစ် အောင်မြင်ပါက (၂)နှစ်နဲ့ ဒီပလိုမာ အပ်နှင်းနိုင်ရန် စီစဉ် ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က ကျောင်းသား၊ ကျောင်းသူ (၄၆၄)ဦး ပညာသင်ကြားလျက် ရှိပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ ကျောင်းသား၊ ကျောင်းသူ (၁၉၁)ဦး ပညာသင်ကြားလျက် ရှိပါတယ်။

ဒါကြောင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူအင်အား တိုးမြှင့်ရရှိရေးအတွက် စည်းရုံးလှုံ့ဆော်ရေး အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ကလေးတစ်ယောက် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးတဲ့အခါမှာ တခြား တက္ကသိုလ်တွေကို တချို့ သေစာ၊ ရှင်စာပေါ့ခင်ဗျာ။ ဘွဲ့တစ်ခုရရင် ဆိုတဲ့အနေနဲ့ သွားကြပေမယ့် ကျွန်တော်တို့ အနုပညာတက္ကသိုလ်များကိုသွားတဲ့ ကလေးတွေက ကိုယ်ကိုယ်တိုင်လည်း ဒီပညာမှာ ဝါသနာပါလို့ဖြစ်စေ၊ မိဘမျိုးရိုးကလည်း ဒီပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုကြလို့ ဖြစ်စေ၊ ဒီလိုကလေးမျိုးမှသာ သွားပါတယ်။ များသောအားဖြင့် မသွားပါဘူး။

ဒါကြောင့်လည်း ကျွန်တော်တို့ ကျောင်းသားဦးရေဟာ နည်းလာတယ်လို့ ကျွန်တော် သုံးသပ်လို့ရပါတယ်။ ရန်ကုန်နဲ့ မန္တလေးမှာသာ ဖွင့်လှစ်နိုင်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူ အလာနည်းခြင်းလည်း ဖြစ်နိုင်ပါတယ်။ အချို့လည်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များ ရှိတယ်ဆိုတာ မသိဘူးဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ Arts and Culture College ယဉ်ကျေးမှုနှင့်အနုပညာ ကောလိပ်ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်မည်ဆိုပါက မြေနေရာ၊ အဆောက်အဦ၊ သင်ကြားမည့် ဆရာ၊ ဆရာမများ၊ အထောက်အကူပြု ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ၊ ယာဉ်၊ စက်ပစ္စည်း၊ ဘဏ္ဍာရေးလိုအပ်ချက် စသည်တို့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်များဟာ ဒီ ဆရာ၊ ဆရာမများကို ရှာတဲ့အခါမှာလည်း တက္ကသိုလ် ဘွဲ့ရဆရာ၊ ဆရာမများအပြင်

ဒီသက်ဆိုင်ရာ အနုပညာဘာသာရပ်မှာ ကျွမ်းကျင်တဲ့လူများလည်း ဖြစ်ရမယ်ဆိုတော့ ကျွန်တော်တို့က တခြားတက္ကသိုလ် ဆရာ၊ ဆရာမများ ရှာတာထက်ကို ပိုပြီးတော့ ရှာရတာ ခက်ပါတယ်။

ဒါကြောင့် သင်ကြားမည့် သင်ရိုးညွှန်းတမ်း ရေးဆွဲရန်နှင့် သင်ကြားမှု အထောက်အကူပစ္စည်းများ ပြည့်စုံစွာရရှိရန်လည်း လိုအပ်နေပါတယ်။ ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် တက်ရောက်မည့် ကျောင်းသူ၊ ကျောင်းသား အင်အား ရရှိရေးသည်လည်း အလွန်ပဲ အရေးကြီးပါတယ်။ သို့ဖြစ်၍ အနုပညာကောလိပ်ကျောင်းများ ဖွင့်လှစ်နိုင်ရေးကိစ္စမှာ အဖက်ဖက်မှ ချင့်ချိန်စဥ်းစားပြီး စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ထို့ကြောင့်ပင် အမျိုးသားယဥ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များနှင့် အနုပညာ အထက်တန်းကျောင်းများတွင် တိုင်းရင်းသားတို့၏ ဂီတ၊ အက၊ သဘင် စသည့်တို့အား သင်ကြားစေခြင်းနည်းလမ်းဖြင့် ထိန်းသိမ်းပြန့်ပွားစေရန် ဆောင်ရွက်လျက်ရှိပါတယ်။

၎င်းအပြင် အမျိုးသားယဥ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် မြန်မာ့ရိုးရာယဥ်ကျေးမှု အကတစ်မျိုးတည်း ကိုသာ သင်ကြားလေ့ကျင့်ပေးတာမဟုတ်ဘဲနဲ့ တိုင်းရင်းသားယဥ်ကျေးမှုများကို သုတေသန ပြုပြီးတော့ သင်ကြားနေတဲ့စနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ထို့ကြောင့်ပင် လတ်တလော အခြေအနေအရ Arts and Culture Collage များကို ပြည်နယ်များတွင် ဖွင့်လှစ်မည့်အစား မြန်မာပြည်၏အထက်ပိုင်းနှင့် အောက်ပိုင်းတွင် ဖွင့်လှစ်ထားတဲ့ အမျိုးသားယဥ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများတွင် တိုင်းရင်းသားရိုးရာ ယဥ်ကျေးမှု အနုပညာသင်ခန်းစာများကို ပိုမိုဖြည့်တင်းပြီး သင်ကြားစေခြင်းဖြင့် ပိုမို၍ အကျိုးသက်ရောက်မှု ရှိနိုင်မည်လို့လည်း ထင်ပါတယ်။ သို့ရာတွင် ယဥ်ကျေးမှုဝန်ကြီးဌာန၏ ကာလ သို့မဟုတ် အနာဂတ်စီမံကိန်း ရည်မှန်းချက်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အနုပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ အနုပညာကောလိပ်များ ဖွင့်လှစ်နိုင်ရေးတို့ ပါဝင်ပါတယ်။ အဲဒီလို ဖွင့်လှစ်နိုင်အောင်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကို မဖြတ်မှ ဖြစ်ပါလိမ့်မယ်။ သို့ဖြစ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အနုပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ အနုပညာကောလိပ်များ ဖွင့်လှစ်နိုင်ရေးတို့အတွက် အချိန်ကာလ ပိုင်းခြား၍ နည်းပြများ စုဆောင်းမှု၊ အဆောက်အဦနဲ့

မြေစုဆောင်းမှု၊ ကျောင်းသားစုဆောင်းမှု၊ သင်ရိုးညွှန်းတမ်း စုဆောင်းမှု၊ ဘဏ္ဍာငွေ တွက်ချက်မှုတို့ကို ဆောင်ရွက်သွားနိုင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများကလည်း မိမိတို့၏တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အနုပညာ အထက်တန်းကျောင်းများ၊ အနုပညာကောလိပ်များ ဖွင့်လှစ်လိုပါကြောင်း အဆိုပြု လာပါကလည်း ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာကောလိပ် (Arts and Culture College) ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၅၀)၊ ကန့်ကွက်(၁၁၄)၊ ကြားနေ(၉)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဦးမောင်စောဖြူ ရဲ့ အဆိုကို အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ) ၏ နိုင်ငံ့ဝန်ထမ်းများအား အရေးယူ အပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့် မရသဖြင့် နစ်နာမှုများ ရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းထားတဲ့ နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း နှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့် မရသဖြင့် နစ်နာမှုများ ရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးခက်ထိန်နန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၂။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ဂါရဝတရားရှေ့ထားပြီးတော့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်ငြိမ်း၊ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ

ကော်မတီရဲ့ နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်း မပြုဘဲ တိုက်ရိုက် ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့်မရသဖြင့် နစ်နာမှုများ ရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတိုချုံးပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းဖြင့် စတင်ချီတက်နေပြီ ဖြစ်ပါတယ်။ ယခင်ခေတ်စနစ်အစိုးရမှ ဒီမိုကရေစီဖြင့် ခေတ်စနစ်အသစ် ပြည်သူတွေ ရွေးကောက်တင်မြှောက်တဲ့ အစိုးရအသစ်အဖြစ် ပြောင်းလဲလာပြီ ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲလာပြီဖြစ်တဲ့အချိန်မှာ နိုင်ငံ့ဝန်ထမ်းများသည်လည်း ဒီမိုကရေစီစနစ်အရ ထုချေဖြေရှင်းတင်ပြခွင့် ရှိရမည် ဖြစ်ပါတယ်။ အပြစ်ကြီးမားတဲ့ တရားခံအဆင့် အပြစ်ရှိတဲ့ လူတွေတောင်မှ ရှေ့နေငှားရမ်းခွင့်၊ ထုချေခွင့် ရှိနေတာကို သိရှိရပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅)၊ ပုဒ်မ ၂၉၀ မှာလည်း ပါပါတယ်။ ဒါကြောင့် ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက် ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့်မရသဖြင့် နစ်နာမှုများ ရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထောက်ခံဆွေးနွေးအပ်ပါတယ်။

**အချိန်၊ ၁၄း၁၄။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ ကြွရောက်လာကြသော ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီး၊ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာကော်မတီမှ ဆရာဦးအောင်ငြိမ်း ၏ တိုက်တွန်းအဆိုပြုချက်ဖြစ်သော နိုင်ငံ့ဝန်ထမ်းများအား အရေးယူ၊ အပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်း မပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများ ထုချေဖြေရှင်းခွင့်မရသဖြင့် နစ်နာမှုများ ရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ယခု ပါတီစုံဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ပြီး ယခင်အစိုးရများလက်ထက်က နိုင်ငံ့ဝန်ထမ်းများအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ ရှိခဲ့ပြီး ဖြစ်ပါသည်။ အခုလည်း ထပ်မံပြီး ပြဋ္ဌာန်းနေပြီ ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၀၈ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းချက်များ စုံလင်စွာပါရှိသည့်အပြင် နိုင်ငံတော်မှ မည်သည့်ဥပဒေဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲချက်ရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များသည်သာ အတည်ဖြစ်ကြောင်းလည်း အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

ဤသို့ ပြဋ္ဌာန်းထားသည့်အပြင် ပုဒ်မ ၃၇၅၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၅ မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ တစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ၃၈၄ မှာတော့ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ ပြဋ္ဌာန်းချက်မှာတော့ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေ အရာတွင် တန်းတူညီမျှ အခွင့်အရေး ရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှ ရယူပိုင်ခွင့် ရှိရမည်လို့ ပြဋ္ဌာန်းထားပါတယ်။

နောက် ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ မှာ နိုင်ငံတော်ဟာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်လို့ ပြောတဲ့အတွက် ကျွန်မတို့

နိုင်ငံတော်ကြီးဟာ မည်သည့်နည်းနဲ့မဆို ဒါဟာ စစ်မှန်ပြီးတဲ့အခါကျတော့ အင်မတန် စည်းကမ်း စနစ်ကျတဲ့ အုပ်ချုပ်ရေးနဲ့ နိုင်ငံတော်ကြီးဖြစ်ဖို့ လိုအပ်ပါတယ်။

နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၀ မှာတော့ နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းနဲ့ အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်လို့ ထပ်မံပြီးတော့ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့လို့ စည်းကမ်းပြည့်ဝပြီး စီမံခန့်ခွဲမှုနဲ့အုပ်ချုပ်ရေးအင်အား တောင့်တင်းသော အစိုးရတစ်ရပ်ဖြစ်ရေး၊ ပြည်သူလူထုရဲ့ အယုံအကြည်များကို တည်ဆောက်နိုင်ရေး၊ ပြည်သူလူထုများ စစ်မှန်တဲ့အခွင့်အရေး၊ ဥပဒေရဲ့ အကာအကွယ်ကို ရရှိနိုင်ရေးအတွက် ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ၏ အဆိုကို ကျွန်မက လေးလေးနက်နက် ထောက်ခံကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၈။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၈။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို လေးစားစွာ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၊ ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီရဲ့ ဝန်ထမ်းဆိုင်ရာ အရေးယူမှု မမျှတတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဆွေးနွေးရတဲ့အကြောင်းကတော့ ဝန်ထမ်းရေးရာနဲ့ပတ်သက်ရင် ကျွန်တော်တို့ ကိုယ်တိုင်ဆောင်ရွက်ခဲ့တဲ့ အစဉ်အလာအရ သိထားတဲ့ နည်းလမ်းတွေနဲ့ အခုလွဲနေတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် အထောက်အထားနဲ့ပဲ ဆွေးနွေးမှာ ဖြစ်ပါတယ်။ နိုင်ငံကောင်းဖို့ ဆိုရင် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်ဆိုတဲ့ အဆိုလည်း ရှိပါတယ်။ ဝန်ထမ်းများကောင်းဖို့ အတွက် ဝန်ထမ်းမှာ စည်းကမ်းဘောင်အတွင်းမှာ၊ ကလနားအတွင်းမှာ နေရတာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဟာ သာမန်ပြည်သူဖြစ်လို့ သာမန်ပြည်သူများလိုက်နာရတဲ့ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရသလို၊ ဝန်ထမ်းဖြစ်ခြင်းကြောင့် ဝန်ထမ်းဆိုင်ရာကျင့်ဝတ် စည်းကမ်းများကိုလည်း လိုက်နာရပါတယ်။ ဒီအပြင် ဌာနဆိုင်ရာ သူ့ရဲ့ ထူးခြားတဲ့ အနေအထား အရ သတ်မှတ်ထားတဲ့ စည်းကမ်းများကိုလည်း လိုက်နာရပါတယ်။ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင် များဟာလည်း၊ ဒါတွေလည်း ဝန်ထမ်းပဲ။

ဒါပေမဲ့ သူတို့မှာ သီးသန့်စည်းကမ်းရှိတယ်။ နိုင်ငံ့ဝန်ထမ်းရဲ့ ဥပဒေလိုက်နာရတယ်။ ဆိုင်ရာတပ်ဖွဲ့ရဲ့ စည်းကမ်းလိုက်နာရတယ်။ ဒါကြောင့် ဝန်ထမ်းများဟာ အလွန်ကျဉ်းမြောင်းတဲ့ ဘောင်ထဲမှာ လှုပ်ရှားရတာဖြစ်တဲ့အတွက်ကြောင့် ဝန်ထမ်းတွေမှာ အခက်အခဲ၊ အကျပ်အတည်း မျိုးစုံ ရှိပါတယ်။ ဝန်ထမ်းအတွက်က မျှော်လင့်ချက်ကတော့ လုပ်သက်ပြည့်၊ သက်ပြည့် အမှုထမ်းချင်ပါတယ်။ ရရှိခွင့်ရှိတဲ့ အခွင့်အရေးအနေနဲ့ ရာထူးတက်တာကို သူတို့ ဆုံးခန်း တိုင်အောင် ခံစားချင်တဲ့ မျှော်လင့်ချက် ရှိပါတယ်။

ဒါကြောင့် ဝန်ထမ်းနဲ့ပတ်သက်ရင် အရေးယူမှုနဲ့ပတ်သက်ရင် ကျွန်တော်တို့မှာ ဒီနေ့အထိအောင် ကိုးကားနေရတာကတော့ ဥက္ကဋ္ဌကြီး သိပါတယ်ခင်ဗျ။ ဒါ နိုင်ငံတော်ကောင်စီ ခေတ်က ထုတ်ခဲ့တဲ့ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲနဲ့ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ ကောက်နုတ်ချက် ဖြစ်ပါတယ်။ စာအုပ်အနီများပါ။ ဒါ ကျွန်တော် ဒါတွေ ပါမလာလို့ ဒါ ဦးစံပြည့် က ကျွန်တော့်ကို မိတ္တူကူးပေးတာ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်လည်း ဒါကို ဟိုတုန်းကတော့ Bible တစ်ခုအနေနဲ့ ဒါကို ကိုင်ပြီးတော့ ဒါ ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော် အုပ်ချုပ်ခဲ့တဲ့တိုင်းက ဝန်ထမ်း(၄၀၀၀၀)ရှိတော့ အတိုင်အတော အမှုအခင်း များပါတယ်။ ဘယ်လောက်ပဲ မနိုင်၊ မနိုင်၊ ဒီအထဲက Procedure ကို ကျွန်တော်တို့ မတိမ်းမစောင်း ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ ဝန်ထမ်းနဲ့ ပတ်သက်လို့ရှိရင် အရေးယူရမယ့် အခါမှာ အခြေခံမှု (၉)ချက် ရှိပါတယ်။ အခြေခံမှု (၉) ချက်ကို ကျွန်တော် အချိန်ငဲ့ကွက်သော အားဖြင့် အရေးကြီးတဲ့ဟာပဲ ထုတ်နုတ်ပြပါ့မယ်။ အပိုဒ်(၄) က ရှင်းလင်းချေပခွင့် လုံလောက်စွာ ပေးရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ထမ်းရဲ့ရှေ့မှာ ကြားနာ စစ်ဆေးရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ထမ်းရဲ့ ရပိုင်ခွင့်များ ဆုံးရှုံးနစ်နာမှု မရှိစေရေးကို ရှေးရှုရမှာ ဖြစ်ပါတယ်။ နောက် စည်းကမ်းထိန်းသိမ်းမှုကို ထိရောက်စေမယ့် ဝန်ထမ်းဆိုင်ရာ

ပြစ်ဒဏ်ကို ပေးရမှာ ဖြစ်ပါတယ်။ ပြစ်မှုနဲ့ ပြစ်ဒဏ် လိုက်လျောညီထွေ ရှိရမှာ ဖြစ်ပြီးတော့ အရေးယူခွင့်၊ အယူခံဝင်ခွင့်၊ ပြင်ဆင်ခွင့်တွေမှာပါ တရားမျှတမှု ရှိရမယ်ဆိုတဲ့ ဖွင့်ဆိုချက် ရှိပါတယ်။ ဝန်ထမ်းဟာ ကျင့်ဝတ်နဲ့ ပတ်သက်လို့ရှိရင် ကျင့်ဝတ်စည်းကမ်း(၁၀)ချက်ကို လိုက်နာရပါတယ်။ အဲဒီကျင့်ဝတ်စည်းကမ်း(၁၀)ချက်နဲ့ ပတ်သက်လို့ ဖောက်ဖျက်မှုရှိခဲ့ရင်၊ ငြိစွန်းမှု ရှိခဲ့ရင် အရေးယူမှု ခံရမှာ ဖြစ်တဲ့အတွက်ကြောင့် ဝန်ထမ်းဆိုင်ရာ ပြစ်မှု မြောက်ပါတယ်။ ဝန်ထမ်းဆိုင်ရာပြစ်မှုများဟာ အုပ်စုအားဖြင့် (၄)စု ရှိပါတယ်။ ပထမအုပ်စုက အလုပ်ချိန်ဆိုင်ရာ စည်းကမ်းများ ဖြစ်ပါတယ်။ အလုပ်ခွင်စည်းကမ်း ဖြစ်ပါတယ်။ ခွင့်စည်းကမ်းတို့၊ အဝေး (Without Leave)တို့ ၊ နောက် အလုပ်ခွင် ကူးပြောင်းချိန်တို့ စသည်ဖြင့် ဒါနဲ့ ပတ်သက်တဲ့ စည်းကမ်းက ပြစ်ချက်က (၅)ချက် ရှိပါတယ်။

နောက်တစ်ခုက တာဝန်ထမ်းဆောင်မှုပိုင်းဆိုင်ရာနဲ့ လုပ်ရည်ကိုင်ရည်ဆိုင်ရာ ပြစ်ချက်က (၄)ခု ရှိပါတယ်။ နောက်တစ်ခုက ကျင့်ဝတ်နဲ့ စည်းကမ်းဆိုင်ရာ ကျင့်ဝတ်ကတော့ ပြစ်ချက်က (၂၁)ချက် ရှိပါတယ်။ နောက်ဆုံးတစ်ခုကတော့ တရားဥပဒေဖောက်ဖျက်ခြင်းနဲ့ ဆိုင်တဲ့ ပြစ်ချက်မျိုးက (၃)ချက် ဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ဝန်ထမ်းမှာ ပြစ်ချက်ပေါင်း (၃၄)ချက် ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဝန်ထမ်းဘဝမှာ အရေးယူတာနဲ့ ပတ်သက်ရင် Concept က ဘာလဲဆိုတော့ ဝန်ထမ်းဘဝတွင် နာလန်မထူ၊ အညွန့်တုံးစေမည့် အပြစ်ပေးခြင်းမျိုး မဖြစ်စေဘဲ ဝန်ထမ်းကောင်းတစ်ဦး ပြန်လည်ဖြစ်လာစေရန် ပြုပြင်ရေးကို ရှေးရှုရမည်ဆိုတဲ့ Concept ရှိပါတယ်။ အဲဒီဟာကို ဆုပ်ကိုင်ပြီး ကျွန်တော်တို့ အရေးယူရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဝန်ထမ်းတစ်ယောက်ကို အရေးယူတော့မယ်ဆိုရင် ဌာနဆိုင်ရာ အရေးယူခြင်း (Departmental of Action) ယူဖို့အတွက် အကျုံးဝင်တဲ့ ကိစ္စ (၂)ခုရှိပါတယ်။ တစ်ခုကတော့ တရားဥပဒေနဲ့ ငြိစွန်းသွားတဲ့အတွက်ကြောင့် တရားရုံးရဲ့ စီရင်ချက်အရ အရေးယူရတာ ရှိပါတယ်။ ပြစ်မှုမြောက်သွားပြီဆိုရင် တရားရုံးက စစ်ဆေးပြီးတာနဲ့ မပြီးသေးပါဘူး။ အပြစ်ဖြစ်တဲ့အခါမှာ ဝန်ထမ်းစည်းမျဉ်းနဲ့လည်း အရေးယူရပါတယ်။ နောက်တစ်ခုက တရားရုံးက တရားရှင်၊ တရားသေ လွှတ်သည်ဖြစ်စေ ဝန်ထမ်းစည်းမျဉ်းနဲ့ ငြိတဲ့အခါမှာလည်း ဒါ ဥပမာအားဖြင့် စာရိတ္တမှုမျိုးဆိုရင် တရားရုံးက အထောက်အထား မခိုင်လုံလို့ လွတ်သွားပေမယ့် ဝန်ထမ်းကတော့ ကျင့်ဝတ်သိက္ခာ ပိုင်းဆိုင်ရာပါတဲ့ အတွက်ကြောင့် အရေးယူရတာ ရှိပါတယ်။

အဲဒီတော့ တရားရုံးစီရင်ချက်အရ အရေးယူ ရတာရှိသလို၊ တရားရုံးစီရင်ချက်အရ လွတ်ပြီးတာတောင်မှ အရေးယူတာတွေ ရှိပါတယ်။ ဒါပေမဲ့ အဲဒီအထဲမှာ အရေးယူတဲ့အခါမှာ တာဝန်က ယာယီရပ်ဆိုင်းထားတယ်။ Suspension လုပ်ထားတယ်။ နောက် ပြစ်မှု ထင်ရှားပြီးတော့ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမယ့်ကိစ္စ ဖြစ်တယ်။ တရားရုံးရဲ့ ပြစ်ချက်အရ၊ ပြစ်မှုအရ ပြစ်ဒဏ်စီရင်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီအချက်(၅)ချက်အရ ကျွန်တော် တို့က အရေးယူသွားတာ ဖြစ်ပါတယ်။ ယာယီရပ်ဆိုင်းတဲ့ ကာလမှာတောင်မှ ရပိုင်ခွင့်ဆိုတာ သူ့မှာ လစာခံစားခွင့်တွေ ရှိပါတယ်။ ရာထူးချလစာလို့ သိထားပါတယ်။ ဒီစာအုပ်တွေ ပြဋ္ဌာန်းတဲ့ ခေတ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဥ်ပါတီ၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ခေတ်က နိုင်ငံတော်ကောင်စီ ထုတ်ပြန်ခဲ့တာပါ။ အားလုံးပြောနေကြတဲ့ တစ်ပါတီအာဏာရှင်၊ ဘာညာ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ခေတ်လို့ ပြောပေမယ့် အဲဒီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ဟာက ဘယ်လောက်အထိအောင် ဝန်ထမ်းနဲ့ပတ်သက်လို့ ကာကွယ်ထားတယ်ဆိုတဲ့ အခွင့်အရေးတွေ ကျွန်တော် ဒီမှာ ဖော်ပြပါမယ်။ ဝန်ထမ်းတစ်ယောက်ကို အရေးယူဖို့ဆိုရင် ရှေးဦးစုံစမ်းမှု ပြုရပါတယ်။ Preliminary Enquiry ဖြစ်ပါတယ်။ PE လို့ ခေါ်ပါတယ်။ ဒါ အားလုံး သိထားကြပါတယ်။

အဲဒီမှာ လုပ်စရာ မလိုတဲ့အချက်ကတော့ (၅)ချက်ရှိပါတယ်။ ပြစ်မှုထင်ရှား နေတာတို့၊ ဝန်ထမ်းကိုယ်တိုင်က ခံယူပါတယ်။ ခံဝန်ချက်ပေးတာတို့ စသည်ဖြင့် ဒါတွေကျတော့ လုပ်စရာ မလိုပါဘူး။ လုပ်ရမယ့် အချက်ကလည်း (၆)ချက်ရှိပါတယ်။ (၆)ချက်ရဲ့ အဓိက အချက် ကတော့ အထောက်အထား ရှာတာပါပဲ။ တိုင်ချက် သို့မဟုတ် ပြစ်မှုဟာ အထောက်အထား ရှိ/မရှိ အထောက်အထားကို ရှာဖွေရုံသာ ဖြစ်တဲ့အတွက်ကြောင့် Enquiry အဆင့်သာရှိတဲ့ အတွက်ကြောင့် ဝန်ထမ်းကို အဲဒီအချိန်မှာ အပြစ်ရှိတယ်လို့ မသုံးသပ်ပါဘူး။ လစာအပြည့် ပေးထားပါတယ်။ ရာထူးမချသေးပါဘူး။ အဲဒါ Enquiry ကိစ္စဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်း ရှိပါတယ်။ ဒါ ဝန်ထမ်းတစ်ယောက်ကို အရေးယူမယ်ဆိုရင် သူ့အတွက် အဆင့်မနိမ့်တဲ့ ပုဂ္ဂိုလ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရမယ်ဆိုတာက ဒါတွေ ကြာမှာစိုးလို့ ကျွန်တော် မပြောတော့ပါဘူး။

အဲဒါပြီးမှ သူက အထောက်အထား ခိုင်လုံတယ်၊ အရေးယူ ထိုက်တယ်လို့ ထောက်ခံတင်ပြတော့မှ DE လို့ခေါ်တဲ့ ဌာနဆိုင်ရာ စစ်ဆေးမှု (Departmental Enquiry) ကို လုပ်တာ ဖြစ်ပါတယ်။ အဲဒီမှာ အချက်(၆)ချက်နဲ့ လုပ်ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ဝန်ထမ်းတစ်ယောက်ကို Procedure အတိုင်းသွားနေတဲ့နေရာမှာ PE လုပ်ရာကနေ DE ကိုလည်း တိုက်ရိုက်ကူးနိုင်တာတွေ ရှိပါတယ်။ ပြစ်မှု ထင်ရှားသွားတယ်၊ ဝန်ထမ်းက ခံဝန်ချက်ပေးတယ် သို့မဟုတ် ရာဇဝတ်မှုနဲ့ ငြိတယ်ဆိုရင်လည်း ဒါ PE လုပ်နေစရာ မလိုတော့ဘဲနဲ့ DE တစ်ခါတည်း လုပ်ရတာတွေလည်း ရှိပါတယ်။ ဒီစာအုပ်ကို ရေးတုန်းကလည်း အင်္ဂလိပ်ခေတ်က လုပ်ခဲ့တဲ့ G-Circular (15)ကို အခြေခံထားတာ ဖြစ်ပါတယ်။ အဲဒီခေတ်ကတည်းက ဒီအခွင့်အရေးတွေ ပါပြီးသား ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က ဖွဲ့စည်းပုံပေးထားတယ်။ လုပ်ထုံးလုပ်နည်း ပေးထားတယ်။ စစ်ဆေးပုံနည်း ပေးထားတယ်။ အချက်ပေါင်း၊ အဆင့်ပေါင်း (၆)ချက်ပေးထားပါတယ်။ အဲဒီ အဆင့်တွေ အကုန်လုံး ကုန်စင်အောင် လိုက်နာပြီးတော့မှ၊ တစ်ဆင့်ပြီး တစ်ဆင့် ပြီးတော့မှ အဲဒီ DE အဖွဲ့၊ ခုံရုံး ဒီ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့က ထောက်ခံတင်ပြတဲ့ ပြစ်ဒဏ်၊ ပြစ်ချက်အရ စီရင်ပိုင်ခွင့်ရှိတဲ့ ဌာနအကြီးအကဲက စီရင်ရတာ ဖြစ်ပါတယ်။

ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ဟာ အဆင့်အားဖြင့် (၉)ဆင့်ပဲ ရှိပါတယ်။ နံပါတ်တစ်က သတိပေးခြင်း၊ သတိပေး တာတော့ နှုတ်နဲ့ သတိပေးတာရှိမယ်၊ ပြင်းထန်စွာ သတိပေးတာရှိမယ်၊ စာဖြင့် သတိပေးတာရှိမယ်။ သတိပေးခြင်း ခံရရင်တော့ ဒီ(၆)လအတွင်းမှာ သူက ဝန်ထမ်းဆိုင်ရာ အခွင့်အရေးကို မရနိုင်တော့ဘူး။ ရာထူးတက်တာ၊ နိုင်ငံခြားကိုသွားဖို့ ထောက်ခံချက်တွေ မရနိုင်တော့ဘူး။ ဒုတိယအဆင့်က နှစ်တိုးရပ်တာဖြစ်ပါတယ်။ Increment ရပ်လိုက်တာ၊ Increment ဒါ လက်ရှိ Increment ကို ရပ်လိုက်တာရှိတယ်။ နောင်လာမယ့် နှစ်တိုးကို ထိခိုက်စေတဲ့ ဖော်ပြရေးသား ခြင်းမျိုးလည်း ရှိနိုင်ပါတယ်။

တတိယအချက်ကတော့ ရာထူးတိုး တာကို ရပ်တာ။ ရာထူးတိုးရမှာ စေ့တဲ့၊ ရာထူးတိုးဖို့ သက်တမ်းစေ့တဲ့ အချိန်ကနေ နောက်ကို ဘယ်နှယ့်နှစ် နောက်ကို ဆုတ်လိုက်တဲ့ သဘော ပါ ပါတယ်။ တပ်မတော်မှာတော့ ဒါ Service Card ဆိုတာလည်း ရှိပါတယ်။ နံပါတ် (၄)ကတော့ လစာနှုန်းအတွင်းမှာ သူ့ကို လစာလျှော့ချတာ။ Scale အတွင်းမှာပဲ လျှော့ချရပါတယ်။

ဥပမာ (၁၀၀၀၀၀-၂၀၀၀-၁၂၀၀၀၀)ရတဲ့ အရာထမ်းတစ်ယောက်ကို အရေးယူမယ် ဆိုရင် သူ (၁၂၀၀၀၀) ရနေရင် (၁၁၀၀၀၀) ကို ချမလား၊ Initial Pay ဖြစ်တဲ့ (၁၀၀၀၀၀)ကို ချမလား၊ သူ့ထက်နိမ့်တဲ့ (၈၀၀၀၀) Scale ကို ချခွင့်မရှိပါဘူး။ လစာနှုန်းထားအတွင်းပဲ လစာ လျှော့ချရပါတယ်။ နံပါတ်(၅)အဆင့်ကတော့ ရာထူးအဆင့် ချတာဖြစ်ပါတယ်။ ဒါကျတော့ ရာထူးချလိုက်ရင် လစာပါ ကျသွားမှာ ဖြစ်ပါတယ်။ သို့သော် ရာထူးချတာတောင်မှ စတင် ခံစားစဥ် ခန့်ထားစဥ်က ရာထူးထက် နိမ့်တဲ့အဆင့်ကို ပေးလို့မရပါဘူး။ အမျိုးအမည် မတူတဲ့ဟာ ပေးလို့ မရပါဘူး။ သင်ကြားရေးဝန်ထမ်းကို ရုံး Staff အဖြစ် ချပစ်လိုက်လို့ မရပါဘူး။ နောက်တစ်ခု ကတော့ ပေးလျော်စေခြင်း။ ဒါကတော့ သူက ငွေကြေးဆိုင်ရာ ပြစ်စွန်းမှု ရှိတယ်။ တာဝန်ရှိ တယ်လို့ သုံးသပ်ရင် ဒါ ပေးလျော်စေရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တာဝန်ချိန် မသတ်မှတ်ဘူး။ ရာထူးချထားတဲ့ကာလ၊ တွဲဖက်ထားတဲ့ကာလတွေကို တာဝန်ချိန် မသတ်မှတ်ဘူးဆိုရင် လစာခံစားခွင့် မရတော့ပါဘူး။

နောက်တစ်ချက်ကတော့ ထုတ်ပယ်တာ ဖြစ်ပါတယ်။ ရာထူးကနေ ထုတ်တာဖြစ်တဲ့ အတွက်ကြောင့် Dismiss လုပ်တာ ဖြစ်ပါတယ်။ Dismiss က သူက လစာမရပေမယ့်၊ ပင်စင်မရ ပေမယ့် ဒီ Gratuity လို့ခေါ်တဲ့ ကရုဏာကြေး ခံစားခွင့် ရှိပါတယ်။ အမြင့်ဆုံးကတော့ ထုတ်ပစ် ခြင်းလို့ခေါ်တဲ့ Remove from Service ဖြစ် ပါတယ်။ မည်သည့် ဝန်ထမ်းဘဝမှ သူခံယူခွင့် မရှိတော့ပါဘူး။ အဲဒါ အမြင့်ဆုံး ဖြစ်ပါတယ်။ အခု ဦးအောင်ငြိမ်း ရဲ့ အဆိုမှာ ပါတဲ့ကိစ္စတွေ အားလုံးဟာ အဲဒီလိုဖြစ်လာတဲ့ ဝန်ထမ်းတွေရဲ့ အသနားခံစာ၊ တိုင်စာတွေ၊ အထောက်အထား တွေမှာ တင်ပြတာဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ အခြေခံဥပဒေမှာပါတဲ့ နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်း ထိန်းသိမ်းခြင်း၊ အမှုထမ်းစဥ် စည်းကမ်းသတ်မှတ်ခြင်း၊ အရေးယူခြင်းများကို ဥပဒေနဲ့အညီ ဆောင်ရွက်ရမည်ဆိုတဲ့ ပုဒ်မ ၂၉၀ ကို ကျော်လွန်ဆောင်ရွက်တယ်လို့ သုံးသပ်လို့ရပါတယ်။ အလားတူ ပုဒ်မ ၂၆(ခ)မှာဖြစ်တဲ့ ဝန်ထမ်းများ အလုပ်ခွင် အာမခံချက်ရရှိရေးဆိုတာနဲ့လည်း ကွဲလွဲနေပါတယ်။ အဲဒီလို ကွဲလွဲတယ် ဆိုရင်တော့ တာဝန်ရှိတဲ့ အရာရှိဟာ အခြေခံဥပဒေနဲ့ ပတ်သက်တဲ့အရာကို မလိုက်နာဘူးလို့ သုံးသပ်လို့ရသလို ဝန်ထမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ မလိုက်နာဘူးလို့ သုံးသပ်လို့ရတဲ့ အတွက်ကြောင့် သူ့မှာ ကြီးလေးသောတာဝန် ရှိနိုင်ပါတယ်။ အဲဒါလေးကို သုံးသပ်ဖို့လိုပါတယ်။

ဦးအောင်ဝင်း၊ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး၊ တိုင်းအဆင့်မှာ ဒါကို သာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး အမိန့်အရ ဆိုပြီးတော့ တယ်လီဖုန်းနဲ့ လှမ်းဖြုတ်တယ်။ ဖြုတ်ပြီးတော့မှ ဒါဖြင့်ရင် ဒီလိုလုပ်လိုက်ပါ။ ပင်စင်ပဲ တင်လိုက်ပါ။ လုပ်သက်ပြည့် ပင်စင် တင် ရပါတယ်။ သို့မဟုတ်ရင် ထုတ်ပစ်မယ်ဆိုတဲ့ အခါကျတော မတင်ချင်ပဲနဲ့ ဆန္ဒမပါဘဲ လုပ်သက် ပြည့်ပင်စင် တင်ရပါတယ်။ Force to Retire ဖြစ်ပါတယ်။ မယူမနေရ ပင်စင်ပေးခြင်း ဆိုတာ ကျွန်တော်တို့ အရေးယူခြင်း(၉)ဆင့်မှာ မပါ ပါဘူး။ ဒါနောက်ပိုင်းဖြစ်လာတဲ့ ကိစ္စတစ်ခုပါ။ အလားတူပဲ အဲဒီလိုပါပဲ ကလောမြို့၊ တောင်ကြီးမြို့နယ်၊ မြေစာရင်းအရာရှိတွေ ဖြစ်ပါတယ်။ မြေစာရင်းအရာရှိတွေ ဖြစ်တဲ့အတွက်ကြောင့်လည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအောက်က ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနကတော့ ကျွန်တော်တို့ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ခေတ်လို့ ပြောတဲ့ တစ်ပါတီ အာဏာရှင်စနစ်က အရာရှိတွေထက်များ လက်သံပြောင် နေသလားဆိုတာတောင် စဉ်းစားရန်သင့်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ခုတွေ့ခဲ့တဲ့ ကိစ္စ တွေကို ထောက်ထားလိုက်ရင် အခြေခံဥပဒေကိုရော၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း များကိုပါ မလိုက်နာတာ တွေ့တဲ့အတွက်ကြောင့် ဒီလိုကိစ္စမျိုးကို ပြန်လည် သုံးသပ် စစ်ဆေးသင့် ပါကြောင်း ဥက္ကဋ္ဌကြီးအား တင်ပြရင်း အဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စု ဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၈။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ အမှတ်(၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ အဆိုကို ရှင်းလင်း တင်ပြခွင့် ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပြည်သူများ ရွေးချယ် တင်မြှောက်တဲ့ ဒီမိုကရေစီအစိုးရအနေနဲ့ နိုင်ငံတော်ကို အဖက်ဖက်မှ အရှိန်အဟုန်ဖြင့်

တိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတဲ့ ကာလ ဖြစ်ပါတယ်။ နိုင်ငံတော်ကို အဖက်ဖက်မှ တိုးတက်အောင် ဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းများဟာ အဓိက အရေးကြီးတဲ့ ကဏ္ဍမှ ပါဝင်သူများဖြစ်ပြီး နိုင်ငံတော်ရဲ့ ယန္တရားကို လည်ပတ်အောင် ဆောင်ရွက်နေရတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများရဲ့ အရည်အသွေး တိုးတက်ရေး၊ ယုံကြည်ချက်၊ ခံယူချက် မြင့်မားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ဓာတ်စည်းကမ်း မြင့်မားရေး၊ လုပ်ငန်းခွင် စနစ်တကျ ရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ စနစ်တကျ မောင်းနှင်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအဆင့်အနေဖြင့် တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်လည်း ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများဥပဒေ ချိုးဖောက်ခြင်း၊ စည်းကမ်းပျက်ယွင်းခြင်း၊ စာရိတ္တပျက်ပြားခြင်း၊ လုပ်ငန်းတာဝန် မကျေပွန်ခြင်း၊ ဌာနဆိုင်ရာ စည်းကမ်း၊ ညွှန်ကြားချက်၊ အမိန့်ဖောက်ဖျက်ခြင်းတို့ရှိလာပါက ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးလက်စွဲပါ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ပြစ်ဒဏ်(၉)မျိုးဖြင့် တိတိကျကျ အရေးယူ အပြစ်ပေးလျက်ရှိပါတယ်။ ဥပဒေနှင့်အညီ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေး အရေးယူခြင်းဖြင့်လည်း ပြတ်ပြတ်သားသား အရေးယူလျက် ရှိပါတယ်။ ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ အခြေခံမူများဖြစ်တဲ့ ဝန်ထမ်းကောင်းဖြစ်စေရေး၊ ဥပဒေကိုနားလည်ပြီး စည်းကမ်းတကျ နေထိုင်တတ်စေရေး၊ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတစေရေး၊ လူညွှန့်တုံးပြီး စိတ်ဓာတ်လုံးဝ ပျက်ပြားသွားစေမယ့် ပြစ်ဒဏ်မျိုး မချမှတ်ရေး၊ ပြစ်ဒဏ်ကျခံပြီးပါက နိုင်ငံနှင့် ဌာနအကျိုးကို ယခင်ကထက် ပိုမိုကြိုးပမ်းသယ်ပိုးစိတ် ရှိလာစေရေး၊ ခံယူချက်မှန်ကန်ပြီး ပိုမိုမြင့်မားလာစေရေး စသည်တို့ကို ဦးတည်ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းများကို အရေးယူဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ ဝန်ထမ်းများရဲ့ စည်းကမ်းနဲ့မညီတဲ့ လုပ်ဆောင်မှုများကို ပေါ်လွင်စေရေးအတွက် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများမှ စစ်ဆေးရေးအဖွဲ့များနဲ့ ဖွဲ့စည်းပြီးတော့ စစ်ဆေးပါတယ်။ စစ်ဆေးတဲ့အခါ စုံစမ်းစစ်ဆေးရေး အဖွဲ့များဖြင့် စနစ်တကျ၊ အချိန်ကုန်၊ ငွေကုန်၊ အပင်ပန်းခံပြီး စစ်ဆေးရ

ပါတယ်။ အချို့သောအမှုများမှာတော့ ကျူးလွန်မှု ပေါ်လွင်ထင်ရှားပါက အချိန်၊ ငွေ၊ လူအင်အား တို့အား ငဲ့ညှာသောအားဖြင့် PE, DE မလုပ်တော့ဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးမှာပဲ တင်ပြဆုံးဖြတ်ပြီး တိုက်ရိုက်ထုတ်ပယ်ခဲ့တဲ့ အမှုများ တချို့ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ နောက်နောင်မှာတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သတ်မှတ်ထားတဲ့ ဝန်ထမ်းကျင့်ဝတ် စည်းကမ်းများပါအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် အဆိုကို မှတ်တမ်းသာတင်ပေးပါရန် တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၃၁။**

**ဥက္ကဋ္ဌ။** ။ ဦးအောင်ငြိမ်း ရဲ့ သဘောထား ပြောပါ။

**အချိန်၊ ၁၄း၃၁။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြတဲ့ အဆိုသည် တကယ့်လက်တွေ့မှာ တကယ်ဝန်ထမ်းတွေဟာ ခံစားနေရတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ နောင် ယခင်ကလည်း ခံစားခဲ့ရတာတွေလည်း ထပ်မံပြီးတော့ တိုင်စာတွေကလည်း အမျိုးမျိုးရောက်ရှိလာတာလည်း ရှိပါတယ်။ ဒါကြောင့် ဒီ ဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဒါ ဆောင်ရွက်နိုင်ဖို့ ဒါ တင်ပြခြင်းဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူသွားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းတဲ့ နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့် မရသဖြင့် နစ်နာမှုများရှိနေပါ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၅၁)၊ ကန့်ကွက်(၁၀)၊ ကြားနေ(၁၇) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးအောင်ငြိမ်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)(အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံမှ တစ်ဆင့် ပေးပို့သည့် အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြန်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်း တင်သွင်းထားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံမှတစ်ဆင့် ပေးပို့သည့် အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြန်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် မှ ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီကနေ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း က ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ကိုယ်စား တင်သွင်းတဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံမှ တစ်ဆင့်ပေးပို့သည့် အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြန်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ အနေဖြင့် စတင်ဖွဲ့စည်းခဲ့တဲ့ ၉-၈-၂၀၁၁ မှစ၍ ၂-၅-၂၀၁၂ ထိ (၉)လတာကာလအတွင်း ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာပေါင်း (၁၆၉၃)စောင်ကို လက်ခံရရှိခဲ့ပြီး၊ အမှုတွဲပေါင်း (၁၀၉၃)စောင်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံကို စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်တကွ တင်ပြ ဖြေရှင်းနိုင်ခဲ့ကြောင်း အဲဒီအမှုတွဲပေါင်း (၁၀၉၃)စောင်အနက်မှ ပြည်ထောင်စု အစိုးရအဖွဲ့သို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ဖို့အတွက် အမှုတွဲ (၄၄၆)ခုကို ပေးပို့ထားခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အမှုတွဲ(၃၆)တွဲရဲ့ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုသာ အကျိုးအကြောင်း ပြန်စာပေးပို့လာကြောင်း ကိုယ်စားလှယ် တော်ကြီး ဦးဉာဏ်လင်း ရဲ့ အဆိုမှာ ဖော်ပြတွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျန်တဲ့အမှုတွဲပေါင်း(၄၁၀)တွဲ အပေါ်တွင် ဘယ်လိုအရေးယူ ဆောင်ရွက်ထား တယ်၊ ဒါမှ မဟုတ်ဘယ်လိုကိစ္စရပ်များ ဖြစ်တယ်ဆိုတာကိုတစ်စုံ တစ်ရာ ဖော်ပြထားတာ မတွေ့ရှိရပါဘူး။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာကော်မတီဆိုင်ရာ ကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့ ၂၇-၇-၂၀၁၂ ရက်စွဲပါ အစီရင်ခံစာ ၁/၂၀၁၂ မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ထံကို စိစစ်သုံးသပ်တင်ပြထားတဲ့ အမှုတွဲပေါင်း (၁၀၉၃)စောင်ကို အမျိုးအစား (၁၆)မျိုး ခွဲခြားဖော်ပြထားတဲ့အထဲမှာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူပတ်သက်နေတဲ့ အမှုတွဲပေါင်း (၃၄၈)တွဲ ရှိပါတယ်။ အဲဒီအထဲမှာ တပ်မတော်ဆိုင်ရာကိစ္စရပ်များ၊ လယ်ယာမြေဆိုင်ရာကိစ္စရပ်များ မပါဝင်သေးပါဘူး။ ဒီစာရင်းအရ နိုင်ငံတော် အစိုးရနဲ့ ပြည်သူများ ပတ်သက်နေတဲ့ အမှုများ၊ ကိစ္စရပ်များဟာ အများဆုံး ဖြစ်နေတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီကို ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် လွှတ်တော်ရဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူတို့၏ ခံစားနေရမှု၊ ဆန္ဒနဲ့ မျှော်လင့်ချက်များကို လက်တွေ့ အကောင်အထည်ဖော်တဲ့နေရာမှာ ကော်မတီအနေနဲ့ ပြည်သူတို့ရဲ့တိုင်ကြားစာနှင့် အသနားခံစာ များကို မြန်နိုင်သလောက် မြန်မြန်အကြောင်းပြန်ကြားပေးဖို့ လိုအပ်ပါတယ်။ သို့မှသာ တိုင်ကြားသူ၊ အသနားခံစာပေးပို့သူ ပြည်သူလူထုအပေါင်းတို့က ဒီကော်မတီအပေါ်မှာ ယုံကြည် အားထား လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ သက်ဆိုင်ရာ မဲဆန္ဒနယ် အသီးသီးမှ ပြည်သူတွေက ရွေးချယ် တင်မြှောက်ပေးလိုက်တဲ့ ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကိုယ်စားလှယ် တစ်ဦးချင်းအနေနဲ့ကော၊ လွှတ်တော်အသီးသီးမှာ ဖွဲ့စည်းထားတဲ့ ကော်မတီများ အနေနဲ့ပါ ပြည်သူလူထုကို အထူးလေးစားဖို့ လိုအပ်ပါတယ်။ ပြည်သူတွေရဲ့ ယုံကြည်လေးစားမှုကို အမြဲခံယူထားဖို့ လိုပါတယ်။ ပြည်သူလူထုရဲ့ လိုအင်ဆန္ဒတွေကို အမြဲဖြည့်ဆည်းပေးနေနိုင်ဖို့လို ပါတယ်။ ပြည်သူတွေရဲ့အသံတွေကို အမြဲဂရုပြုနားထောင်နေဖို့လိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာကော်မတီအနေနဲ့ ပြည်သူတို့က အားကိုးတကြီး တင်ပြလာသည့် တိုင်ကြားစာနှင့် အသနားခံစာများကို လုပ်ထုံးလုပ်နည်းများနဲ့အညီ စိစစ် ဖြေရှင်းရာတွင် အခြားသော အဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရတဲ့အတွက် အခြားသော အဖွဲ့အစည်းများ၊ ဌာနများ၊ အထူးသဖြင့် အမှုတွဲအများစုကို လက်ခံရရှိထားတဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ အမှုကိစ္စများကို အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် ပြန်လည်ပေးပို့နိုင်ဖို့ အလွန် အရေးကြီးပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း တင်သွင်းတဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက် ဖြေရှင်းပေးနိုင်ရန် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌထံမှတစ်ဆင့် ပေးပို့သည့် အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ ကျေးဇူးအားလုံးတင်ပါတယ်။

**အချိန်၊ ၁၄း၃၉။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၉။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ နဲ့ ပြည်ထောင်စုဝန်ကြီးကို အထူးပဲ ဂါရဝတရားဖြင့် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်း ကနေ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပေးပို့လာတဲ့ တိုင်ကြားစာ၊ အသနားခံစာ အမှုတွဲတွေကို အချိန်နှင့် တစ်ပြေးညီ စိစစ်ပေးဖို့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းကို တိုက်တွန်းတဲ့ အဆိုနဲ့ စပ်လျဉ်းပြီး အနည်းငယ်ထောက်ခံသွားမှာ ဖြစ်ပါတယ်။ ဒီ ထောက်ခံရမယ့်အကြောင်း အခြေအနေတွေ

အားလုံး ရှေ့ကပုဂ္ဂိုလ်ကြီးများလည်း ဆွေးနွေးသွားပြီး ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်အနေနဲ့ ဒီအခြေအနေတွေကို အထူးတင်ပြဖို့ မရှိတော့ဘဲနဲ့ အသနားခံစာနဲ့ တိုင်ကြားစာဆိုတဲ့ ကိစ္စက တကယ်ပဲ အောက်ခြေမှာ ဖြစ်ပျက်တဲ့ ပြဿနာများတွေကို ဖြေရှင်းဖို့ ဒီကနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဂုဏ်ရောင်တောက်ပြောင်နေတဲ့ ပြည်သူများ အားကိုးနေတဲ့ ကျွန်တော်တို့ လွှတ်တော်ဆီကိုပို့တဲ့ အမှုတွဲပဲ ဖြစ်ပါတယ်။

ဒီအောက်ခြေ ပြည်သူလူထုတွေအနေနဲ့လည်းပဲ အောက်ခြေမှာ ဖြစ်နေတဲ့ ပြဿနာများ အားလုံးကို မျှော်လင့်ချက်မရှိတော့ဘဲနဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု လွှတ်တော်ကြီးဆီကို ပို့လာတဲ့အချိန်မှာ မျှော်လင့်အားကြီးစွာနဲ့ ပြဿနာကို တရားမျှတစွာ ဖြေရှင်းပေးမယ်လို့ ယုံကြည်ထားပြီးတဲ့ အောက်ခြေအဖွဲ့ အောက်ခြေက ပြည်သူများ ဖြစ်ကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကလည်း ပြည်သူများတို့ရဲ့ ကိုယ်စားလှယ်များ ဖြစ်တဲ့အတွက်ကြောင့် ပြည်သူရဲ့ဆန္ဒကိုလည်း ကျွန်တော်တို့က ဖော်ထုတ်ပေးတဲ့ လွှတ်တော်ကြီး ဖြစ်တယ်။ ပြည်သူရဲ့ မျှော်လင့်ချက်ကိုလည်း ဆောင်ရွက်ပေးရတဲ့ အဖွဲ့အစည်းဖြစ်တဲ့ အတွက်ကြောင့် ဒီအောက်ခြေက တင်ပြထားတဲ့ တိုင်ကြားစာနဲ့ အသနားခံစာကို ကျွန်တော်တို့က ပစ်ပယ်လို့လည်း မရဘူး။ လျစ်လျူရှုလို့လည်း မရဘူး။

နောက် နှောင့်နှေးကြန့်ကြာအောင်လည်း မထားသင့်ဘူးဆိုတာတော့ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ လျစ်လျူရှုပစ်ပယ်မယ်ဆိုရင် ပြည်သူက ကျွန်တော်တို့ကို ယုံကြည်ချက် အပြည့်အဝနဲ့ ကျွန်တော်တို့ကို ကြည်ညိုနေတဲ့အချိန်မှာ ကျွန်တော်တို့က ဒီလို တာဝန်အားဖြင့် အနည်းငယ် ချို့ယွင်းလို့ ပျက်ယွင်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အပေါ်မှာ ယုံကြည်မှု၊ အားကိုးမှု၊ ကြည်ညိုမှုအားနည်းလာမှာလည်း ဖြစ်နိုင်တဲ့အတွက်ကြောင့် ဒီအချက်က အင်မတန် အရေးကြီးတဲ့ ဆောင်ရွက်ချက်တစ်ခုအနေဖြင့် ကျွန်တော်တို့ လွှတ်တော်က ခံယူပြီးမှ ပေးပို့လာတဲ့ အမှုတွဲများ အားလုံးကို အချိန်နဲ့တစ်ပြေးညီ စိစစ်ပြီးပြန်ကြားပေးဖို့ လိုအပ်တယ်ဆိုတဲ့ ဦးဉာဏ်လင်း ရဲ့ အဆိုကိုလေးနက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၂။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၄း၄၂။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝင်ဂန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာ ဆိုင်ရာကော်မတီကို ၉-၈-၂၀၁၁ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ပြီးတော့ ၂၀၁၁ ခုနှစ် ကာလအတွင်းမှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ အနေအထားလေးကို ဦးစွာတင်ပြချင်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့ကို (၉၅)စောင် ကျွန်တော်တို့ ပေးပို့ခဲ့ပြီးတဲ့နောက် ပြန်ကြားတဲ့ အမှုတွဲက (၃၈)စောင် ရှိပါတယ်။

နောက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေကို (၃၃)စောင် ပေးပို့ပြီးတော့ (၈)စောင် ပြန်ကြားလာပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို (၃၁)စောင် ပေးပို့ပြီးတော့ (၁၁)စောင် ပြန်ကြားလာတာကို တွေ့ရပါတယ်။ နောက်ပြီးတော့ ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ် စသည်တို့ထံကို ပေးပို့ခဲ့တဲ့ စုစုပေါင်း (၁၆၇)စောင်အနက်မှာ အတွဲ(၆၀)စောင် ပြန်ကြားလာတဲ့အတွက် (၃၅.၉၃)ရာခိုင်နှုန်း ရှိကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ ၁၇-၁၀-၂၀၁၂ ရက်နေ့အထိ ကျွန်တော်တို့ ဆောင်ရွက်ချက်လေးကို တင်ပြပါမယ်။ ပြည်ထောင်စုအစိုးအဖွဲ့ကို (၃၄၂)စောင် ပေးပို့ခဲ့ရာမှာ (၃)စောင်သာ ပြန်ကြားလာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို (၁၉)စောင်ပေးပို့ရာမှာ (၉)စောင်သာ ပြန်ကြားလာပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ကို (၁)စောင်ပေးပို့ခဲ့ရာမှာ ပြန်ကြားလာခြင်းမရှိသေးတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ (၃၆၂)စောင်အနက် (၁၂)စောင်သာ ပေးပို့လာတဲ့အတွက် (၃.၃၁)ရာခိုင်နှုန်းသာ ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၂ခုနှစ် ၁၇-၁၀-၂၀၁၁ ရက်နေ့အတွင်း ဆောင်ရွက်ခဲ့တဲ့ အခြေအနေကို ပြန်ပြီးတော့ ချုံ့ပြီးတော့ တင်ပြရမယ်ဆိုရင် ပြည်ထောင်စု အစိုးရအဖွဲ့ကို (၄၃၇)စောင် ပေးပို့တဲ့အနက်မှ (၄၁)စောင် ပြန်ကြားလာခဲ့ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနများကို (၃၃)စောင်အနက် (၈)စောင် ပြန်ကြားလာပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို (၃၁)စောင်မှာ (၁၁)စောင် ပြန်လည်ပေးပို့

လာပြီးတော့၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှ (၂၂)စောင်မှာ (၁၁)စောင် ပြန်ကြား လာတာကို တွေ့ရပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ကို (၃)စောင်အနက် ပြန်လည်ဖြေကြား လာခြင်း မရှိသေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်အဖွဲ့အစည်းများပါအဝင် စုစုပေါင်း ၁၇-၁၀-၂၀၁၂ ရက်နေ့ အထိကို စုစုပေါင်း(၅၂၉)စောင်အနက် (၇၂)စောင်သာ ပြန်ကြားလာတဲ့အတွက် (၁၃.၆၁)ရာခိုင်နှုန်းသာ ရှိသေးတဲ့အတွက် ပြန်ကြားဖို့အတွက် (၄၅၇)စောင် ကျန်ရှိနေကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီ ဦးဉာဏ်လင်း တင်သွင်းခဲ့တဲ့ ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာကော်မတီရဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပေးပို့တဲ့အမှုတွဲ များကို အချိန်နှင့်တစ်ပြေးညီစိစစ်ပြန်ကြားပေးရန် အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၄း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၄း၄၅) နာရီတွင် ခေတ္တရပ်နားပြီး (၁၅း၀၀) နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၅း၀၁။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ စပ်လျဉ်းပြီး သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၀၁။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန -၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ အမှတ်(၁)မဲဆန္ဒနယ်မှ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံမှတစ်ဆင့် ပေးပို့တဲ့ အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းသာပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် အဖက်ဖက်မှ တိုးတက်အောင် ဆောင်ရွက်နေသလို ဒီမိုကရေစီစနစ်ရဲ့ အဓိကကျတဲ့ Good Governance and Clean Government ဖြစ်ရန် ဆောင်ရွက်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများရဲ့ တင်ပြစာ၊ တိုင်စာ၊ အသနားခံစာ၊ အကြံပြုစာများကို တာဝန်ပေးချက်အရ သမ္မတရုံးဝန်ကြီးဌာန(၂)အနေနဲ့ အဓိကထား စိစစ်ဆောင်ရွက် ပေးနေပါတယ်။ စိစစ်ဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတထံ တင်ပြလာသောစာများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှစာများ၊ အစိုးရအဖွဲ့ရုံးသို့ ဝင်တဲ့ ဝင်စာများ၊ ပြည်သူ့လွှတ်တော်ကော်မတီများ၊ အမျိုးသားလွှတ်တော်မှ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ ပေးပို့သောစာ (၄၄၆)စောင် အပါအဝင် ၃၁-၁၀-၂၀၁၂ ရက်နေ့အထိ တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာ၊ အကြံပြုစာပေါင်း (၁၇၇၇၅)စောင် ရှိခဲ့ပါတယ်။ အဲဒီစာတွေထဲက အဆင့်မမီ တိုင်စာ(၁၄၅၁)စောင် ဖြစ်ပြီး၊ ပြီးပြတ်တဲ့အမှုက (၁၆၁၆) စောင် ဖြစ်ပါတယ်။ စိစစ်ဆဲ(၅၄၇၁) စောင်နဲ့ စိစစ်ရန်ကျန် (၉၂၃၇)စောင် ရှိပါတယ်။ စိစစ်ပေးခဲ့တဲ့

သက်ဆိုင်ရာဌာနများအနေနဲ့လည်း အကြောင်းအရာ အရေးကြီးမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီမှ ပေးပို့တဲ့ တိုင်ကြားစာ(၄၄၆)စောင်ကို စိစစ်တဲ့အခါ တရားရေးကဏ္ဍမှာ တရားသူကြီးများကို တိုင်ကြားမှုက (၅)မှု၊ တရားစီရင်မှုကို တိုင်ကြားတာက (၁၇)မှု၊ ရှေ့နေများအား တိုင်ကြားမှု (၁)မှု၊ တရားမမှုမှာ မြေမှု(၉၈)မှု၊ ရာဇဝတ်မှုမှာ အလွဲသုံးစားမှု(၁)မှု၊ လူသတ်မှု(၁)မှု၊ မုဒိမ်းမှု (၁)မှု၊ လိမ်လည်မှု(၁)မှုရှိပါတယ်။ လာဘ်ပေးလာဘ်ယူမှု(၁)မှု၊ ဘာသာရေးဆိုင်ရာ (၁၅)မှု၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတိုင်ကြားမှု (၁၈)မှု၊ ဝန်ထမ်းများနှင့်ပတ်သက်ပြီး တိုင်ကြားရာမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ (၉)မှု၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ တိုင်ကြားမှု(၂)မှု၊ စည်ပင်ဝန်ထမ်းများ တိုင်ကြားမှု(၈)မှု၊ ပညာရေးဝန်ထမ်းများ တိုင်ကြားမှု(၁၂)မှုနှင့် အထွေထွေတိုင်ကြားမှု (၂၅၆)မှု ရှိခဲ့ပါတယ်။ ၎င်းတို့ကို စိစစ်၍ ဖြစ်စဉ်မှန်ကန်မှုအလိုက် အရေးယူမှုများ ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ ပေးပို့ခဲ့တဲ့(၄၄၆)စောင်အနက် စိစစ်ပြီးပြတ်လို့ ပြန်ပို့တဲ့ဥစ္စာ (၇၃)စောင် ရှိခဲ့ပါတယ်။ အမျိုးသားလွှတ်တော်သို့ ပြန်ကြားခဲ့ပြီး ဖြစ်ပါတယ်။ ပြီးပြတ်အမှုများ ရရှိလို့ရှိရင်လည်း ဆက်လက်ပေးပို့သွားမည် ဖြစ်ပါတယ်။ အဲဒီ(၄၄၆)စောင်ထဲမှာ အဆင့်မမီတာ (၇)စောင်နဲ့ စိစစ်ရန်ကျန်၊ စိစစ်ဆဲ(၃၆၆)စောင် ရှိပါတယ်။ စိစစ်ဆဲ အကြောင်းအရာများ ကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များထံ ပေးပို့ပြီးတော့ အမြန်ပြီးပြတ်ရေးနှိုးဆော် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတာ ဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့လည်း နှစ်ဦးနှစ်ဖက် မကျေလည်မှုများရှိရင် ဥပဒေကြောင်း အရ အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတရားရုံးများမှာ တရားစွဲဆိုပြီး ရင်ဆိုင်ဖြေရှင်း ကြဖို့ လိုအပ်ပါတယ်။ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒနှင့်အညီ ဖြစ်မလာတိုင်း တိုင်ကြားရင်လည်း ကိုယ့်ဘက်က မမှန်ကန်ရင် စစ်ဆေးစီရင်တဲ့အခါမှာ ဥပဒေနှင့်အညီ အမှန်အတိုင်းသာ

ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ မမှန်မကန် တိုင်ကြားခဲ့ရင် တိုင်ကြားသူကိုသာ ပြန်လည် အရေးယူခံရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်ကြားသူများအနေဖြင့်လည်း အမည်၊ နေရပ် လိပ်စာ၊ တယ်လီဖုန်း ရှိရင်လည်းပဲ ဆက်သွယ်ပြီးတော့ ပြန်ပြီး ပြောနိုင်အောင် ဖုန်းနံပါတ်တွေ ပြည့်စုံစွာနဲ့ ဖြစ်စဉ် အကြောင်းအရာ လိုရင်းအချက်ကို မှန်မှန်ကန်ကန် စနစ်တကျ ရေးသားပေးပို့ကြဖို့ အကြံပြု တင်ပြလိုပါတယ်။ တချို့သော အမှုတွေက ကျွန်တော်တို့ နှစ်နဲ့ချီ စစ်ဆေးလာခဲ့တဲ့အမှုတွေလည်း ဖြစ်ပါတယ်။ အဲဒီ အမှုတွေဟာ ချက်ချင်းမြန်မြန်ဆန်ဆန် လုပ်လို့မရဘူး။ အတွေ့အကြုံအရ နှစ်ပေါင်း(၁၈)နှစ်၊ (၁၉)နှစ်၊ အနှစ်(၂၀)က အမှုတွေပါ ပါနေတာ တွေ့ရပါတယ်။ ဒီလို အမှုတွေကတော့ ကြာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အချိန်အခါမလပ် စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ပေးနေဆဲ ဖြစ်တဲ့အတွက် ဒီအဆိုကိုလည်းပဲ အဆိုကို မှတ်တမ်းသာ တင်ပေးပါရန် တင်ပြအစီရင်ခံအပ် ပါတယ်။

**အချိန်၊ ၁၅း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးဉာဏ်လင်း ရဲ့ ကိုယ်စား ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက သဘောထားပြောဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၀။**

**ဦးအောင်ငြိမ်း( ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)**
။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်ကြားစာကော်မတီအနေနဲ့ ဒီ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက် ဆိုတာနဲ့အညီ ကျွန်တော်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန် ချက်နဲ့အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခု လက်ရှိသမ္မတရုံး ဝန်ကြီးအနေနဲ့ ကလည်းပဲ ဖြေရှင်း ဆောင်ရွက်လျက်ရှိပြီးတော့ ဆက်လက်ဖြေရှင်း ဆောင်ရွက်ပေးမယ်ဆိုတာ သိတဲ့အတွက် မှတ်တမ်းတင်ပေးဖို့ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၅း၁၆။**

**ဥက္ကဋ္ဌ။** ။ မူလအဆိုရှင် ဖြစ်တဲ့ ကော်မတီရဲ့ သဘောထားအရ ဒီအဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၅း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို ၁၈-၁၀-၂၀၁၂ ရက်နေ့ကနေ ယနေ့ ၂၃-၁၁-၂၀၁၂ ရက်နေ့အတွင်း (၁၅)ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ပဉ္စမပုံမှန်အစည်းအဝေး များမှာ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်း များကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍမှာ လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြ မေးခွန်း(၆၇)ခုနှင့် ကြယ်ပွင့်မပြ မေးခွန်း (၁၀၅ )ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးကအဆို (၁၆)ခု တင်သွင်းခဲ့ရာ ၂၁-၁၁-၂၀၁၂ ရက်နေ့အထိ အဆို (၆)ခု အတည်ဖြစ်ပြီး အဆို (၅)ခု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ယနေ့ဆွေးနွေးတဲ့ အဆို(၅)ခုအနက် အဆို(၂)ခု အတည် ဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်းအတည်ဖြစ်တဲ့အဆို (၈)ခုနဲ့ အဆို(၆)ခုကို မှတ်တမ်းတင်နိုင်ခဲ့ ပါတယ်။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားစီမံကိန်းရေးရာကော်မတီရဲ့ (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ) လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လည်းကောင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကိုလည်းကောင်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကိုလည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့တဲ့ မေးခွန်းများ၊ တင်သွင်းခဲ့တဲ့ အဆိုများ၊ ပေးပို့ခဲ့တဲ့ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာနဲ့ ပထမ၊ ဒုတိယ၊ တတိယ နှင့် စတုတ္ထပုံမှန် အစည်းအဝေးများမှာ

သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရန် ကျန်ရှိတဲ့ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကိုလည်းကောင်း လွှတ်တော်က အတည်ပြုနိုင်ခဲ့ပါတယ်။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍမှာ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပေးပို့တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ ၁၉-၁၀-၂၀၁၂ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၅-၁၁-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ၆-၁၁-၂၀၁၂ ရက်နေ့တွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၁၅-၁၁-၂၀၁၂ ရက်နေ့၌ အဆိုတင်သွင်းခဲ့ပါတယ်။ ယင်းနေ့၌ပင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းကော်မတီ က ၉.၁၁.၂၀၁၂ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဆွေးနွေးနိုင်ကြောင်း အမည်စာရင်း တောင်းခံထားပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ၃-၈-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တဲ့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၆-၉-၂၀၁၂ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်နဲ့စပ်လျဉ်းပြီး ၇-၁၁-၂၀၁၂ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးရဲ့ ဆွေးနွေးချက်ကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

မျိုးသားလွှတ်တော်က အတည်ပြုပြီး ၃၁-၇-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တဲ့ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့် သဘောၤလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို

ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၈-၁၀-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကို အမျိုးသား လွှတ်တော်၌ ၂၆-၁၀-၂၀၁၂ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ၂၁-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တဲ့ မြေသိမ်း(သတ္တုတွင်းများ)အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၈-၁၀-၂၀၁၂ ရက်နေ့မှာ အမျိုးသား လွှတ်တော် အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကို အမျိုးသားလွှတ်တော်မှာ ၂၆-၁၀-၂၀၁၂ ရက်နေ့မှာ အတည်ပြုခဲ့ ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ၈-၈-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့တဲ့ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကာကွယ်ရေး အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၈-၁၀-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြန်လည် ပေးပို့လာပါတယ်။ ယင်းဥပဒေကို အမျိုးသားလွှတ်တော်က ၂၆-၁၀-၂၀၁၂ ရက် နေ့မှာ အတည်ပြုခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ၈-၈-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တဲ့ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာစနစ်တကျ လွှဲပြောင်းပေးရေးနဲ့ အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက် ဆန့်ကျင်ခြင်းမှ ကာကွယ်တဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း ကို ပြည်သူ့လွှတ်တော်က ၁၈-၁၀-၂၀၁၂ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ၆-၁၁-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို အမျိုးသား လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ် ရှိပါက ဆွေးနွေးနိုင်ကြောင်း စာရင်း တောင်းခံထားပါတယ်။

အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ၂၆-၇-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တဲ့ တိုင်းရင်းဆေးကောင်စီ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၃၁-၁၀-၂၀၁၂ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ၆-၁၁-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အမျိုးသား လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးမည့် ကိုယ်စားလှယ်စာရင်း တောင်းခံထားပါကြောင်း အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်(၁၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ပထမအကြိမ်အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၅ း၁၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ လာမယ့် ဇန်နဝါရီလ ၆ ရက် နေ့အထိ သာမန်အားဖြင့် အမျိုးသားလွှတ်တော် ခေါ်ယူရန် မရှိကြောင်း၊ မရှိသေးကြောင်း အသိပေးအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံး ကျန်းမာချမ်းသာ ဘေးမသီ ရန်မခဘဲနဲ့ မိမိလိုရာခရီးပန်းတိုင် ရောက်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅ း၁၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]